| | ၃ | သစ်တော | ၁၄၂,၆၄၉.၅ | ၅၈,၇၂၆.၈ | -၅၈.၈ | ၇၂,၆၇၄.၅ | ၈၃,၁၅၀.၃ | ၁၁၄.၄ | ၄၁.၆ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၅,၀၆၃,၆၆၆.၀** | **၂၇,၉၄၀,၉၂၀.၇** | **၁၁.၅** | **၃၂,၇၅၃,၈၂၁.၇** | **၃၂,၈၂၈,၇၄၅.၃** | **၁၀၀.၂** | **၁၇.၅** |
| | ၁ | စွမ်းအင် | ၃,၆၈၇,၅၁၆.၁ | ၂,၆၆၉,၉၆၁.၃ | -၂၇.၆ | ၃,၀၄၄,၁၄၅.၇ | ၃,၄၂၂,၇၈၅.၀ | ၁၁၂.၄ | ၂၈.၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၅၉,၉၈၁.၈ | ၈၃၅,၂၇၉.၅ | ၉.၉ | ၇၂၃,၆၆၈.၁ | ၉၀၂,၀၂၅.၃ | ၁၂၄.၆ | ၈.၀ |
| | ၃ | စက်မှုလက်မှု | ၁၅,၁၃၀,၄၃၆.၇ | ၁၈,၁၈၉,၃၉၇.၂ | ၂၀.၂ | ၂၁,၈၁၅,၅၂၆.၈ | ၂၁,၅၇၅,၉၂၀.၇ | ၉၈.၉ | ၁၈.၆ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၀၃၀,၈၃၆.၉ | ၁,၁၁၂,၃၆၅.၆ | ၇.၉ | ၁,၂၅၃,၄၇၀.၉ | ၁,၂၀၇,၁၅၀.၁ | ၉၆.၃ | ၈.၅ |
| | ၅ | ဆောက်လုပ်မှု | ၄,၄၅၄,၈၉၄.၅ | ၅,၁၃၃,၉၁၇.၁ | ၁၅.၂ | ၅,၉၁၇,၀၁၀.၂ | ၅,၇၂၀,၈၆၄.၂ | ၉၆.၇ | ၁၁.၄ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၈,၁၈၃,၅၁၈.၄** | **၃၁,၅၀၅,၄၆၈.၂** | **၁၁.၈** | **၃၆,၇၇၀,၇၂၅.၇** | **၃၆,၅၁၅,၇၁၀.၄** | **၉၉.၃** | **၁၅.၉** |
| | ၁ | ပို့ဆောင်ရေး | ၈,၂၃၉,၆၅၂.၈ | ၈,၉၄၄,၅၀၅.၅ | ၈.၆ | ၉,၉၈၂,၉၉၄.၇ | ၁၀,၀၀၃,၈၁၀.၃ | ၁၀၀.၂ | ၁၁.၈ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၁၂,၂၇၁.၁ | ၁,၆၃၈,၈၉၉.၇ | ၈.၄ | ၁,၇၆၀,၉၉၃.၂ | ၁,၇၈၅,၀၈၄.၅ | ၁၀၁.၄ | ၈.၉ |
| | ၃ | ငွေရေးကြေးရေး | ၁၇၃,၄၀၁.၉ | ၂၃၉,၈၀၄.၄ | ၃၈.၃ | ၂၂၈,၉၁၄.၈ | ၂၉၇,၈၉၇.၄ | ၁၃၀.၁ | ၂၄.၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂,၆၈၆,၇၄၃.၅ | ၂,၈၀၆,၄၂၈.၆ | ၄.၅ | ၂,၉၂၈,၆၃၃.၇ | ၂,၉၂၀,၄၄၇.၂ | ၉၉.၇ | ၄.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၈၁၂,၁၀၈.၀ | ၂,၁၅၉,၀၃၇.၁ | ၁၉.၁ | ၂,၇၀၅,၂၄၄.၁ | ၂,၇၁၈,၈၀၀.၅ | ၁၀၀.၅ | ၂၅.၉ |
| | ၆ | ကုန်သွယ်မှု | ၁၃,၇၅၉,၁၄၁.၁ | ၁၅,၇၁၆,၇၉၂.၉ | ၁၄.၂ | ၁၉,၁၆၃,၉၂၅.၂ | ၁၈,၇၈၉,၆၅၀.၅ | ၉၈.၀ | ၁၉.၆ |
| | | **ပါဝင်မှုအချိုးအစား (%)** | | | | | | | |
| | | လယ်ယာကဏ္ဍကြီး | ၂၆.၈ | ၂၅.၅ | | ၂၃.၈ | ၂၃.၃ | | |
| | | စက်မှုကဏ္ဍကြီး | ၃၄.၅ | ၃၅.၀ | | ၃၅.၉ | ၃၆.၃ | | |
| | | ဝန်ဆောင်မှုကဏ္ဍကြီး | ၃၈.၇ | ၃၉.၅ | | ၄၀.၃ | ၄၀.၄ | | |

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ဇယား ( ၂-၃ )

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(နှစ်အလိုက်ဈေးနှုန်းအရ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမှန်) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်း ရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု မတ်လကုန်(ယာယီ) | | |
| | | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင်ပြည်နယ် | ၁,၄၆၃,၂၀၆.၂ | ၁,၅၈၀,၀၂၀.၆ | ၈.၀ | ၁,၆၅၃,၉၆၂.၇ | ၁,၇၁၁,၅၆၀.၀ | ၁၀၃.၅ | ၈.၃ |
| ၂ | ကယားပြည်နယ် | ၂၅၅,၈၂၆.၇ | ၂၈၄,၂၁၆.၉ | ၁၁.၁ | ၃၀၁,၉၉၁.၅ | ၃၀၉,၀၁၅.၃ | ၁၀၂.၃ | ၈.၇ |
| ၃ | ကရင်ပြည်နယ် | ၁,၂၉၇,၈၄၂.၃ | ၁,၄၄၀,၇၈၉.၃ | ၁၁.၀ | ၁,၆၅၅,၆၀၃.၉ | ၁,၆၂၉,၁၆၄.၇ | ၉၈.၄ | ၁၃.၁ |
| ၄ | ချင်းပြည်နယ် | ၂၇၇,၉၉၁.၄ | ၃၄၆,၂၁၂.၅ | ၂၄.၅ | ၃၉၃,၂၀၁.၄ | ၃၇၄,၇၁၉.၂ | ၉၅.၃ | ၈.၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈,၂၇၀,၁၂၀.၂ | ၉,၄၂၁,၉၂၉.၀ | ၁၃.၉ | ၁၀,၈၂၁,၂၁၁.၈ | ၁၀,၇၁၆,၃၅၁.၀ | ၉၉.၀ | ၁၃.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၃၆၃,၂၂၁.၈ | ၃,၃၇၀,၇၉၉.၇ | ၀.၂ | ၃,၆၄၇,၂၄၉.၂ | ၃,၈၇၇,၅၂၇.၂ | ၁၀၆.၃ | ၁၅.၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၉၅၁,၇၇၂.၄ | ၆,၆၆၁,၉၈၈.၁ | ၁၁.၉ | ၇,၅၁၅,၇၂၄.၅ | ၇,၄၅၃,၄၁၄.၈ | ၉၉.၂ | ၁၁.၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၆,၅၆၃,၃၄၇.၅ | ၇,၁၁၈,၅၄၅.၂ | ၈.၅ | ၈,၂၅၆,၄၈၂.၈ | ၇,၄၄၇,၈၁၉.၇ | ၉၀.၂ | ၄.၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၇,၅၅၃,၁၆၉.၃ | ၈,၄၉၄,၄၄၃.၄ | ၁၂.၅ | ၉,၇၅၉,၉၇၇.၇ | ၉,၇၀၆,၆၁၄.၈ | ၉၉.၅ | ၁၄.၃ |
| ၁၀ | မွန်ပြည်နယ် | ၂,၈၇၇,၁၈၈.၆ | ၃,၂၂၁,၈၇၈.၅ | ၁၂.၀ | ၃,၅၉၃,၂၆၈.၈ | ၃,၆၃၄,၅၄၇.၆ | ၁၀၁.၁ | ၁၂.၈ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၅၁၂,၀၈၉.၃ | ၃,၅၃၄,၃၉၅.၈ | ၀.၆ | ၃,၉၈၇,၃၇၀.၂ | ၃,၉၃၅,၅၉၂.၈ | ၉၈.၇ | ၁၁.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၆,၅၀၅,၂၄၀.၉ | ၁၈,၉၅၂,၁၄၂.၁ | ၁၄.၈ | ၂၂,၄၀၀,၉၆၄.၁ | ၂၂,၃၂၄,၁၂၈.၇ | ၉၉.၇ | ၁၇.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၃၈၅,၅၁၆.၃ | ၄,၇၆၆,၀၈၃.၆ | ၈.၇ | ၅,၄၂၂,၁၁၀.၅ | ၅,၃၁၉,၉၄၃.၈ | ၉၈.၁ | ၁၁.၆ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈,၈၃၃,၈၀၃.၄ | ၈,၈၄၉,၆၀၅.၄ | ၀.၂ | ၁၀,၀၃၀,၂၆၃.၆ | ၁၀,၁၀၃,၁၅၆.၀ | ၁၀၀.၇ | ၁၄.၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၆၀၃,၆၈၄.၉ | ၁,၇၁၇,၀၄၆.၄ | ၇.၁ | ၁,၈၈၀,၀၅၀.၀ | ၁,၉၀၇,၃၉၃.၅ | ၁၀၁.၅ | ၁၁.၁ |

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ဇယား ( ၂-၄ )

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍကြီးများအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမှန်) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | စီမံကိန်း ရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု မတ်လကုန်(ယာယီ) | | |
| | | | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၆,၄၇၆,၂၂၅.၁** | **၅၉,၇၈၇,၁၂၈.၅** | **၅.၉** | **၆၃,၈၄၃,၀၃၉.၀** | **၆၃,၈၂၇,၉၁၈.၆** | **၁၀၀.၀** | **၆.၈** |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၁၆,၃၀၆,၁၇၇.၉** | **၁၆,၂၃၀,၉၃၂.၄** | **-၀.၅** | **၁၇,၀၅၈,၆၂၄.၅** | **၁၆,၄၃၉,၂၅၇.၃** | **၉၆.၄** | **၁.၃** |
| | ၁ | လယ်ယာ | ၁၁,၃၅၇,၄၁၃.၂ | ၁၁,၂၆၁,၆၆၀.၅ | -၀.၈ | ၁၁,၉၃၆,၂၆၂.၅ | ၁၁,၂၇၂,၉၂၂.၂ | ၉၄.၄ | ၀.၁ |
| | ၂ | သားငါး | ၄,၈၂၀,၃၃၄.၈ | ၄,၉၁၇,၆၁၈.၂ | ၂.၀ | ၅,၀၆၁,၇၂၆.၆ | ၅,၀၉၉,၅၀၁.၉ | ၁၀၀.၇ | ၃.၇ |
| | ၃ | သစ်တော | ၁၂၈,၄၂၉.၉ | ၅၁,၆၃၃.၇ | -၅၉.၈ | ၆၀,၆၃၅.၄ | ၆၆,၈၃၃.၂ | ၁၁၀.၂ | ၂၉.၄ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၁၆,၉၆၂,၇၅၇.၁** | **၁၈,၄၇၆,၇၅၂.၀** | **၈.၉** | **၂၀,၂၀၃,၁၉၁.၃** | **၂၀,၂၁၆,၃၆၄.၃** | **၁၀၀.၁** | **၉.၄** |
| | ၁ | စွမ်းအင် | ၈၈,၃၆၆.၉ | ၈၂,၀၇၇.၁ | -၇.၁ | ၈၀,၂၂၀.၀ | ၉၂,၆၃၇.၇ | ၁၁၅.၅ | ၁၂.၉ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၁၂,၂၂၆.၇ | ၅၇၂,၀၄၉.၁ | ၁၁.၇ | ၅၅၄,၈၀၇.၀ | ၆၄၃,၈၇၄.၄ | ၁၁၆.၁ | ၁၂.၆ |
| | ၃ | စက်မှုလက်မှု | ၁၂,၄၉၆,၂၃၁.၂ | ၁၃,၆၅၉,၂၅၁.၃ | ၉.၃ | ၁၅,၁၆၁,၆၂၄.၁ | ၁၅,၀၆၀,၂၈၂.၀ | ၉၉.၃ | ၁၀.၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၁၆,၂၈၂.၅ | ၇၇၃,၄၅၉.၂ | ၈.၀ | ၈၅၃,၄၀၈.၈ | ၈၂၂,၀၁၄.၃ | ၉၆.၃ | ၆.၃ |
| | ၅ | ဆောက်လုပ်မှု | ၃,၁၄၉,၆၄၉.၈ | ၃,၃၈၉,၉၁၅.၃ | ၇.၆ | ၃,၅၅၃,၁၃၁.၄ | ၃,၅၉၇,၅၅၅.၉ | ၁၀၁.၃ | ၆.၁ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၃,၂၀၇,၂၉၀.၁** | **၂၅,၀၇၉,၄၄၄.၁** | **၈.၁** | **၂၆,၅၈၁,၂၂၃.၂** | **၂၇,၁၇၂,၂၉၇.၀** | **၁၀၂.၂** | **၈.၃** |
| | ၁ | ပို့ဆောင်ရေး | ၇,၁၃၃,၃၇၄.၆ | ၇,၆၆၅,၀၇၅.၂ | ၇.၅ | ၈,၁၅၃,၆၉၃.၆ | ၈,၂၆၁,၅၈၀.၂ | ၁၀၁.၃ | ၇.၈ |
| | ၂ | ဆက်သွယ်ရေး | ၂,၆၃၉,၃၇၉.၈ | ၂,၉၃၈,၉၇၂.၃ | ၁၁.၄ | ၂,၉၅၄,၅၈၅.၃ | ၃,၂၇၄,၃၆၇.၁ | ၁၁၀.၈ | ၁၁.၄ |
| | ၃ | ငွေရေးကြေးရေး | ၂၂၃,၇၇၅.၅ | ၃၀၉,၄၆၇.၇ | ၃၈.၃ | ၂၉၅,၄၄၀.၉ | ၃၈၄,၄၃၆.၅ | ၁၃၀.၁ | ၂၄.၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၀၆,၅၆၉.၀ | ၁,၅၇၃,၆၂၈.၇ | ၄.၅ | ၁,၆၄၁,၈၃၇.၈ | ၁,၆၃၇,၉၀၄.၁ | ၉၉.၈ | ၄.၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၁,၄၁၇,၉၄၂.၃ | ၁,၅၉၀,၄၃၃.၇ | ၁၂.၂ | ၁,၇၈၀,၉၅၂.၇ | ၁,၇၈၇,၂၆၈.၅ | ၁၀၀.၄ | ၁၂.၄ |
| | ၆ | ကုန်သွယ်မှု | ၁၀,၂၈၆,၂၄၈.၉ | ၁၁,၀၀၁,၈၆၆.၅ | ၇.၀ | ၁၁,၇၅၄,၇၁၂.၉ | ၁၁,၈၂၆,၇၄၀.၆ | ၁၀၀.၆ | ၇.၅ |

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ဇယား ( ၂-၅ )

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်စျေးနှုန်းအရ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (အမှန်) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်း ရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု မတ်လကုန်(ယာယီ) | | |
| | | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | တန်ဖိုး (ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင်ပြည်နယ် | ၁,၁၀၂,၈၇၉.၆ | ၁,၁၄၆,၅၃၇.၇ | ၄.၀ | ၁,၁၉၆,၇၉၉.၉ | ၁,၂၁၂,၂၃၃.၆ | ၁၀၁.၃ | ၅.၇ |
| ၂ | ကယားပြည်နယ် | ၂၀၄,၈၄၉.၆ | ၂၁၆,၈၂၀.၈ | ၅.၈ | ၂၁၄,၂၇၀.၄ | ၂၂၄,၄၈၈.၉ | ၁၀၄.၈ | ၃.၅ |
| ၃ | ကရင်ပြည်နယ် | ၁,၀၆၃,၀၃၅.၆ | ၁,၁၃၆,၁၄၉.၆ | ၆.၉ | ၁,၂၁၅,၇၁၁.၄ | ၁,၂၃၃,၁၀၈.၅ | ၁၀၁.၄ | ၈.၅ |
| ၄ | ချင်းပြည်နယ် | ၂၀၈,၇၃၇.၁ | ၂၄၂,၈၂၆.၅ | ၁၆.၃ | ၂၅၄,၉၂၉.၀ | ၂၅၁,၂၅၆.၆ | ၉၈.၆ | ၃.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၈၃၀,၈၅၂.၂ | ၇,၃၅၆,၂၇၁.၁ | ၇.၇ | ၇,၈၈၉,၈၇၉.၅ | ၇,၉၄၅,၈၉၉.၆ | ၁၀၀.၇ | ၈.၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၀၃၄,၆၉၁.၄ | ၂,၁၁၇,၇၅၅.၂ | ၄.၁ | ၂,၂၁၈,၄၈၉.၂ | ၂,၂၇၉,၂၂၅.၈ | ၁၀၂.၇ | ၇.၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၉၁၃,၅၈၂.၆ | ၅,၂၁၅,၅၁၉.၈ | ၆.၁ | ၅,၄၉၀,၇၃၅.၉ | ၅,၅၄၁,၂၈၂.၈ | ၁၀၀.၉ | ၆.၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၃၃၁,၈၁၅.၆ | ၅,၄၇၀,၆၇၀.၆ | ၂.၆ | ၅,၉၃၈,၇၆၄.၈ | ၅,၃၉၉,၁၂၃.၃ | ၉၀.၉ | -၁.၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၃၂၇,၇၂၈.၈ | ၆,၇၁၁,၅၅၉.၇ | ၆.၁ | ၇,၂၃၇,၀၉၅.၉ | ၇,၂၇၇,၉၂၆.၉ | ၁၀၀.၆ | ၈.၄ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၉၆,၅၀၀.၈ | ၂,၅၄၇,၃၁၇.၈ | ၆.၃ | ၂,၆၇၉,၇၆၀.၉ | ၂,၇၂၈,၁၇၆.၆ | ၁၀၁.၈ | ၇.၁ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၀၄၅,၀၈၉.၀ | ၂,၁၀၉,၂၀၁.၈ | ၃.၁ | ၂,၂၀၉,၉၁၁.၅ | ၂,၁၈၆,၇၀၁.၈ | ၉၈.၉ | ၃.၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၃,၄၀၆,၀၈၂.၀ | ၁၄,၅၅၇,၅၅၇.၀ | ၈.၆ | ၁၅,၆၅၃,၇၀၈.၄ | ၁၅,၉၀၇,၆၅၅.၈ | ၁၀၁.၆ | ၉.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၅၆၆,၅၄၁.၈ | ၃,၇၁၀,၇၂၄.၁ | ၄.၀ | ၃,၉၄၅,၅၄၅.၄ | ၃,၉၂၆,၉၇၄.၈ | ၉၉.၅ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၈၁၀,၇၇၈.၉ | ၅,၉၆၇,၃၈၆.၃ | ၂.၇ | ၆,၃၃၄,၄၅၀.၄ | ၆,၃၂၅,၆၈၆.၈ | ၉၉.၉ | ၆.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၃၃,၀၆၀.၁ | ၁,၂၈၀,၈၁၀.၅ | ၃.၉ | ၁,၃၆၂,၉၈၆.၄ | ၁,၃၈၈,၁၇၆.၈ | ၁၀၁.၈ | ၈.၄ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

**လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၃.၃၈၈ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉၁၇ သန်း ဖြစ်ရာ တစ်နှစ်အတွင်း လူဦးရေ ၀.၄၇ သန်း တိုးတက်ခဲ့ပါသည်။ အမျိုးသားဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၅.၆၅ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၄၅ သန်း ဖြစ်ရာ ၀.၂၀ သန်း၊ အမျိုးသမီးဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၇.၇၄ သန်း ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇.၄၇ သန်း ဖြစ်ရာ ၀.၂၇ သန်း အသီးသီးတိုးတက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ လူဦးရေ တိုးတက်မှုနှုန်းမှာ ၀.၈၉ ရာခိုင်နှုန်း ဖြစ်ပါ သည်။

**လူဦးရေသိပ်သည်းမှု**။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၉ ဦး ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်စတုရန်း ကီလိုမီတာလျှင် ၇၈.၂ ဦး ဖြစ်ပါ သည်။

**မြို့ပြလူဦးရေ**။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅.၅၆၀ သန်း ရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၅.၇၆၃ သန်း ဖြစ်ပါသည်။

**ကျေးလက်လူဦးရေ**။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇.၃၅၇ သန်းရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် ၃၇.၆၂၅ သန်း ဖြစ်ပါသည်။

**အာဆီယံဒေသတွင်း နိုင်ငံများနှင့် လူဦးရေအရွယ်အစား နှိုင်းယှဉ်ချက်**။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ ၆၄၂.၇ သန်းတွင် ၈.၃ ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း) တို့တွင် အဆင့် (၅) နေရာတွင် ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းတို့၏ နောက်တွင် ရပ်တည်နေပါသည်။

**မှီခိုသူအချိုး**။ သက်ကြီး ၆၅ နှစ် အထက်နှင့် သက်ငယ် ၁၄ နှစ် အောက် မှီခိုသူနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၀ ရာခိုင်နှုန်း ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၁.၆ ရာခိုင်နှုန်း ဖြစ်ရာ ၀.၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းတွေ့ရှိရပါသည်။ သက်ကြီး ၆၀ နှစ် အထက်နှင့် သက်ငယ် ၁၄ နှစ် အောက်မှီခိုသူနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၀.၂ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၉.၉ ရာခိုင်နှုန်းဖြစ်ရာ ၀.၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။

**လုပ်သားအင်အား**။ ၂၀၁၇ ခုနှစ်၊ လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာအရ အလုပ်လုပ်ကိုင်နိုင် သော အသက်အပိုင်းအခြားရှိသူဦးရေ ၃၆.၃၉၄ သန်းတွင် လုပ်သားအင်အားအနေဖြင့် ၂၂.၃၈၉ သန်း ရှိပြီး အမျိုးသား ၁၂.၉၅၅ သန်း နှင့် အမျိုးသမီး ၉.၄၃၄ သန်း ပါဝင်ပါသည်။ လုပ်သားအင်အား

ပါဝင်မှုနှုန်းမှာ ၆၁.၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသား ၇၈.၀ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၇.၇ ရာခိုင်နှုန်း ရှိပါသည်။

**အလုပ်လက်ရှိ။** အလုပ်လက်ရှိဦးရေမှာ ၂၁.၉၁၂ သန်း ရှိပြီး၊ အမျိုးသား ၁၂.၇၅၇ သန်းနှင့် အမျိုးသမီး ၉.၁၅၅ သန်းတို့ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။

**အလုပ်လက်မဲ့။** အလုပ်လက်မဲ့ဦးရေမှာ ၀.၄၇၇ သန်းရှိပြီး၊ အမျိုးသား ၀.၁၉၇ သန်းနှင့် အမျိုးသမီး ၀.၂၈၀ သန်း တို့ ပါဝင်ပါသည်။ အလုပ်လက်မဲ့နှုန်းမှာ ၂.၁ ရာခိုင်နှုန်းဖြစ်၍ အမျိုးသား ၁.၅ ရာခိုင်နှုန်း နှင့် အမျိုးသမီး ၃.၀ ရာခိုင်နှုန်းရှိပါသည်။

**အလုပ်ရရှိမှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အလုပ်ရရှိသူဦးရေ ၀.၂၀၉ သန်းရှိပြီး၊ အစိုးရမှ ၀.၀၁၅ သန်းနှင့် ပုဂ္ဂလိကမှ ၀.၁၉၄ သန်းတို့ကို အလုပ်ရရှိစေခဲ့ပါသည်။

**ယာဉ်အမျိုးမျိုးတင်သွင်းမှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မော်တော်ဆိုင်ကယ် တင်သွင်းမှုမှာ စီးရေ ၆၆၇,၁၁၉ စီး၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၉၀.၃၅၅ သန်း၊ ထွန်စက်တင်သွင်းမှုမှာ စီးရေ ၅၅,၂၀၄ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၄.၆၁၆ သန်း ၊ ကုန်တင်ယာဉ်တင်သွင်းမှုမှာ စီးရေ ၇,၆၀၁ စီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၆.၃၈၀ သန်း၊ ခရီးသည်တင်ယာဉ်နှင့် ဗင်ကားများ တင်သွင်းမှုမှာ စီးရေ ၃၀,၂၈၀ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၄၇.၇၂၈ သန်းနှင့် မော်တော်ကား (ဆလွန်း) တင်သွင်းမှုမှာ စီးရေ ၂,၉၇၇ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၆.၀၅၂ သန်း အသီးသီး တင်သွင်းခဲ့ပါသည်။ ထို့အပြင် အထူးကိစ္စအတွက် အသုံးပြုသော မော်တော်ယာဉ်စီးရေ ၃၇၇ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁.၂၈၁ သန်း တင်သွင်းခဲ့ပါသည်။

**အခြေခံ အဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။** လူထု၏ အခြေခံ အဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှုသည် ပြည်သူသုံးကုန်စည် (Public Utilities) ဖြစ်ရာ ပြည်သူလူထု၏ လူနေမှုဘဝ အရည်အသွေးမြင့်မားရေးအား များစွာအထောက်အကူပြုစေမည် ဖြစ်ပါသည်။ ထို့အပြင် စီးပွားရေး အဆောက်အအုံတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်မှုမှာ မရှိမဖြစ် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်မှု၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု၊ ရေရရှိနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်ရရှိနိုင်မှု စသည်တို့အား တင်ပြအပ်ပါသည်။

**လျှပ်စစ်ဓာတ်အားနှင့်စွမ်းအင်။** လျှပ်စစ်မီး ရရှိသောကျေးရွာများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်တွင် ၃၂,၄၃၃ ရွာ ဖြစ်ပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၇၀၅ ရွာ ထပ်မံ

မီးလင်းခဲ့ပါသည်။ ပြည်တွင်းလျှပ်စစ် ဓာတ်အားသုံးစွဲမှုသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်တွင် ကီလိုဝပ်နာရီ ၂၀,၆၈၀.၀ သန်းရှိပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ကီလိုဝပ်နာရီ ၁,၇၅၄.၀ သန်း တိုးတက်သုံးစွဲနိုင်ခဲ့ပါသည်။ ရေနံစိမ်းထုတ်လုပ်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်စည် ထောင်ပေါင်း ၅,၁၃၃.၈၉၇ ဖြစ်ပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက အမေရိကန် စည်ထောင်ပေါင်း ၈၀.၅၁၃ လျော့နည်းခဲ့ပါသည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်တွင် ကုဗပေသန်းပေါင်း ၆၄၀,၄၀၄ ဖြစ်ပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ကုဗပေသန်း ၅,၈၅၅ လျော့နည်းခဲ့ပါသည်။

**ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်း အသုံးပြုနိုင်မှု။** ဆက်သွယ်ရေးအနေဖြင့် တပ်ဆင်ပြီး အော်တို တယ်လီဖုန်းလိုင်းများမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လိုင်းရေ ၅၂၀,၃၇၂ ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လိုင်းရေ ၅၁၆,၈၃၁ ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ မိုဘိုင်းဖုန်း အသုံးပြုနိုင်မှုမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူး မြန်မာလီမိတက်နှင့် တယ်လီနော မြန်မာ လီမိတက်တို့မှ စုစုပေါင်းအရေအတွက် ၅၆,၂၁၀,၅၀၈ ဖြစ်ပါသည်။

**အင်တာနက် အသုံးပြုမှု။** အင်တာနက်အသုံးပြုမှု လိုင်းပေါင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် MPT Satellite Terminal, B2B Internet Line, ADSL Line ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာလီမိတက်နှင့် တယ်လီနောမြန်မာလီမိတက်တို့မှ စုစုပေါင်းတပ်ဆင်ပြီး အင်တာနက် လိုင်းအရေအတွက်မှာ ၄၄,၄၃၉,၃၉၁ လိုင်းဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၆,၂၃၁,၄၄၄ လိုင်း ဖြစ်ပါသည်။

**သယ်ယူပို့ဆောင်ရေး။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လမ်းအရှည်မှာ ၄၁,၉၇၉ ကီလိုမီတာရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၁,၇၅၇ ကီလိုမီတာ ရှိခဲ့ ပါသည်။ လမ်းသိပ်သည်းဆမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၀.၀၆၂ ကီလို မီတာ ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ် လမ်း) အရှည် ၂၈,၃၇၈ ကီလိုမီတာရှိရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင်၂၈,၈၅၉ ကီလိုမီတာ ရှိခဲ့ပါသည်။

ယာဉ်အသုံးပြုမှုတွင် စုစုပေါင်း မှတ်ပုံတင်ထားသော ယာဉ်စီးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆,၃၃၇,၁၁၅ စီးဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆,၈၅၃,၉၉၅ စီးထိ တိုးတက်ခဲ့ပါသည်။ စုစုပေါင်း မှတ်ပုံတင်သော ခရီးသည်နှင့် ကုန်တင်ယာဉ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၉၇၉,၃၃၇ စီးဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် ၆၉,၂၆၄ စီး တိုးတက်ခဲ့ပါသည်။ ကုန်တင်ယာဉ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၂၀,၅၉၉ စီးဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် ၄၉,၄၇၁ စီး တိုးတက်ခဲ့ပါသည်။

မီးရထားလမ်းအရှည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် သံလမ်းမိုင် ၄,၈၃၉ မိုင် ဖြစ်ပါသည်။ ခရီးသည်ဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၆.၈၄ သန်း ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၄၃.၄၂ သန်း ရှိခဲ့ပါသည်။ ခရီးသည် တစ်ကီလိုမီတာလျှင် သွားရောက်ခဲ့သည့် ခရီးသည်ဦးရေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၇,၆၇၆ ဦးဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇,၁၀၁ ဦး ရှိခဲ့ပါသည်။ ကုန်တန်ချိန်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁.၇၈ သန်း ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁.၇၅ သန်း ရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြို့ပြလေကြောင်းတွင် ပြည်တွင်းလေဆိပ်မှာ လေဆိပ် ၆၆ ခုနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခု ဖြင့် ဝန်ဆောင်မှုပြုလျက်ရှိပါသည်။

**ဆိပ်ကမ်း။** ဆိပ်ကမ်းအခြေအနေမှာ သင်္ဘောအဝင်စီးရေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂,၂၈၄ စီးဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂,၂၈၉ စီး ရှိခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာ (TEU =၂၀ ပေ တူညီယူနစ် လုံးရေ) ၁၀၄၉.၃၂၈ ထောင် ပေါင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် ၂၂.၄၀၁ TEU (000) တိုးတက်ခဲ့ပါသည်။ ကုန်သေတ္တာ အပါအဝင် စုစုပေါင်းပို့ကုန်၊ သွင်းကုန်အားလုံးမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မက်ထရစ် တန်(ထောင်) ၃၉,၇၁၅ ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် မက်ထရစ်တန် (ထောင်) ၅,၁၃၆ တိုးတက်ခဲ့ပါသည်။ ပြည်တွင်းဆိပ်ကမ်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် ၉ ခု ဖြစ်ပါသည်။ ပြည်တွင်းခရီးသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၀.၆၅၁ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၀.၀၂၉ သန်းဖြစ်ပါသည်။ ပြည်တွင်းကုန်စည် ပမာဏမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်တွင် တန် ၄.၁၇ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် တန် ၀.၇၅ သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပဆိပ်ကမ်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် ၉ ခု ဖြစ်ပါသည်။ ပြည်ပခရီးသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၀.၀၁၇ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် ၀.၀၀၇ သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပကုန်စည်ပမာဏမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန် ၃၅.၅ သန်းဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကထက် တန် ၄.၃ သန်း တိုးတက်ခဲ့ပါသည်။ ပြည်ပကုန်စည် ပမာဏမှာ TEU (000) ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁,၀၄၉ ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကထက် ၂၂ TEU (000) တိုးတက်ခဲ့ပါသည်။

**စိုက်ပျိုးရေရရှိနိုင်မှု။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆည်နှင့်ကန်များမှ ရေပေးဝေနိုင်သောဧရိယာမှာ ဆည်မှ ၁,၄၆၀,၆၁၇ ဧက၊ ကန်မှ ၂,၈၂၁,၅၄၅ ဧက ဖြစ်ပြီး၊ စုစုပေါင်း ၄,၂၈၂,၁၆၂ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါသည်။

**ပညာရေးကဏ္ဍ။** အခြေခံပညာရေးနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်ကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အစိုးရကျောင်း ၄၆,၀၁၇ ကျောင်းဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၄၆,၄၉၄ ကျောင်း

ဖြစ်ရာ ၄၈၇ ကျောင်း တိုးတက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်းသားဦးရေ ထောင်ပေါင်း ၈,၉၀၇ ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဦးရေထောင်ပေါင်း ၈,၉၇၆ ဖြစ်ရာ ဦးရေ ထောင်ပေါင်း ၆၉ ဦး တိုးတက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆရာ/ ဆရာမ ၃၇၁,၁၅၇ ဦး ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၉၇,၂၈၇ ဦး ဖြစ်ရာ ၂၆,၁၃၀ ဦး တိုးတက်လာပါသည်။ အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၆ ကျောင်း၊ ကျောင်းသား ၈၃၅,၃၆၂ ဦးနှင့် ဆရာ/ ဆရာမ ၂၆,၆၂၅ ဦးဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောင်း ၁၇၇ ကျောင်း၊ ကျောင်းသား ၇၆၆,၀၂၆ ဦးနှင့် ဆရာ/ ဆရာမ ၂၇,၆၅၃ ဦးဖြစ်ရာ ကျောင်း ၁ ကျောင်းနှင့် ဆရာ/ ဆရာမ ၁,၀၂၈ ဦး အသီးသီး တိုးတက်ခဲ့ပြီး၊ ကျောင်းသား ၆၉,၃၃၆ ဦးလျော့နည်းခဲ့ပါသည်။

**ကျန်းမာရေးကဏ္ဍ**။ ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆေးရုံ ၁,၂၁၅ ရုံ ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁,၂၂၂ ရုံ ဖြစ်ရာ ပြည်သူ့ဆေးရုံ ၇ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် ခုတင် ၅၄,၈၄၄ လုံး ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၅၅,၀၂၂လုံး ဖြစ်ပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆရာဝန် ၄၁,၇၅၆ ဦး နှင့် သူနာပြု ၃၆,၈၂၆ ဦးဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**နိုင်ငံရပ်ခြားခရီးသည်များ**။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃,၄၁၆,၃၀၅ ဦး ဝင်ရောက်ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃,၀၇၉,၂၇၅ ဦးဝင်ရောက်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ တိုးတက်ခဲ့သော်လည်း သုံးစွဲခဲ့သည့်နိုင်ငံခြားငွေမှာ ယခင်နှစ်အလားတူ ကာလထက် လျော့နည်းခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် နိုင်ငံသားများအနေဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အခြေပြု၍ နိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်ရေးတို့ကို ဆောင်ရွက်ခြင်း၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးမှ ရရှိလာသော အကျိုးအမြတ်များကို နိုင်ငံသားများအားလုံး ရရှိခံစားကြရန် ရည်ရွယ်၍ ခရီးသွားမှုပုံစံများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့်အရင်းအမြစ်များ ပိုမိုဖော်ထုတ်ခြင်း၊ ခရီးသွား လာမှုလွယ်ကူစေရေး ဖြေလျော့မှုပေးခြင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ လူထုလူတန်းစား အသီးသီးထံသို့ဝင်ငွေများ တိုက်ရိုက်၊ သွယ်ဝိုက်၊ တစ်ဆင့်ခံ နည်းလမ်းများဖြင့် စီးဝင်ရောက်စေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှု မရှိစေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ခရီးသွားလုပ်ငန်းရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ပုံနှိပ်ထုတ်ဝေအဆင့်ရှိမီဒီယာ။** ကြေးမုံသတင်းစာထုတ်ဝေမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စောင်ရေ ၆၇၉.၈၁ သိန်းဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ထုတ်ဝေမှုမှာ စောင်ရေ ၆၅၃.၅၁ သိန်း ဖြစ်ပါသည်။ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စောင်ရေ ၅၀၂.၄၉ သိန်းဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ထုတ်ဝေမှုမှာ စောင်ရေ ၄၇၂.၇၇ သိန်း ဖြစ်ပါသည်။ The Global New Light of Myanmar သတင်းစာထုတ်ဝေမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စောင်ရေ ၆၀.၆၁ သိန်း ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ထုတ်ဝေမှုမှာ စောင်ရေ ၆၀.၈၆ သိန်း ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့တော်သတင်းစာထုတ်ဝေမှု စောင်ရေ ၁၀.၅၆ သိန်းနှင့် ရတနာပုံသတင်း စာထုတ်ဝေမှုစောင်ရေ ၄.၆၁ သိန်းဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့တော်သတင်းစာ ထုတ်ဝေမှုစောင်ရေ ၉.၇၄ သိန်းနှင့် ရတနာပုံသတင်းစာထုတ်ဝေမှု စောင်ရေ ၅.၀၁ သိန်းဖြစ်ရာ ရတနာပုံသတင်းစာမှာ စောင်ရေ ၀.၄ သိန်း တိုးတက် ထုတ်ဝေနိုင်ခဲ့ပါသည်။

**အီလက်ထရောနစ်မီဒီယာ။** အစိုးရပိုင်မြန်မာရုပ်သံလိုင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၂ လိုင်းရှိပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၂၃ လိုင်း ရှိပါသည်။ ဖက်စပ်လုပ်ငန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် မြန်မာ(MRTV-4) နှင့် ဆက်စပ်ရုပ်သံလိုင်းမှာ ၂၈ လိုင်းစီ ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တို့တွင် အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းမှာ ၁၀၈ လိုင်း၊ ရေဒီယိုလိုင်း ဝန်ဆောင်မှုလုပ်ငန်းမှာ အစိုးရပိုင် မြန်မာ ရေဒီယိုလိုင်း ၁၇ လိုင်း၊ အင်္ဂလိပ်လိုင်း ၁ လိုင်းစီ ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် ဖက်စပ်မြန်မာလိုင်း ၇ လိုင်း ရှိပါသည်။

ဇယား ( ၂-၆ )

မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | | |
| **လူဦးရေ*** | | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၄၅၀ | ၅၂,၈၁၇ | ၅၃,၁၈၈ |
| ကျား | ထောင်ပေါင်း | ၂၅,၂၅၆ | ၂၅,၄၅၁ | ၂၅,၆၄၈ |
| မ | ထောင်ပေါင်း | ၂၇,၁၉၄ | ၂၇,၄၆၆ | ၂၇,၇၄၀ |
| ကျား/မအချိုး | ရာခိုင်နှုန်း | ၉၃ | ၉၃ | ၉၂ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၃၆၄ | ၁၅,၅၆၀ | ၁၅,၇၆၃ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၀၈၆ | ၃၇,၃၅၇ | ၃၇,၆၂၅ |
| လူဦးရေတိုးနှုန်း | (%) | ၀.၈၈ | ၀.၈၉ | ၀.၈၉ |
| လူဦးရေသိပ်သည်းမှု (တစ်စတုရန်းကီလိုမီတာ) | ဦးရေ | ၇၇.၅ | ၇၈.၂ | ၇၈.၉ |
| မှီခိုသူအချိုး (သက်ကြီး ၆၅+ နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၅၂.၅ | ၅၂.၀ | ၅၁.၆ |
| မှီခိုသူအချိုး (သက်ကြီး ၆၀+နှင့် သက်ငယ် (၀-၁၄)နှစ်) | (%) | ၆၀.၄ | ၆၀.၂ | ၅၉.၉ |
| * ပြည်သူ့အင်အားဦးစီးဌာန | | | | |
| **ယာဉ်အမျိုးမျိုးတင်သွင်းမှု (အရေအတွက်)** | | | | |
| မော်တော်ဆိုင်ကယ် | စီးရေ | ၆၆,၃၆၇ | ၇၃၀,၄၄၁ | ၆၆၇,၁၁၉ |
| ထွန်စက် | စီးရေ | ၃၄,၄၀၉ | ၉၈,၇၁၁ | ၅၅,၂၀၄ |
| ကုန်တင်ယာဉ် | စီးရေ | ၄၈,၀၁၄ | ၅,၅၃၄ | ၇,၆၀၁ |
| ခရီးသည်တင်ယာဉ်နှင့် ဗင်ကားများ | စီးရေ | ၂၅,၁၁၄ | ၃၇,၈၈၀ | ၃၀,၂၈၀ |
| မော်တော်ကား(ဆလွန်း) | စီးရေ | ၄၅,၁၉၆ | ၅,၂၉၇ | ၂,၉၇၇ |
| အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle) | စီးရေ | ၄၄ | ၁၉၅ | ၁၇၇ |
| **ယာဉ်အမျိုးမျိုးတင်သွင်းမှု (တန်ဖိုး)** | | | | |
| မော်တော်ဆိုင်ကယ် | ဒေါ်လာသန်း | ၇၈.၅ | ၁၉၃.၄၄၉ | ၁၉၀.၁၅၅ |
| ထွန်စက် | ဒေါ်လာသန်း | ၅၉.၇ | ၁၉၉.၁၆၃ | ၁၅၄.၆၁၆ |

ဇယား ( ၂-၆ ) အဆက်



| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| ကုန်တင်ယာဉ် | ဒေါ်လာသန်း | ၅၆၁.၀ | ၇၉.၉၃၇ | ၉၆.၃၈၀ |
| ခရီးသည်တင်ယာဉ်နှင့် ဗင်ကားများ | ဒေါ်လာသန်း | ၂၄၇.၄ | ၄၆၀.၃၀၂ | ၃၄၇.၇၂၈ |
| မော်တော်ကား(ဆလွန်း) | ဒေါ်လာသန်း | ၃၆၅.၂ | ၄၇.၄၉၄ | ၃၆.၀၅၂ |
| အထူးကိစ္စအတွက်အသုံးပြုသောယာဉ်များ (Special Purpose Motor Vehicle) | ဒေါ်လာသန်း | ၁၁.၂ | ၁၁.၅၀၉ | ၁၁.၂၈၁ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၀,၃၃၀ | ၃၁,၇၂၈ | ၃၂,၄၃၃ |
| **ထုတ်လုပ်မှု** | | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၁၆,၉၀၁.၆ | ၁၈,၉၂၆.၀ | ၂၀,၆၈၀.၀ |
| ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil) | အမေရိကန်စည်(ထောင်) | ၅,၈၄၅.၁၇၁ | ၅,၂၁၄.၄၁၀ | ၅,၁၃၃.၈၉၇ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု (Production of Natural Gas) | ကုဗပေ(သန်း) | ၆၇၂,၂၃၇ | ၆၄၆,၂၅၉ | ၆၄၀,၄၀၄ |
| **ဆက်သွယ်ရေး** | | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၂၁,၆၂၆ | ၅၁၆,၈၃၁ | ၅၂၀,၃၇၂ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၄၉,၄၁၄,၆၇၁ | ၄၄,၄၁၈,၀၉၇ | ၅၆,၂၁၀,၅၀၈ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၃၉,၁၃၃,၇၄၇ | ၄၄,၄၃၉,၃၉၁ | ၅၆,၂၃၁,၄၄၄ |
| **စာတိုက်** | | | | |
| အစိုးရစာတိုက် | ခုရေ | ၁,၃၇၈ | ၁,၃၈၁ | ၁,၃၈၂ |
| **လမ်း** | | | | |
| လမ်းအရှည်စုစုပေါင်း | ကီလိုမီတာ | ၄၁, ၁၃၁ | ၄၁, ၉၇၉ | ၄၁,၇၅၇ |
| လမ်းသိပ်သည်းဆ | ကီလိုမီတာ/ စတုရန်း ကီလိုမီတာ | ၀.၀၆၀၇ | ၀.၀၆၂ | ၀.၀၆၂ |
| မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ကွန်ကရစ်လမ်း) | ကီလိုမီတာ | ၂၄,၂၄၈ | ၂၈,၃၇၈ | ၂၈,၈၅၉ |
| **ယာဉ်အသုံးပြုမှု** | | | | |
| စုစုပေါင်းမှတ်ပုံတင်မော်တော်ယာဉ် | စီးရေ | ၅,၅၄၁,၃၆၁ | ၆,၃၃၇,၁၁၅ | ၆,၈၅၃,၉၉၅ |
| မှတ်ပုံတင်ထားသောယာဉ် | စီးရေ | ၇၈၂,၂၃၆ | ၉၁၀,၀၇၃ | ၉၇၉,၃၇၇ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| (ခရီးသည်+ကုန်တင်) | | | | |
| ကုန်တင်ယာဉ် | စီးရေ | ၂၉၄,၁၀၀ | ३၇၁,၁၂၈ | ၄၂၀,၅၉၉ |
| **မီးရထား** | | | | |
| မီးရထားလမ်းအရှည် | သံလမ်းမိုင် | ၄,၉၃၃ | ၄,၉၃၉ | ၄,၉၃၉ |
| ခရီးသည် | သန်း | ၄၂.၀၅ | ၄၃.၄၂ | ၄၆.၉၄ |
| ခရီးသည်(တစ်ကီလိုမီတာလျှင်) | ဦးရေ | ၆,၉၁၁ | ၇,၁၀၁ | ၇,၆၇၆ |
| ကုန်တန်ချိန် | သန်း | ၁.၉၈ | ၁.၇၅ | ၁.၇၈ |
| **မြို့ပြလေကြောင်း** | | | | |
| ပြည်တွင်းလေဆိပ် | ခုရေ | ၆၆ | ၆၆ | ၆၆ |
| အပြည်ပြည်ဆိုင်ရာလေဆိပ် | ခုရေ | ३ | ३ | ३ |
| **ဆိပ်ကမ်း** | | | | |
| သင်္ဘောအဝင် | စီးရေ | ၄,၆၄၁ | ၂,၂၈၉ | ၂,၂၉၄ |
| စုစုပေါင်းပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာပေါင်း | TEU(000) | ၇၉၈.၉၉၇ | ၁,၀၂၆.၉၂၇ | ၁,၀၄၉.३၂၈ |
| ကုန်သေတ္တာအပါစုစုပေါင်း ပို့ကုန်၊ သွင်းကုန်အားလုံး | မ/တန် (ထောင်) | ३၄,၀३၀ | ३၄,၅၇၉ | ३၉,၇၁၅ |
| ပြည်တွင်းဆိပ်ကမ်း | ခုရေ | ၉ | ၉ | ၉ |
| ပြည်တွင်းခရီးသည် | သန်း | ၀.၁၀၇ | ၀.၀၂၉ | ၀.၆၅၁ |
| ပြည်တွင်းကုန်စည်ပမာဏ | တန် (သန်း) | ၂.၉၄ | ३.၄၂ | ၄.၁၇ |
| ပြည်ပဆိပ်ကမ်း | ခုရေ | ၉ | ၉ | ၉ |
| ပြည်ပခရီးသည် | သန်း | ၀.၀၂၄ | ၀.၀၁၀ | ၀.၀၁၇ |
| ပြည်ပကုန်စည်ပမာဏ | တန် (သန်း) | ३၁.၁ | ३၁.၂ | ३၅.၅ |
| ပြည်ပကုန်စည်ပမာဏ | TEU(000) | ၇၉၉ | ၁,၀၂၇ | ၁,၀၄၉ |
| **TEU(000) =၂၀ ပေတူညီယူနစ် လုံးရေ(ထောင်)** | | | | |
| **ဆည်နှင့်ကန်ရေပေးဧရိယာစာရင်း** | | | | |
| ဆည် | ဧက | ၁,၄၆၀,၆၁၇* | ၁,၄၆၀,၆၁၇* | ၁,၄၆၀,၆၁၇* |
| ကန် | ဧက | ၂,၈၂၁,၅၄၅* | ၂,၈၂၁,၅၄၅* | ၂,၈၂၁,၅၄၅* |
| စုစုပေါင်း | ဧက | ၄,၂၈၂,၁၆၂* | ၄,၂၈၂,၁၆၂* | ၄,၂၈၂,၁၆၂* |

* ဆည်နှင့်ကန်များ၏ ရေပေးဝေနိုင်သည့် စိစစ်ပြီးဧရိယာ(ဧက) စာရင်းများသာဖြစ်ပါသည်။

ဇယား ( ၂-၆ ) အဆက်

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| **အခြေခံလိုအပ်ချက်များသုံးစွဲမှု** | | | | |
| **ကျန်းမာရေး** | | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၁၉၁ | ၁,၂၁၅ | ၁,၂၂၂ |
| ခုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၇၀၃ | ၅၄,၈၄၄ | ၅၅,၀၂၂ |
| ဆရာဝန် | ဦးရေ | ၃၅,၁၇၁ | ၄၀,၂၆၀ | ၄၁,၇၅၆ |
| သူနာပြု | ဦးရေ | ၃၄,၂၀၉ | ၃၆,၃၅၁ | ၃၆,၈၂၆ |
| သားဖွားဆရာမ | ဦးရေ | ၁၁,၃၇၆ | ၁၃,၇၈၇ | ၁၄,၂၉၂ |
| **ပညာရေး(အခြေခံ)** | | | | |
| **အစိုးရ** | | | | |
| ကျောင်း | ဦးရေ | ၄၅,၄၈၆ | ၄၆,၀၀၇ | ၄၆,၄၉၄ |
| ကျောင်းသား | ဦးရေ ထောင်ပေါင်း | ၈,၆၈၅ | ၈,၉၀၇ | ၈,၉၇၆ |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၀,၃၅၇ | ၃၇၁,၁၅၇ | ၃၉၇,၂၈၇ |
| **ပုဂ္ဂလိက** | | | | |
| ကျောင်း | ဦးရေ | ၄၃၈ | ၅၈၅ | ၇၃၀ |
| ကျောင်းသား | ဦးရေ | ၁၀၈,၃၇၅ | ၁၄၀,၈၆၀ | ၁၇၉,၃၉၉ |
| ဆရာ/ဆရာမ | ဦးရေ | ၇,၃၅၈ | ၈,၃၄၃ | ၁၀,၃၉၈ |
| **ပညာရေး(အဆင့်မြင့်)** | | | | |
| **အစိုးရ** | | | | |
| ကျောင်း | ဦးရေ | ၁၇၃ | ၁၇၆ | ၁၇၇ |
| ကျောင်းသား | ဦးရေ | ၉၁၉,၄၄၉ | ၈၃၅,၃၆၂ | ၇၆၆,၀၂၆ |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၆၄၀ | ၂၆,၆၂၅ | ၂၇,၆၅၃ |
| **အသားတင်ကျောင်းနေနှုန်း** | | | | |
| မူလတန်း | (%) | ၉၅.၁၀ | ၉၆.၉၂ | ၉၆.၉၉ |
| အလယ်တန်း | (%) | ၅၆.၁၇ | ၆၀.၈၆ | ၆၃.၆၈ |
| အထက်တန်း | (%) | ၂၉.၄၂ | ၃၄.၈၄ | ၄၅.၈၄ |
| **စုစုပေါင်းကျောင်းနေနှုန်းကြမ်း** | | | | |
| မူလတန်း | (%) | ၁၀၉.၄၀ | ၁၀၂.၄၁ | ၁၀၇.၄၀ |
| အလယ်တန်း | (%) | ၆၉.၈၁ | ၆၉.၆၅ | ၇၄.၉၆ |
| အထက်တန်း | (%) | ၄၆.၈၃ | ၄၇.၃၇ | ၅၆.၅၉ |

ဇယား ( ၂-၆ ) အဆုံး



| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် |
|---|---|---|---|---|
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၄,၂၇၉,၀၅၉ | ၃,၀၇၉,၂၇၅ | ၃,၄၁၆,၃၀၅ |
| **ပုံနှိပ်မီဒီယာ** | | | | |
| ကြေးမုံသတင်းစာ | သိန်းပေါင်း | ၆၂၃.၉၃ | ၆၇၉.၈၁ | ၆၅၃.၅၁ |
| မြန်မာ့အလင်းသတင်းစာ | သိန်းပေါင်း | ၅၀၂.၂၀ | ၅၀၂.၄၉ | ၄၇၂.၇၇ |
| The Global New Light Of Myanmar | သိန်းပေါင်း | ၅၇.၂၂ | ၆၀.၆၁ | ၆၀.၈၆ |
| မြို့တော်သတင်းစာ | သိန်းပေါင်း | ၁၀.၉၇ | ၁၀.၅၆ | ၉.၇၄ |
| ရတနာပုံသတင်းစာ | သိန်းပေါင်း | ၄.၅၁ | ၄.၆၁ | ၅.၀၁ |
| **အီလက်ထရောနစ်မီဒီယာနှင့် တယ်လီဗီးရှင်းလိုင်းများ** | | | | |
| **အစိုးရ** | | | | |
| မြန်မာ (MRTV,MWD) | လိုင်း | ၁၅ | ၂၂ | ၂၃ |
| **ဖက်စပ်** | | | | |
| မြန်မာ (MRTV-4 ) နှင့် ဆက်စပ် ရုပ်သံလိုင်းများ | လိုင်း | ၂၇ | ၂၈ | ၂၈ |
| အင်္ဂလိပ် (MI) နှင့် Sky Net ရုပ်သံလိုင်းများ | လိုင်း | ၁၀၈ | ၁၀၈ | ၁၀၈ |
| **ရေဒီယိုလိုင်းများ** | | | | |
| **အစိုးရ** | | | | |
| ပြန်ကြားရေးမှ မြန်မာ (မြန်မာ့အသံတိုင်းရင်းသား) | လိုင်း | ၁၇ | ၁၇ | ၁၇ |
| ပြန်ကြားရေးမှ အင်္ဂလိပ်(မြန်မာ့အသံ အင်္ဂလိပ်) | လိုင်း | ၁ | ၁ | ၁ |
| ကကပြည်မှမြန်မာ(သဇင်) | လိုင်း | ၁ | ၁ | ၁ |
| ရန်ကုန်စည်ပင်(City FM) | လိုင်း | ၁ | ၁ | ၁ |
| **ဖက်စပ်** | | | | |
| မြန်မာ(ဒေသဆိုင်ရာFMများ) | လိုင်း | ၆ | ၆ | ၇ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်မြင့်မားလာမှုကို ပုံပြဂရပ်များဖြင့် တင်ပြအပ်ပါသည်-

**ပုံ (၂-၁) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

**ပုံ(၂-၂) ဂျီဒီပီတိုးတက်မှုနှုန်း**
**( ပုံမှန်ဈေးနှုန်း )**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လယ်ယာထွက် သီးနှံအချို့ အထွက်နှုန်းကောင်းမွန်ခြင်း၊ ပြည်ပသို့ ဆန်ပိုမို တင်ပို့နိုင်ခဲ့ခြင်း၊ ပြည်ပကုန်သွယ်မှု ပမာဏ မြင့်တက်ခဲ့ခြင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်း၊ အသေးစားနှင့် အလတ်စား ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှု မြင့်တက်ခြင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာခြင်းတို့ကြောင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနှုန်းမှာ ၅.၉ ရာခိုင်နှုန်း ဖြစ်ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ)တွင် တိုးတက်မှုနှုန်းမှာ ၆.၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ပုံ(၂-၃) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁,၅၀၇,၂၆၈ ကျပ်ရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) တွင် ၁,၆၉၄,၂၁၉ ကျပ် ရရှိခဲ့သဖြင့် ၁၈၆,၉၅၁ ကျပ် တိုးတက် ရရှိခဲ့ ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း ၇.၀ ရာခိုင်နှုန်း ရရှိရန်နှင့် Per Capita GDP ၁,၇၁၀,၅၈၂ ကျပ် ရရှိရန် ရည်မှန်းခဲ့သော်လည်း စီးပွားရေးတိုးတက်မှုနှုန်း ၆.၈ ရာခိုင်နှုန်း ရရှိသဖြင့် Per Capita GDP မှာလည်း ၁,၆၉၄,၂၁၉ ကျပ်သာ ရရှိခဲ့ပါသည်။

## ပုံ (၂-၄) စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဍာန် (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

စီးပွားရေး ဖွဲ့စည်းမှုပုံသဏ္ဍာန်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ လယ်ယာကဏ္ဍကြီးတွင် ၂၅.၆ ရာခိုင်နှုန်းရည်မှန်းခဲ့ရာမှ ၂၅.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီးတွင် ၃၅.၉ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၃၅.၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၃၈.၅ ရာခိုင်နှုန်းရည်မှန်း ခဲ့ရာမှ ၃၉.၅ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ လယ်ယာကဏ္ဍကြီးတွင် ၂၃.၈ ရာခိုင်နှုန်း ရည်မှန်း ခဲ့ရာမှ ၂၃.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှု ကဏ္ဍကြီးတွင် ၃၅.၉ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၃၆.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး တွင် ၄၀.၃ ရာခိုင်နှုန်း ရည်မှန်းခဲ့ရာမှ ၄၀.၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်ခဲ့ပါသည်။

# ရင်းနှီးမြှုပ်နှံမှုအခြေအနေ

## ပုံ (၂-၅) စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုး




နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်(ယာယီ)တွင် ဂျီဒီပီ၏ ၃၂.၈ ရာခိုင်နှုန်း ရင်းနှီး မြှုပ်နှံ နိုင်ခဲ့ပါ သည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ပုံ (၂-၆) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု၊ သမဝါယမနှင့် ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု တိုးတက်ခဲ့ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သည့် လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းတို့ကြောင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခဲ့ပါ သည်။၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊မတ်လကုန် ရင်းနှီးမြှုပ်နှံမှုတွင် သမဝါယမပိုင် အခန်းမှ ကျပ် ၃,၇၉၇.၅ သန်း အပါအဝင် ဖြစ်ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။

## ပုံ (၂-၇) ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု




နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျော့နည်းခဲ့သော်လည်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၊ အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှု၊ အသေးစားနှင့်အလတ်စား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းကြောင့် ပုဂ္ဂလိကအခန်းရင်းနှီးမြှုပ်နှံမှု တိုးတက်လာခဲ့ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။

## ပုံ(၂-၈) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၏ ဂျီဒီပီတွင်ပါဝင်မှု ရာခိုင်နှုန်း




ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နိုင်ငံတော်၏ ဂျီဒီပီတွင် ပါဝင်မှုအချိုးအရ ၂၆.၄ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

# ငွေရေးကြေးရေး

## ပုံ (၂-၉) အခွန်ရငွေနှင့် ဂျီဒီပီအချိုး




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေး အမှန်) စာရင်းတွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၈ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်)စာရင်းတွင် အခွန်ရငွေနှင့် ဂျီဒီပီ အချိုးမှာ ၉.၁ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ပြုပြင်ပြီး ခန့်မှန်းခြေ) စာရင်းတွင် အခွန်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၈.၅ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ပုံ (၂-၁၀) ဘတ်ဂျက်ပိုငွေ/လိုငွေနှင့် ဂျီဒီပီအချိုး




၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) စာရင်းတွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၄.၂ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ရှေ့ပြေးအမှန်) စာရင်းတွင် ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုး ၂.၅ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) စာရင်းတွင် ဘတ်ဂျက် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၄.၃ ရာခိုင်နှုန်း ဖြစ် ပေါ်ခဲ့ပါသည်။

ဇာစ်မြစ်။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ပုံ(၂-၁၁)  ဘဏ်တွင် ပြည်သူတို့၏ စုဆောင်းငွေ



စီးပွားရေးလုပ်ငန်းများအတွက် သက်သာသောချေးငွေများ ထုတ်ချေးနိုင်ခြင်းသည် ဘဏ်တွင် လက်ခံရရှိသော အပ်ငွေ/စုဆောင်းငွေ ပမာဏအပေါ်များစွာ မူတည်လျက် ရှိပါသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုဂ္ဂလိက ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိက ဘဏ်များမှ ပြည်သူများ လက်ဝယ်အထိ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းများကြောင့် ဘဏ်အပ်ငွေများ ပိုမိုများပြားလာပြီး၊ ဘဏ်တွင် ပြည်သူတို့၏ စုဆောင်းငွေတိုးမြင့်လာခြင်းဖြစ်ပါသည်။

ဇာစ်မြစ်။    မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ချက်။    ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စက်တင်ဘာလကုန် စာရင်းဖြစ်ပါသည်။

## ပုံ (၂-၁၂) နိုင်ငံခြား ငွေလဲလှယ်နှုန်း




ဇာစ်မြစ်။    မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

နိုင်ငံခြားငွေလဲနှုန်းမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းခြင်း/ ဝယ်ခြင်း (Foreign

Currency Auction) ကို ရုံးဖွင့်ရက်တိုင်း ကြီးကြပ်ဆောင်ရွက်ခြင်း၊ နေ့စဉ်ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း (Daily Reference Exchange Rate) ကိုထုတ်ပြန်ပေးခြင်း၊ ရန်ကုန် နိုင်ငံခြားငွေကြေးဈေးကွက်တွင် ဘဏ်များ၏ နိုင်ငံခြားငွေရောင်းဝယ်မှု အခြေအနေအား နေ့စဉ် တင်ပြခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံပိုင်/ကုမ္ပဏီများအား နိုင်ငံခြား ငွေလဲလှယ်ရေးကောင်တာများဖွင့်လှစ်၍ နိုင်ငံခြားငွေ ရောင်းခြင်း/ဝယ်ခြင်းများ ဆောင်ရွက် လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်ထိ ပုဂ္ဂလိကပိုင်ဘဏ်များမှ ငွေလဲကောင်တာ ၉၇၀ ခုနှင့် ကုမ္ပဏီများမှ ငွေလဲကောင်တာ ၄၄၇ ခုအား လုပ်ငန်းဆောင်ရွက်ခွင့် ပြုထားပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် အမေရိကန် တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း မှာ ၁,၃၅၈ ကျပ်ဖြစ်ခဲ့ပြီး တဖြည်းဖြည်းမြင့်တက်ခဲ့ရာ အောက်တိုဘာလတွင် ၁,၃၆၆ ကျပ်ထိ အမြင့်ဆုံး ရောက်ရှိခဲ့ပြီးနောက် မတ်လတွင် ၁,၃၃၅ ကျပ်သို့ ကျဆင်းခဲ့ပါသည်။

## ပုံ (၂-၁၃) ငွေကြေးဖောင်းပွမှုနှုန်း




ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ၉.၉၉ %၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ၆.၈၁% နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ၄.၀၃% ဖြစ်ပေါ်လျက် ရှိပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့။

## ပုံ (၂-၁၄) ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) ပို့ကုန်တင်ပို့နိုင်မှု




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) တွင် ပို့ကုန်အနေဖြင့် လျာထားချက်၏ ၁၀၄.၈ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပါသည်။ အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ ဆန်၊ ကျောက်စိမ်း၊ သတ္တုနှင့်သတ္တုရိုင်း၊ ငါးနှင့်မတ်ပဲတို့ဖြစ်ပြီး အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့ဖြစ်ကြပါသည်။

ဓာတ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၂-၁၅) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) သွင်းကုန်တင်သွင်းနိုင်မှု




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ)တွင် သွင်းကုန်အနေဖြင့် လျာထားချက်၏ ၁၂၄.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။အများဆုံး တင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများနှင့် ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများဖြစ်ပြီး အများဆုံး တင်သွင်းသည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြပါသည်။

ဓာတ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၂-၁၆) ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) ကုန်သွယ်မှုပမာဏ




ဓာတ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ)တွင် အမေရိကန်ဒေါ်လာ ၃၃,၃၂၃.၈ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်၏ ၁၁၄.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ)ထက်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄,၄၈၀.၇ သန်း ပိုမိုခဲ့ပါသည်။

## ပုံ (၂-၁၇) ကုန်သွယ်မှု ပိုငွေ/လိုငွေ




ဓာတ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ)တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄,၆၇၅.၂ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈,၆၄၈.၆ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှု လိုငွေ အမေရိကန်ဒေါ်လာ ၃,၉၇၃.၄ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

## ပုံ (၂-၁၈) ကုန်သွယ်ဘက်နိုင်ငံများ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) တွင် အများဆုံး ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် မလေးရှား နိုင်ငံတို့ ဖြစ်ကြပါသည်။

ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၂-၁၉) ကုန်ပစ္စည်း အုပ်စုအလိုက် ပို့ကုန်အခြေအနေ




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) တွင် စက်မှု ကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၃,၄၂၂.၁ သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန် ဒေါ်လာ ၃,၃၂၇.၇ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန် ဒေါ်လာ ၃,၀၈၀.၅ သန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၇၇၉.၃သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၉၇.၇ သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၁၁.၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၆၀.၈ သန်းနှင့် အခြားပစ္စည်း အမေရိကန်ဒေါ်လာ ၂,၀၅၁.၀ သန်း အများဆုံး တင်ပို့နိုင်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄,၆၇၅.၂ သန်း တင်ပို့နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၂-၂၀) ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ




ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) တွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၆,၅၇၄.၈ သန်း တင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၃၅၄.၄ သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၇,၆၇၀.၂ သန်း တင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၁,၁၅၁.၀ သန်း ပိုမိုတင်သွင်းခဲ့ပါသည်။ လူသုံးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၄,၄၀၃.၆ သန်း တင်သွင်းခဲ့သဖြင့် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၆၇၂.၁ သန်း ပိုမို တင်သွင်းခဲ့ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၈,၆၄၈.၆ သန်း တင်သွင်းခဲ့ပါသည်။

## ပုံ (၂-၂၁) မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ




ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များပေါ်ပေါက်ခြင်း၊ ဝင်ငွေ တိုးပွားလာခြင်း၊ ခရီးသွားမှုပုံစံများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆွဲဆောင်မှုနှင့် အရင်းအမြစ်များ ပိုမိုဖော်ထုတ်ခြင်း၊ ခရီးသွားလာမှု လွယ်ကူစေရန်ဖြေလျော့မှုပေးခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဒေသခံလူထုနှင့် ပိုမိုရင်းနှီးခင်မင်စွာဆက်ဆံနိုင်ရေး၊ အပြန်အလှန် နားလည်မှု ပိုမိုရရှိရေးနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည်လေးစားလိုက်နာရေး ဆောင်ရွက်နိုင်စေရန် လူထု အခြေပြု ခရီးသွားလုပ်ငန်းကို စနစ်တကျစီမံဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သော စီးပွားရေးရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်ခြင်းနှင့် ကိန်းဂဏန်း စာရင်းဇယား အချက်အလက်များတိကျမှန်ကန်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါ သည်။

## အခြေခံ အဆောက်အအုံများ အခြေအနေ

### ပုံ (၂-၂၂) ဆောက်လုပ်မှု အမျိုးအစားအလိုက် ဆောင်ရွက်မှု




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန် (ယာယီ) တွင်အိမ်ရာ ၅၁.၁%၊ ရုံး၊ ကျောင်း၊ ဆေးရုံ စသည်များ ၁၈.၉%၊ လမ်း ၁၀.၄%၊ တံတား ၂.၆%၊ ဆိပ်ကမ်း၊ ဆည်မြောင်းများ ၃.၁%၊ ဆက်သွယ်ရေးနှင့်မဟာဓါတ်အားလိုင်းများ၀.၈%၊ ဓါတ်အားလိုင်းတိုများတွင် ၂.၃%၊ သတ္တုတွင်း၊ စက်ရုံများ ၄.၇%၊ အားကစားကွင်း၊ ပန်းခြံ ၀.၁%နှင့် အခြားမြို့ပြအင်ဂျင်နီယာလုပ်ငန်းများ (အဆောက်အဦဖြိုဖျက်ခြင်း၊ လုပ်ငန်းခွင်များ ရှင်းလင်းခြင်း၊ တောရှင်းမြေပြုပြင်ခြင်း) ၆.၀% အသီးသီး ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### ပုံ( ၂- ၂၃) လျှပ်စစ်ဓာတ်အား တပ်ဆင်အင်အား




နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသည့် အင်အားအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တပ်ဆင်ထားသည့်အင်အား ၅,၆၈၃ မဂ္ဂါဝပ် ရှိပြီး၊ စီမံကိန်းရည်မှန်းချက်အပေါ် ၉၁.၈ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တပ်ဆင်ထားသည့် အင်အား ၅,၄၃၇ မဂ္ဂါဝပ် ရှိသဖြင့် နှိုင်းယှဉ်ကြည့်ပါက တပ်ဆင်ထားသည့် အင်အား ၂၄၆ မဂ္ဂါဝပ် တိုးတက် တပ်ဆင်နိုင်ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။

## ပုံ(၂-၂၄) လျှပ်စစ်ဓာတ်အားသုံးစွဲမှု




ပြည်တွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှု အနေဖြင့် တစ်နှစ်လုံးရည်မှန်းချက်၏ ၈၇.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။မကွေးတိုင်းဒေသကြီးမြစ်သာ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်ခြင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပုဂ္ဂလိကပိုင် (Myanmar Lighting) ရေနွေးငွေ့စက်ရုံ လည်ပတ်၍ ဓာတ်အား ထုတ်လုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကား စွန့်ပစ်အပူသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံကို အဆင့်မြှင့်တင် လည်ပတ်နိုင်ခြင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ အဆင့်မြှင့်တင်၍ ပြန်လည်ထုတ်လုပ်နိုင်ခြင်းကြောင့် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်သူများ ပိုမိုသုံးစွဲ နိုင်ခဲ့ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။

## ပုံ (၂- ၂၅) ပြည်သူ့ဝန်ထမ်းအင်အား




ဝန်ကြီးဌာနများ ဝန်ထမ်း ခန့်အပ်ရာတွင် ဖွဲ့စည်းပုံအရ ခန့်ထားနိုင်ခြင်းမရှိသဖြင့် ရည်မှန်းချက်ကို မပြည့်မီရခြင်း ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၊နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများမှ ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဝန်ထမ်းဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် မြင့်တက်ခဲ့ရခြင်း ဖြစ်ပါသည်။

ဓာတ်မြစ်။ ဗဟိုအဖွဲ့အစည်း၊ပြည်ထောင်စုဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ။

## ပုံ (၂-၂၆) အခြေခံပညာကျောင်းများအခြေအနေ




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန။

မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်းများအဖြစ် အဆင့်မြှင့်တင်ခြင်းကြောင့် မူလတန်းကျောင်း အရေအတွက် လျော့နည်းသွားခြင်းဖြစ်ပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးအဆင့်တိုင်းတွင် လက်လှမ်းမီနိုင်ရေးအတွက် ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် အခြေခံပညာကျောင်းများ အရေအတွက် တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

## ပုံ (၂-၂၇) အခြေခံပညာကျောင်းဆရာများအခြေအနေ




ဓာတ်မြစ်။ ပညာရေးဝန်ကြီးဌာန။

ကျောင်းသား၊ ဆရာအချိုး မျှတရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းဆင်းနှင့် ပညာရေးတက္ကသိုလ်ဆင်း ဆရာ/ဆရာမများနှင့် နေ့စားဆရာ/ ဆရာမများ ဖြည့်ဆည်းပေးခဲ့သဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြ ဆရာဦးရေ တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။

## ပုံ (၂-၂၈) အခြေခံပညာကျောင်းသားများအခြေအနေ




အခမဲ့ပညာရေးစနစ် ဖော်ဆောင်မှုနှင့် အတူ ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ခြင်းနှင့် ကျောင်းပြင်ပ ပညာရေးဖော်ဆောင်မှုများကြောင့် စုစုပေါင်း ကျောင်းသားဦးရေ တိုးတက်ခဲ့ခြင်း ဖြစ်ပါ သည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန။

## ပုံ (၂-၂၉) တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များအခြေအနေ




တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားဦးရေအနေဖြင့် အဝေးသင် ကျောင်းသားများ နှစ်အလိုက် ပညာသင် အရေအတွက် မတူညီခြင်းနှင့် ကျောင်းအပ်လက်ခံဆဲ ကာလဖြစ်သည့်အတွက် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ။

# ကျန်းမာရေး

## ပုံ(၂-၃၀) ဆရာဝန်ဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်စေရန်အတွက် လည်းကောင်း၊ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ထိရောက် ထက်မြက်၍ အရည်အသွေးပြည့်ဝသော ဆရာဝန်များပေါ်ထွန်းလာစေရန်အတွက် နှစ်အလိုက် တိုးမြှင့် ခန့်ထားပေးလျက်ရှိရာ ဆရာဝန်ဦးရေ ၁,၄၉၆ ဦးအားလည်းကောင်း၊ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံ ၂ ရုံ အား ၂၅ ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ပုံ(၂-၃၁) သူနာပြုဦးရေ




ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

အရည်အသွေး ပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများကို နိုင်ငံတစ်ဝှမ်း လွှမ်းခြုံနိုင်စေရန်အတွက် ကျေးလက်ဒေသမှ အစပြု၍ မြို့ပြဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်မှု ရှိစေရန် နှစ်အလိုက် သူနာပြုများအား တိုးမြှင့်ခန့်ထားလျက်ရှိရာ သူနာပြုဦးရေ ၄၇၅ ဦးအား တိုးမြှင့်ခန့်ထားနိုင်ခဲ့ပြီး ကျေးလက်ဌာန ၁၈ ဌာနတို့အား တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

## ပုံ(၂-၃၂) သားဖွားဆရာမဦးရေ




ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာန ခွဲ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး သားဖွားဆရာမများ တိုးမြှင့်ခန့်ထားရန် ရည်မှန်းထားသော်လည်း အခြေခံ ကျန်းမာရေးဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းကြောင့် သားဖွားဆရာမဦးရေမှာ စီမံကိန်း ရည်မှန်းချက်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

### စီးပွားရေးနှင့် လူမှုရေးအခြေအနေ သုံးသပ်ချက်

နိုင်ငံတော်မှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်အချို့ လျော့နည်းခဲ့သော်လည်း ဆန်တင်ပို့မှု ပိုမိုခဲ့ပြီး ပြည်ပကုန်သွယ်မှု မြင့်တက်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနှင့် နိုင်ငံတော်မှ SMEs ဖွံ့ဖြိုးရေး ပံ့ပိုးဆောင်ရွက်မှုများကြောင့် အသေးစားနှင့် အလတ်စားထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ ထို့အပြင် ယခုနှစ်အတွင်း အခြေခံအဆောက်အဦကဲ့သို့သော ဆောက်လုပ်မှုများ တိုးတက်ခဲ့ပြီး ပြည်တွင်းခရီးသွားဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုးလာခဲ့ကြောင်း တွေ့ရှိရ ပါသည်။

# အခန်း(၃)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၃၁) ခုရှိပြီး ပြည်ထောင်စုအဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် လည်းကောင်း ပါဝင်ပါသည်။

**ပြည်ထောင်စုရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၏ ဘဏ္ဍာရေး ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာန(၇)ခုနှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာန (၂) ခု၊ စုစုပေါင်းဝန်ကြီးဌာန (၉) ခု၏ လက်အောက်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၃၁) ခု မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| ဝန်ကြီးဌာန | | အဖွဲ့အစည်း |
|---|---|---|
| **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** | | |
| (က) | ပြန်ကြားရေးဝန်ကြီးဌာန | (၁) ခု |
| (ခ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | (၅) ခု |
| (ဂ) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | (၅) ခု |
| (ဃ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | (၅) ခု |
| (င) | စက်မှုဝန်ကြီးဌာန | (၄) ခု |
| (စ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | (၅) ခု |
| (ဆ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | (၁) ခု |
| **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သောနိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ** | | |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | (၃) ခု |
| (ခ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | (၂) ခု |
| | **စုစုပေါင်း** | **(၃၁)ခု** |

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်စာရင်းအရ စီးပွားရေးလုပ်ငန်း ဆောင်ရွက်သော ဝန်ကြီးဌာန (၇)ခု လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း စုစုပေါင်း (၂၆) ခု ရှိသည့်အနက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းမှာ(၆) ခုရှိပါသည်။၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ပြုပြင်ပြီးခန့်မှန်းခြေ) သာမန်ရငွေနှင့် သာမန်အသုံးစရိတ်စာရင်းသည် ကုန်သွယ်မှုစာရင်းအရ ယာယီစာရင်းများကိုအခြေခံ၍ ပြုစုထားပါသည်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်ထိ ယာယီစာရင်းအရ သာမန်ရငွေ၊ သာမန်သုံးငွေ အခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| | (ကျပ်သန်း) |
|---|---|
| **စုစုပေါင်းသာမန်ရငွေ** | ၇,၄၄၉,၆၃၃.၃၃ |
| **စုစုပေါင်းသာမန်သုံးငွေ** | ၅,၅၅၄,၄၃၃.၄၆ |
| **စုစုပေါင်းပိုငွေ/လိုငွေ** | (+) ၁,၈၉၅,၁၉၉.၈၇ |

**နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပြန်ကြားရေးဝန်ကြီးဌာန။** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ကြော်ငြာခမှ ဝင်ငွေရရှိခြင်းကြောင့် ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း အောက်ပါအတိုင်းတွေ့ရှိရပါသည်-

**(ကျပ်သန်း)**

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း | ၁၉,၄၈၅.၅၉ | ၁၃,၀၅၈.၀၃ | (+) ၆,၄၂၇.၅၆ |
| | **စုစုပေါင်း** | **၁၉,၄၈၅.၅၉** | **၁၃,၀၅၈.၀၃** | **(+) ၆,၄၂၇.၅၆** |

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများအနက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုသာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျန်ဌာနများဖြစ်သည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ မြန်မာ့ မီးရထား၊

ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှာ အောက်ပါအချက်များကြောင့် လိုငွေပြကြောင်း တွေ့ရှိရပါသည်-

(၁) နိုင်ငံနှင့်အဝန်း ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကျဆင်းသွားခြင်းနှင့် သဘာဝ ဘေးအန္တရာယ်များကြောင့် ဝင်ငွေလျော့နည်းရရှိခြင်း၊

(၂) ဈေးကွက်အခြေအနေအရ အဆင့်ဆင့် ငှားရမ်းခနှုန်းထားများ လျှော့ချဆောင်ရွက်ခဲ့ရခြင်း၊

(၃) ခရီးသွားလုပ်ငန်းများကျဆင်းသွားခြင်း၊

(၄) ရေယာဉ်သစ် တည်ဆောက်/ပြုပြင်ခြင်း လုပ်ငန်းများနည်းပါးသွားခြင်း၊

(၅) ပုဂ္ဂလိကပိုင်ရေယာဉ်များ ယှဉ်ပြိုင်မှုများပြားလာခြင်း၊

(၆) ဌာနပိုင် ရေယာဉ်အများစုမှာ အသုံးပြုသည့်နှစ်သက်တမ်း ကြာမြင့်ပြီး ခေတ်ကာလနှင့် လျော်ညီမှုမရှိခြင်း၊

(၇) ခရီးသည်နှင့် ကုန်တင်ရေယာဉ်လိုင်းများ လျော့နည်းလာခြင်း၊

(၈) ဒီဇယ်ဆီဈေးနှုန်းနှင့် ဘဏ်စရိတ်နှုန်း မြင့်တက်လာခြင်း၊

(၉) ပင်စင်စရိတ်များကျခံရခြင်း၊

(၁၀) ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး၏ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်းများ (ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဓာတ်အားခနှင့် စာရေးကိရိယာများ အပါအဝင်) လုပ်ငန်း ဆောင်ရွက်မှုစရိတ်များခြင်း၊

(၁၁) Beyond Economical Repair (BER) (စီးပွားရေးရာ တွက်ခြေမကိုက်သော မော်တော်ယာဉ်များ)အပ်နှံယာဉ်များကြောင့် လုပ်ငန်းသုံးယာဉ်များ လျော့နည်းခဲ့သဖြင့် ဝင်ငွေလျော့နည်းခဲ့ခြင်း၊

(၁၂) ယာဉ်မောင်းသင်တန်းကျောင်းများတွင် မော်တော်ယာဉ်ကြီး သင်တန်းဆင်း အောင်လက်မှတ် ရရှိသူများသည် သတ်မှတ်ချက်များနှင့် ပြည့်စုံပါက "ဃ" နှင့် "င" ယာဉ်မောင်းလိုင်စင် ဖြေဆိုရာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းသို့ တက်ရောက်ရန် မလိုအပ်ဘဲ တိုက်ရိုက်ဖြေဆိုခွင့်ပြုရန် ဟူသော "မူ" အရ ယာဉ်မောင်းသင်တန်းသားဦးရေ လျော့နည်းခဲ့သဖြင့် ဝင်ငွေ လျော့နည်းခဲ့ခြင်း၊

(၁၃) ပင်စင်နှင့်လုပ်သက် ဆုငွေများကျခံနေရခြင်း၊

(၁၄) ဌာနအတွက် နိုင်ငံတော်မှ ထုတ်ပေးသော ယာဉ်များအား လုပ်ငန်းသုံးယာဉ်များ ဖြစ်အောင် ပြင်ဆင်ရာတွင် ပြင်ဆင်စရိတ် ကြီးမားခြင်း၊

(၁၅) မြန်မာ့စာတိုက်လုပ်ငန်းသည် နိုင်ငံတစ်ဝှမ်းလုံးတွင် ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့ကြီးများတွင်သာမက ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိပါ စာတိုက်စခန်းများရှိ ဝန်ထမ်းများ၏လစာနှင့်ပင်စင်စရိတ်တို့မှာ စုစုပေါင်းအသုံးစရိတ်၏ ၆၀.၇၆ ရာခိုင်နှုန်း ဖြစ်ခြင်း၊

(၁၆) လေကြောင်းခနှင့် ပြည်ပနိုင်ငံအသီးသီးသို့ ၂၀၁၂ ခုနှစ်မှ စ၍ ပေးရန်ရှိသော စာပို့ခများ ပေးချေခဲ့ရခြင်း၊

(၁၇) အခြားအသုံးစရိတ်များတို့ကြောင့် ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပိုငွေကြောင့် ဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ပိုငွေ ဖြစ်ကြောင်း အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ၄,၆၃၉.၈၂ | ၁၂,၇၉၇.၅၀ | (-)၈,၁၅၇.၆၈ |
| ၂ | မြန်မာ့မီးရထား | ၅၈,၁၇၄.၁၂ | ၁၃၇,၆၃၀.၅၄ | (-)၇၉,၄၅၇.၄၂ |
| ၃ | ကုန်းလမ်းပို့ဆောင်ရေး | ၈,၄၆၅.၈၉ | ၁၁,၁၁၃.၉၆ | (-)၂,၆၄၈.၀၇ |
| ၄ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၃၁၃,၇၇၂.၉၇ | ၁၇၂,၄၂၃.၃၄ | (+)၁၄၁,၃၄၉.၆၃ |
| ၅ | မြန်မာ့စာတိုက်လုပ်ငန်း | ၁၃,၉၃၃.၄၅ | ၂၁,၂၆၀.၉၂ | (-)၇,၃၂၇.၄၇ |
| | စုစုပေါင်း | ၃၉၈,၉၈၆.၂၅ | ၃၅၅,၂၂၇.၂၆ | (+)၄၃,၇၅၈.၉၉ |

(ဂ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။** သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ ပိုငွေဖြင့် ဆောင်ရွက် နိုင်ခဲ့ကြောင်းတွေ့ရှိရပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | အမှတ်(၁)သတ္တုတွင်း လုပ်ငန်း | ၂၂,၄၆၅.၈၂ | ၄,၈၅၄.၉၀ | (+)၁၇,၆၁၀.၉၂ |
| ၂ | အမှတ်(၂)သတ္တုတွင်း လုပ်ငန်း | ၁၉,၈၄၉.၅၂ | ၅,၀၂၁.၆၂ | (+)၁၄,၈၂၇.၉၀ |
| ၃ | မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေး လုပ်ငန်း | ၁၇၆,၂၅၇.၁၈ | ၃,၅၈၇.၁၇ | (+)၁၇၂,၆၇၀.၀၁ |
| ၄ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း | ၁၄,၃၅၅.၃၉ | ၁,၅၈၀.၃၆ | (+)၁၂,၇၇၅.၀၃ |
| ၅ | မြန်မာ့သစ်လုပ်ငန်း | ၃၀၃,၁၈၆.၉၆ | ၁၂၈,၉၂၁.၄၉ | (+)၁၇၄,၂၆၅.၄၇ |
|  | **စုစုပေါင်း** | ၅၃၆,၁၁၄.၈၇ | ၁၄၃,၉၆၅.၅၄ | (+)၃၉၂,၁၄၉.၃၃ |

(ဃ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတို့မှာ အောက်ပါအချက်များကြောင့် လိုငွေပြခဲ့ပါသည်-

(၁) တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်သည် တစ်ယူနစ်ရောင်းဈေးထက် ကြီးမြင့်နေခြင်း၊

(၂) JV, BOT ရေအားစက်ရုံများ၊ ပုဂ္ဂလိက IPP စက်ရုံများနှင့် ပုဂ္ဂလိက Gas Engine ဓာတ်အားရမ်းသုံးစွဲသည့်စက်ရုံများထံမှ တစ်ယူနစ်ဝယ်ဈေးများ ကြီးမားခြင်း၊

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) ရှိ မြို့နယ် ၂၈ မြို့နယ်ကို Gold Engery Co.,Ltd မှလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာမြို့နယ်ကို City Light Power Electric Co.,Ltd မှလည်းကောင်း၊ စစ်ကိုင်းမြို့နယ်ကို Myanmer Prime Gold Power Co.,Ltd မှ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ကို MyaYaung Chal Co.,Ltd မှလည်းကောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကိုယ်စား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို

ဆောင်ရွက်ခဲ့ရာ အဆိုပါမြို့နယ်တို့တွင် ၃၅ ကျပ် အလွှာနှုန်းဖြင့် ဓာတ်အား သုံးစွဲသော မီးသုံးစွဲသူ ရာခိုင်နှုန်းမှာ များပြားခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်း တိုးလာခြင်းတို့ကြောင့် ကုမ္ပဏီတို့သည် လစဉ်အရှုံးဖြစ်ပေါ်သဖြင့် ဆက်လက် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဌာနသို့ ပြန်လည်အပ်နှံခဲ့ခြင်း၊

(၄) တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့ရှိ မြို့ ၉၃ မြို့နှင့် ကျေးရွာ ၁၄၁ ရွာတို့အား ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးရာတွင် ၃၅ ကျပ် အလွှာ နှုန်းဖြင့်သာ ဓာတ်အားခ ကောက်ခံရရှိခြင်းတို့ကြောင့် လိုငွေ ဖြစ်ပေါ်ခဲ့သော်လည်း ဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ (+/-) |
|---|---|---|---|---|
| ၁ | လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း | ၁၀၄၈,၄၄၃.၇၁ | ၁၅၃၈,၆၉၃.၄၉ | (-)၄၉၀,၂၄၉.၇၈ |
| ၂ | လျှပ်စစ်ဓာတ်အားဖြန့် ဖြူးရေးလုပ်ငန်း | ၄၁၅,၃၀၄.၃၈ | ၄၁၈,၃၉၈.၂၈ | (-)၃,၀၉၃.၉၀ |
| ၃ | မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း | ၁၉၇၁,၈၃၆.၁၅ | ၉၄၆,၃၇၇.၁၆ | (+)၁၀၂၅,၄၅၈.၉၉ |
| ၄ | မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း | ၂၄၂,၁၉၀.၀၄ | ၂၂၇,၉၂၈.၅၂ | (+)၁၄,၂၆၁.၅၂ |
| ၅ | မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း | ၂၃၂,၅၉၅.၇၂ | ၂၁၄,၆၆၁.၂၅ | (+)၁၇,၉၃၄.၄၇ |
| | **စုစုပေါင်း** | **၃၉၁၀,၃၇၀.၀၀** | **၃၃၄၆,၀၅၈.၇၀** | **(+)၅၆၄,၃၁၁.၃၀** |

(င) **စက်မှုဝန်ကြီးဌာန။** စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများအနက် မြန်မာ့ဆေးဝါးလုပ်ငန်းတစ်ခုသာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်လုပ်ငန်းများဖြစ်သည့် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းတို့မှာ အောက်ပါအချက်များကြောင့် လိုငွေ ပြခဲ့ပါသည်-

(၁) အမှာစာ ရရှိမှသာ ထုတ်လုပ်ရခြင်း၊

(၂) စီမံခန့်ခွဲမှုစရိတ်(လစာ၊ပင်စင်)၊ ငွေကြေးစရိတ်၊ တန်ဖိုးလျော့စရိတ်နှင့် အခွန်စရိတ်(ကုန်သွယ်ခွန်)၊ အခြားစရိတ်များကြောင့် ဖြစ်ပါသည်။ ဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် လိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၇,၄၉၈.၀၁ | ၅၀,၂၆၀.၇၂ | (-)၄၂,၇၆၂.၇၁ |
| ၂ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း | ၁၆,၉၄၉.၆၁ | ၂၈,၅၂၄.၉၇ | (-)၁၁,၅၇၅.၃၆ |
| ၃ | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၂၂,၅၀၅.၄၁ | ၅၂,၀၉၀.၈၉ | (-)၂၉,၅၈၅.၄၈ |
| ၄ | မြန်မာ့ဆေးဝါးလုပ်ငန်း | ၄၈,၉၉၅.၄၁ | ၄၂,၅၀၂.၁၃ | (+)၆,၄၉၃.၂၈ |
| | **စုစုပေါင်း** | **၉၅,၉၄၈.၄၄** | **၁၇၃,၃၇၈.၇၁** | **(-)၇၇,၄၃၀.၂၇** |

(စ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ ပိုငွေဖြင့်ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနတစ်ခုလုံးသည် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ၄၄၈,၂၀၈.၂၈ | ၃၇၉,၇၄၇.၄၂ | (+)၆၈,၄၆၀.၈၆ |
| ၂ | မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် | ၅၄,၀၇၃.၁၁ | ၅,၆၄၂.၆၆ | (+)၄၈,၄၃၀.၄၅ |
| ၃ | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ၃၄,၀၈၈.၁၉ | ၁၇,၄၉၆.၆၄ | (+)၁၆,၅၉၁.၅၅ |
| ၄ | မြန်မာ့အာမခံလုပ်ငန်း | ၅၈,၃၁၆.၈၇ | ၁၄,၈၈၆.၃၆ | (+)၄၃,၄၃၀.၅၁ |
| ၅ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၁၂၁,၄၁၆.၆၅ | ၉၈,၅၅၁.၉၅ | (+)၂၂,၈၆၄.၇၀ |
| | **စုစုပေါင်း** | **၇၁၆,၁၀၃.၁၀** | **၅၁၆,၃၂၅.၀၃** | **(+)၁၉၉,၇၇၈.၀၇** |

(ဆ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။** မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇၄၆,၇၃၄.၆၃ | ၁၁၁,၃၈၅.၈၇ | (+)၆၃၅,၃၄၈.၇၆ |
| | စုစုပေါင်း | ၇၄၆,၇၃၄.၆၃ | ၁၁၁,၃၈၅.၈၇ | (+)၆၃၅,၃၄၈.၇၆ |

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ**

(က) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် အောက်ပါအချက်များကြောင့် လိုငွေ ပြခဲ့ပါသည်-

(၁) ရေယာဉ်ပြင်ဆင်ခြင်းတွင် အကြီးစားပြင်ဆင်မှု နည်းပါးခြင်းနှင့် ပြင်ဆင်လာသည့် ရေယာဉ်များမှာလည်း အသေးစားရေယာဉ်များ ဖြစ်ခြင်းကြောင့် ဝင်ငွေရရှိမှု လျော့နည်းခြင်း၊

(၂) ဆောင်ရွက်ဆဲရေယာဉ်များ၏ အသုံးစရိတ်များ၊ လစာ၊ ပင်စင်၊ မီတာခစသည့် မသုံးမဖြစ်သည့် အသုံးစရိတ်များနှင့် အခြားဝန်ဆောင် စရိတ်များပါ ကျခံ သုံးစွဲရခြင်း၊

(၃) မြန်မာအမျိုးသားလေကြောင်း လိုငွေပြရခြင်းမှာ ပြည်တွင်းခရီးစဉ်များတွင် ပျံသန်းပြေးဆွဲလျက်ရှိသော ATR-72 လေယာဉ် XY-AEZ ဧပြီလမှ မတ်လအထိ ရပ်နားထားရခြင်း၊ ATR-72 XY-AIA၊ Embraer XY-AGQ နှင့် Caravan လေယာဉ်တို့သည် ခရီးစဉ်ပျံသန်းမှု စွမ်းအားပြည့် အသုံးမပြုနိုင်ခြင်းကြောင့် ဝင်ငွေလျော့နည်း ရရှိခဲ့ခြင်း၊

(၄) ပြည်ပခရီးစဉ်များဖြစ်သော စင်္ကာပူ၊ ဟောင်ကောင်၊ ဘန်ကောက်၊ ချင်းမိုင်၊ ဖူးကတ် မြို့နယ်များသို့ ပြေးဆွဲရာတွင် ဒေသအတွင်း အင်အားကြီး လေကြောင်းများနှင့် ယှဉ်ပြိုင်ပျံသန်းပြေးဆွဲရသည့်အတွက် လေယာဉ်လက်မှတ်ခ ဈေးနှုန်းများကိုလည်း လျှော့ချ ပြေးဆွဲရသဖြင့် ဝင်ငွေလျော့နည်းရရှိခဲ့ခြင်း၊

(၅) ပြည်ပခရီးစဉ် ပျံသန်း ပြေးဆွဲရာတွင် လိုအပ်သော Marketing လုပ်ငန်း ဆောင်ရွက်မှုစရိတ်များ၊ ပြည်ပဌာနခွဲများ/ ကိုယ်စားလှယ်များအတွက် ကျခံသုံးစွဲရသော စရိတ်များ၊ လေယာဉ်အင်ဂျင် ပြင်ဆင်စရိတ်များ၊ ငှားရမ်းပြေးဆွဲသည့် Embraer လေယာဉ် ၂ စီး၊ Boeing လေယာဉ် ၄ စီးအတွက် လေယာဉ်ငှားရမ်းခ၊ Maintenance Reserve အသုံးစရိတ်များ၊ IT လုပ်ငန်းဆိုင်ရာ

အသုံးစရိတ်များတို့ကြောင့် လိုငွေဖြင့် ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။ ဝန်ကြီး ဌာနတစ်ခုလုံး အနေဖြင့် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | ၈၀,၃၀၇.၇၅ | ၂၁,၈၇၂.၂၉ | (+)၅၈,၄၃၅.၄၆ |
| ၂ | မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | ၂,၉၀၆.၉၀ | ၃,၂၂၃.၀၀ | (-)၃၁၆.၁၀ |
| ၃ | မြန်မာအမျိုးသားလေကြောင်း | ၁၅၃,၇၅၁.၂၂ | ၁၅၇,၁၅၁.၇၂ | (-)၃,၄၀၀.၅၀ |
| | စုစုပေါင်း | ၂၃၆,၉၆၅.၈၇ | ၁၈၂,၂၄၇.၀၁ | (+)၅၄,၇၁၈.၈၆ |

(ခ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | ရငွေ | အသုံးစရိတ် | ပိုငွေ/လိုငွေ(+/-) |
|---|---|---|---|---|
| ၁ | ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၅၇၁,၀၇၃.၆၄ | ၅၁၉,၅၄၈.၁၁ | (+)၅၁,၅၂၅.၅၃ |
| ၂ | မန္တလေးလျှပ်စစ်ဓာတ် အားပေးရေးကော်ပိုရေးရှင်း | ၂၁၇,၈၅၀.၉၄ | ၁၉၃,၂၃၉.၂၀ | (+)၂၄,၆၁၁.၇၄ |
| | စုစုပေါင်း | ၇၈၈,၉၂၄.၅၈ | ၇၁၂,၇၈၇.၃၁ | (+)၇၆,၁၃၇.၂၇ |

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ခြုံငုံသုံးသပ်ပါက စက်မှုဝန်ကြီးဌာနမှလွဲ၍ ကျန်ပြည်ထောင်စုဝန်ကြီး ဌာန ၆ ခုနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီး ဌာန ၂ ခုတို့မှာ ပိုငွေ ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနများ ကြီးကြပ်မှုအောက်ရှိ ပိုငွေဖြင့် ဆောင်ရွက်ခဲ့သော အဖွဲ့အစည်း(၂၀)ခုမှာ-

(က) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (၁၇) ခု

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း (၃) ခု

ဝန်ကြီးဌာနများ ကြီးကြပ်မှုအောက်ရှိ လိုငွေဖြင့် ဆောင်ရွက်သော အဖွဲ့အစည်း(၁၁)ခုမှာ-

(က) နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (၉) ခု

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်း (၂) ခု တို့ဖြစ်ပါသည်။

နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများအနေဖြင့် စီမံခန့်ခွဲမှု အားနည်းခြင်း၊ နည်းပညာ အားနည်းခြင်းနှင့် လိုအပ်သည်ထက် ပိုလျှံနေသည် ဝန်ထမ်းအင်အားလစာနှင့် ပင်စင်စရိတ်များကြောင့် ထုတ်လုပ်မှုစွမ်းရည်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းများ ကျဆင်းလာပြီး ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်၏ ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေးစနစ်များနှင့် လိုက်လျောညီထွေမှု ရှိစေရေး၊ စီးပွားရေးဆန်ဆန် ဆောင်ရွက်ပြီး မိမိတို့၏ ဝင်ငွေတိုးတက်ရရှိစေရေးနှင့် မိမိဝင်ငွေဖြင့် ရပ်တည်နိုင်ရေးအတွက် ဈေးကွက်အခြေအနေအရ ထုတ်ကုန်ပစ္စည်းများကို တိုးချဲ့ထုတ်လုပ်ရန် လိုအပ်ခြင်း၊ ထုတ်လုပ်မှုနည်းပညာသစ်များ ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသည့် ကုန်ကျစရိတ်များအပြင် အလေအလွင့်နှင့် ဆုံးရှုံးမှုများ နည်းပါးစေရန် စီစဉ်ဆောင်ရွက်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ် စိစစ်ကာ ဝင်ငွေပိုမို ရရှိနိုင်ရေး၊ ဈေးကွက်လိုအပ်ချက်နှင့် သင့်လျော်သည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ တိုးချဲ့ ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ဆောင်သင့် ပါကြောင်း စိစစ် တင်ပြအပ်ပါသည်။

# အခန်း(၄)

## ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ

### ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

**လယ်ယာကဏ္ဍ။** လယ်ယာကဏ္ဍတွင် နိုင်ငံသားများ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် အာဟာရ ပြည့်ဝရေး၊ ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ ဌာနများ၊ လုပ်ငန်းဆက်စပ်လျက်ရှိသော ဌာန/အဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၄,၇၅၁,၃၀၆.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၄.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ၏ မတ်လကုန်အထိ (ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၁၃,၉၆၄,၇၇၁.၂ ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၄.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၀.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ယခင်နှစ်ထက် သီးနှံအချို့ စိုက်ပျိုးထုတ်လုပ်မှု မြင့်တက်ခဲ့သော်လည်း၊ ပြည်ပဝယ်လိုအားအပေါ် မှီခိုသည့် သီးနှံအချို့တွင် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ဆောင်းသီးနှံဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံ ဝယ်လိုအားနှင့် ဈေးနှုန်းကျဆင်းမှု ဖြစ်ပေါ်ခဲ့ပြီး မတ်ပဲ စိုက်ပျိုးမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စိုက်ပျိုးမှုထက် ဧက ၅ သိန်းခန့် လျော့နည်းခဲ့ပါသည်။ လျော့နည်းခဲ့သည့် မတ်ပဲစိုက်ဧရိယာများတွင် အခြားသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ စားတော်ပဲ၊ ကုလားပဲ၊ အစရှိသည့် ပဲမျိုးစုံသီးနှံများ၊ မြေပဲ၊ နှမ်းအစရှိသည့် ဆီထွက်သီးနှံများ၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ နွေစပါး စသည့် နှံစားသီးနှံများ၊ ဟင်းသီးဟင်းရွက်၊ ကြံ အစရှိသည့် သီးနှံများအစားထိုး စိုက်ပျိုးနိုင်ခဲ့ပါသည်။

လုပ်ကွက်ငယ်တောင်သူလယ်သမားများထံသို့ လက်တွန်းထွန်စက် ၁၆,၁၂၃ စီးနှင့် ထွန်စက်ကြီး ၃၈၆ စီးတို့အား ၂ နှစ် ၃ ရစ်ဆပ် အရစ်ကျစနစ်ဖြင့် လည်းကောင်း၊ ၃ နှစ် ၇ ရစ်ဆပ်စနစ်အရ စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ကို ပထမအရစ်ပေးသွင်းပြီး စက်ရယူကာကျန် (၉၀ ရာခိုင်နှုန်း) ကို ၆ လ တစ်ကြိမ် ၁၅ ရာခိုင်နှုန်း ဖြင့် ၆ ကြိမ် ခွဲ၍ ပြန်လည်ပေးသွင်းခြင်းဖြင့် ဌာနနှင့် ပုဂ္ဂလိကလယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးသူများ ပူးပေါင်းကာ တောင်သူများသို့ ထွန်စက်ကြီး ၁,၄၉၇ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၇၃ စီးအား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ရိတ်သိမ်းချိန်လွန်နည်းပညာများ သုတေသနပြု ဖော်ထုတ်နိုင်ရေးအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ အထောက်အပံ့ဖြင့် ရိတ်သိမ်းချိန်လွန် သုတေသနဌာန အဆောက်အဦး၊ ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် နည်းပညာများလည်း ရရှိခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေ အခက်အခဲမရှိ ပေးဝေနိုင်စေရေးအတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါး၊ မြစ်ရေတင်လုပ်ငန်းများနှင့် ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်း စသည့် လုပ်ငန်းများ၊ သောက်သုံးရေ ရရှိရေးအတွက် လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ ဌာနပိုင်နှင့် ကျေးရွာပိုင် ဆည်ငယ်၊ ကန်ငယ်များ တူးဖော်ပြုပြင်ခြင်းနှင့် စက်ရေတွင်းများ တူးဖော်ခြင်းစသည့် လုပ်ငန်းများ စုစုပေါင်း ၃,၁၀၉ ခုအား ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုနှစ် မိုးစပါးဧက ၁၂.၃၄ သိန်းခန့် စိုက်ပျိုးရေ ပြည့်စုံလုံလောက်စွာ ပေးဝေနိုင်ခဲ့ပြီး၊ နွေစပါး စိုက်ဧက ၁၂.၄ သိန်း အား ရေပေးဝေ စိုက်ပျိုးလျက်ရှိပါ သည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် နိုင်ငံတော်၏ အမာခံရိက္ခာသီးနှံဖြစ်သည့် ဆန်စပါးနှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် စပါးမျိုးများ စိုက်ပျိုးနိုင်ရန် စမ်းသပ် ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုသီးနှံများဖြစ်သည့် ဝါ ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော်တို့အား သိပ္ပံ နည်းကျ စိုက်နည်းစနစ်ဖြင့်စိုက်ပျိုး၍ သုတေသနပြုလုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စွာ စိုက်ပျိုးဆောင်ရွက်နိုင်ရန် ရာသီ အလိုက် စံပြကွက်များပြုလုပ်၍ စိုက်ပျိုးပြသ ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ထမ်းများ၊ တောင်သူများ၊ ပုဂ္ဂလိကများအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် နည်းပညာသင်တန်းများ သင်ကြားပို့ချပေးလျက်ရှိပါသည်။ ဝါအထွက်တိုး စိုက်ပျိုးနည်းသင်တန်း၊ ရော်ဘာစိုက်ပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းနည်းသင်တန်း၊ စက်မှုလက်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာသုံးစက်ကိရိယာမောင်းနှင်နည်းသင်တန်းများ၊ အသုံးပြုမှုသင်တန်းများ၊ တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ (GAP) ကို ကျေးရွာများအရောက်သင်တန်းများပေးခြင်းနှင့် ပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းစသည့် ပညာပေး အစီအစဉ်များ အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စက်မှုလယ်ယာစနစ်ကူးပြောင်း ရေး ဆောင်ရွက်လျက်ရှိရာ အစီရင်ခံသည့်ကာလအထိ ဆည်ရေသောက်စနစ်ခိုင်မာစွာ တည်ဆောက်ပြီး ဖြစ်သည့်ဒေသများတွင် စနစ်ကျ စက်မှုလယ်ယာမြေ ဖော်ထုတ်နိုင်မှုမှာ ၅,၃၇၉.၁၄ ဧကနှင့် ကုန်းမြင့် လယ်ယာမြေ ဖော်ထုတ်မှုတွင် ၁,၃၁၂ ဧက အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စိုက်ပျိုးထုတ်လုပ်နိုင်ရန် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို အတိုးနှုန်း သက်သာသည့် သီးနှံအမျိုးအစားအလိုက် ချေးငွေများဖြင့်လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာ ဝယ်ယူရန်အတွက် နှစ်တိုဖွံ့ဖြိုးရေးချေးငွေဖြင့်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၁,၇၀၇,၇၀၈.၉၅ သန်း ထုတ်ချေးခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ် အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

## ပုံ (၄-၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အစီရင်ခံသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် (ယာယီ) အထိ အကောင်အထည်ဖော်နိုင်မှုကို ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် လျော့နည်းခဲ့ပါသည်။

ချင်းပြည်နယ်၏ ရွှေ့ပြောင်းတောင်ယာစနစ်တွင် တောင်ယာခင်းသစ်ခုတ်ထွင်သည့် လုပ်ကွက်မှာ တစ်နှစ်ပြီး တစ်နှစ် ကျဉ်းမြောင်းလာခြင်း၊ တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများပြီး သီးနှံစိုက်ပျိုး ဖြစ်ထွန်းမှု မရှိသောကြောင့် ဝမ်းစာဖူလုံရေးအတွက် သီးနှံစိုက်ပျိုးမှုထက် အခြား စီးပွားရေးလုပ်ငန်းများကို စိတ်ဝင်စားလုပ်ကိုင်ကြသဖြင့် သီးနှံအချို့ စိုက်ဧကများနှင့် အထွက်များလျော့နည်းခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးတွင် ပြည်ပ ဝယ်လိုအားအပေါ် မှီခိုသည့် သီးနှံအချို့တွင် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ် ကြောင့်လည်းကောင်း၊ မောင်တောဒေသနယ်မြေအတွင်း တည်ငြိမ်မှု ပျက်ပြားခဲ့ခြင်းကြောင့်လည်းကောင်း သီးနှံများ၏ စိုက်ဧကနှင့် အထွက်များ လျော့နည်းခဲ့ပါသည်။

**သားငါးကဏ္ဍ။** သားငါးကဏ္ဍတွင် စားနပ်ရိက္ခာဖူလုံရေး၊ ပြည်သူများ အာဟာရ ပြည့်ဝရေး နှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။ ရေချို၊ ရေငန် ငါးဖမ်းဆီး ထုတ်လုပ်မှုများတွင် စနစ်တကျရှိစေရေးအတွက် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆,၉၇၀,၉၀၄.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

**၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၄-၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၀၅၈,၅၇၁.၉ သန်း ရရှိခဲ့သဖြင့် **ပုံမှန်ဈေးနှုန်းများ**အရ ၃.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ ပြည့်မီရေးအတွက် မွေးမြူသူများအား အရင်းအနှီးရရှိစေရန် တိရစ္ဆာန်မွေးမြူရေးချေးငွေများ ထုတ်ချေးပေးခြင်း၊ နို့ထုတ်လုပ်မှု တိုးတက်စေရန် မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ School Milk Programme အရ တိုင်းဒေသကြီး/

ပြည်နယ် အချို့တွင် နို့စားနွားများ တိုးတက်မွေးမြူ၍ နွားနို့များ ပိုမိုထုတ်လုပ်လာခြင်း နှင့် ဒေသခံ နွားမများအား နို့ထွက်ကောင်းမွန်သည့် နို့စားနွားမျိုးများဖြင့် မျိုးမြှင့်တင်သားစပ်၍ နို့စားနွား မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျေးလက်အသက်မွေး ဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၁,၅၀၀ တွင် ငွေကျပ် ၄၅.၀၀ ဘီလီယံဖြင့် ဆောင်ရွက်ပေး လျက်ရှိပါသည်။

အသားထုတ်လုပ်မှုတိုးတက်စေရေးအတွက် မြန်မာ-နယူးဇီလန် နို့စားနွားမွေးမြူမှုဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းဖြင့် နို့စားနွားများ မျိုးရိုးဗီဇမြှင့်တင်ပေးခြင်း၊ နွားခြံများစီမံခန့်ခွဲခြင်း၊ စားကျက်ခင်းစိုက်ပျိုးခြင်း၊ နွားနို့အရည်အသွေး စစ်ဆေးခြင်း၊ နို့ထုတ်လုပ်ငန်းများအတွက် ပညာ ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ခွာနာလျှာနာရောဂါ ကာကွယ် ထိန်းချုပ်ရေးစီမံကိန်းမှလည်း ခွာနာလျှာနာရောဂါ ဖြစ်ပွားမှု စူးစမ်းလေ့လာခြင်း၊ ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကြက် ငှက် တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံကိန်း ဖြင့်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုစူးစမ်းထောက်လှမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ အခြားသောစီမံကိန်းများဖြင့်လည်း စားကျက်များစိုက်ပျိုးပေးခြင်း၊ နွား၊ ဆိတ်၊ တိုင်းရင်းကြက်များအား သုတေသနပြုလုပ်ပေးခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သော တိရစ္ဆာန်မျိုးများ ဖော်ထုတ်ပေးခြင်းနှင့် ဖြန့်ဝေခြင်း၊ တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ အစားအစာကျွေးမွေးမှု စနစ်များ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်မှု ပညာပေးသင်တန်းများလည်း ဆောင်ရွက် ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းမှလည်း နွား၊ ကျွဲ၊ သိုး/ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ၊ ငုံးတို့ကို မွေးမြူခဲ့ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးအမျိုးမျိုးတွင် အဆ ၂၁.၁၆ သန်း၊ ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်း တွင် အကြိမ် ၂၇.၆၈ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၄.၃၄၅ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပျားရည်ထုတ်လုပ်မှုတွင် ပေါင်(ထောင်ပေါင်း) ၉,၆၃၁ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပျားထွက်ပစ္စည်း ၂,၆၇၂.၀၂ မ/တန်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။ ပျားများ ဖြင့် ဝတ်မှုန်ကူးပြောင်းစေခြင်းဖြင့် မျိုးကောင်းမျိုးသန့်နှင့် အောင်မြင်သောသီးနှံများ၊ မျိုးစေ့များကို ရရှိ စေရန်အတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စိုက်ကွင်းများတွင် ပျားအုံများကို ရွှေ့ပြောင်း မွေးမြူခြင်းစနစ်ဖြင့် ဝတ်မှုန်ကူးခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက် ကောင်ရေ ၆,၃၁၁.၂ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၅,၂၉၁.၀ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝမြစ်ချောင်း

အင်းအိုင်များ အတွင်းသို့ ငါးမျိုးကောင်ရေ ၁,၀၂၀.၂သိန်း မျိုးစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး နိုးဆော်ချက်ထုတ်ပြန်ခြင်း၊ ပညာပေးခြင်း (အယ်နီညို၊ လာနီညာ)၊ ငါးသယံဇာတထိန်းသိမ်းခြင်း၊ တရွတ်ဆွဲ ငါးဖမ်းရေယာဉ်များကို တည်ဆောက်မှုနှင့် ပြည်ပမှတင်သွင်းမှုများ ကန့်သတ်ခြင်း၊ သစ်သားကိုယ်ထည်များကို သံခွံရေယာဉ်များအဖြစ် ပြောင်းလဲတည်ဆောက်မှုကို စိစစ်ခွင့်ပြုခြင်း၊ တရွတ်ဆွဲ ငါးဖမ်းကိရိယာသို့ ပြောင်းလဲလုပ်ကိုင်ခြင်းများကို ကန့်သတ်ခြင်း၊ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်း မပြုရန် ပညာပေးနိုးဆော်ခြင်းများဆောင်ရွက်ခဲ့ပါသည်။

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်စေရန် တစ်ပိုင်တစ်နိုင် ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး စီမံကိန်း၊ ဇီဝဆိုင်ရာ အဆိပ်များ ပါဝင်မှုကိုစောင့်ကြည့် စစ်ဆေးခြင်းစီမံကိန်း၊ ကုန်းတွင်းပိုင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရေချိုရေငန် ဇီဝမျိုးစုံမျိုးကွဲများ ပူးပေါင်း ထိန်းသိမ်းရေးအစီအစဉ်၊ ပူးပေါင်းစီမံခန့်ခွဲမှု လုပ်ငန်းဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ရေလုပ်ငန်းဆိုင်ရာ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် လုံခြုံမှုရရှိစေခြင်းစီမံကိန်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကမ်းရိုးတန်းနေ ဆင်းရဲနွမ်းပါးသည့် ရေလုပ်သားများ၏ လူနေမှုဘဝမြင့်တင်ရေးစီမံကိန်း၊ မြန်မာ့ငါးလုပ်ငန်းဆိုင်ရာ စာရင်းအင်း အချက်အလက်များ တိုးတက်ရေးစီမံကိန်း၊ ငါးမွေးမြူရေးနည်းပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ Development of Sustainable and environmental friendly aquaculture techniques in coastal waters in Myanmar (JIRCAS)၊ ငါးလုပ်ငန်းစီမံခန့်ခွဲမှု တိုးတက်ရေးစီမံကိန်း (MYFish-2) (၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ)စသည့် လုပ်ငန်းစီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

အသား၊ ငါးထုတ်လုပ်မှု တိုးတက်စေရန် ဆောင်ရွက်ခြင်းအပြင် အသားစားမွေးမြူရေး စံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါများ စူးစမ်းလေ့လာရန်နှင့် ထိန်းချုပ်ရန်အတွက် ဘက်စုံပါဝင်သော စီမံခန့်ခွဲမှုအခြေပြုစီမံကိန်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြင့်မားရေးမှတစ်ဆင့် အပူပိုင်းဒေသရှိတောင်သူ လယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးစီမံကိန်း၊ ခွာနာ လျှာနာရောဂါ ကာကွယ်ထိန်းချုပ်မှု တိုးတက်ရေး စီမံကိန်း၊ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အရေးပေါ်ပြင်ဆင်မှု တိုးမြှင့် ဆောင်ရွက်ရန်အတွက် အတတ်ပညာပိုင်း ဆိုင်ရာ အကူအညီပေးရေးစီမံကိန်း၊ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါ ထိန်းချုပ်ရေး အထောက်အကူပြု လုပ်ငန်းများဖြစ်သည့် ခွေးရူးရောဂါ စူးစမ်းလေ့လာခြင်းနှင့် ဓာတ်ခွဲခန်း စွမ်းရည်များ တိုးတက်စေရေးစီမံကိန်း၊ မြန်မာနိုင်ငံ ကျေးလက်ဒေသ၏ ဇီဝမျိုးကွဲစုံလင်သော သစ်တောနေရာများတွင် နေထိုင်လျက်ရှိသော သီးသန့် လူ့အဖွဲ့အစည်းများအခြေပြု တိရစ္ဆာန်မှ တစ်ဆင့် လူသို့ကူးစက်တတ်သော

မိုင်းရပ်စ်ရောဂါ ပျံ့နှံ့ခြင်း လေ့လာရေးစီမံကိန်း စသည့် စီမံကိန်းများ နှင့် စီမံချက်များအား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နည်းပညာပူးပေါင်း၍ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် သားငါး ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

**ပုံ(၄-၆)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အစီရင်ခံသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊မတ်လကုန်အထိ(ယာယီ)တွင် တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် အသားနှင့် ငါးထုတ်လုပ်မှုများတိုးတက်ခဲ့ပြီး၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ပုဂ္ဂလိကစီးပွားဖြစ် မွေးမြူသူများမှ မွေးမြူထုတ်လုပ်မှုများလာခြင်းနှင့် ပွင့်လင်း ရာသီအတွင်း မွေးမြူရေးငါး၊ ပုစွန်နှင့် ရေငန်ပုစွန်ထုတ်လုပ်မှု တိုးလာခြင်း၊ ဧရာဝတီတိုင်း ဒေသကြီးတွင် အင်းများ၊ ချောင်းများ၊ ဘဲငါးဖမ်းကွက်များနှင့် ရေငန်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန် ထုတ်လုပ်မှုများ တိုးတက်လာခြင်းတို့ကြောင့် သားငါးကဏ္ဍအနေဖြင့် ယခင်နှစ်ထက် တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**သစ်တောကဏ္ဍ**။ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရေး၊ သစ်တောသယံဇာတ အရင်းအမြစ်များနှင့် သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့ရေး၊ ရာသီဥတု ညီညွတ်မျှတရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများ ရရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇၂,၆၇၄.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၃၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ မတ်လကုန်အထိ (ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈၃,၁၅၀.၃ သန်း ရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၁၄.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၂၉.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ ပါသည်။

နိုင်ငံတော်အနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ၁ နှစ် ရပ်ဆိုင်း ခြင်း၊ ပဲခူးရိုးမမှ သစ်ထုတ်လုပ်မှုကို ၁၀ နှစ် ရပ်ဆိုင်းခြင်းတို့အပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည် တည်ထောင်ရေး

၁၀ နှစ် စီမံကိန်းကို၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းသစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းမှ သစ်ထုတ်လုပ်မှုကို ပြန်လည်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့်သစ်မာ ထုတ်လုပ်မှုသည် ရည်မှန်းချက်ပြည့်မီစေရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းမှ ကျွန်း ၁၄,၆၅၅ ကုဗတန် နှင့် သစ်မာ ၃၂၀,၆၈၆ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျော နှင့် သစ်မဟုတ်သည့် သစ်တောထွက် ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါးနှင့် ကြိမ်အစရှိသည် တို့ကိုလည်း ဒေသတွင်း သုံးစွဲမှုအခြေအနေအရ ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောသယံဇာတ ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတအရင်းအမြစ်များရေရှည် ထုတ်ယူသုံးစွဲနိုင်ရေးကိုရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ကျွန်းစိုရိုက်မှတ်ခြင်း ၁၁,၆၄၄ ပင်၊ သစ်မာပင်ထောင် ရိုက်မှတ်ခြင်း ၂၀၄,၁၃၈ ပင်၊ ဓမ္မတာမျိုးဆက်ခြင်း ၅၇,၂၂၀ ဧက၊ အုပ်မိုးကာဆိုင်းလှဲခြင်း ၇.၀၃၄ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၂၉,၄၅၀ ဧက၊ ပင်ကျပ်နှုတ်ခြင်း ၂၈,၀၄၀ ဧက၊ နွယ်ဖြတ် ညှောင်ပတ်လှဲခြင်း ၁၂၄,၇၆၅ ဧက၊ သစ်တောလမ်းပြင်ဆင်ခြင်း ၁,၂၆၀ မိုင်၊ ကြိုးဝိုင်း နယ်နိမိတ် ပြင်ဆင်ခြင်း ၁,၆၃၅ မိုင်၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၁,၂၆၉ မိုင်၊ ကြိုးဝိုင်း တိုးချဲ့ဖွဲ့စည်းခြင်း ၂၂၄ စတုရန်းမိုင်၊ မီးကာကွယ်ခြင်း ၃၄,၅၉၀ ဧကနှင့် သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း ၁၃,၇၁၀ ဧက တို့ကို ရာသီအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မိုးရာသီကာလအတွင်း သစ်တောဦးစီးဌာနအနေဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီးပွားရေးစိုက်ခင်း ၁၄,၉၇၀ ဧက၊ ဒီရေတောစိုက်ခင်း ၃,၀၈၀ ဧက၊ ရေဝေရေလဲစိုက်ခင်း၂,၂၅၀ ဧက၊ တို့ကို စိုက်ပျိုးတည်ထောင်ခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်ဖြစ်သည့် စုစုပေါင်းသစ်တောစိုက်ခင်း ဧက ၂၀,၃၀၀ ကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား စုစုပေါင်းကျွန်းနှင့် သစ်မာသစ်တောစိုက်ခင်း ဧက ၉,၂၀၀ ကို တည်ထောင်ခွင့်ပြုခဲ့ရာ ပုဂ္ဂလိကကျွန်းစိုက်ခင်း ၄,၀၀၈ ဧက နှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၃,၉၀၂ ဧက တို့ကို တည်ထောင်စိုက်ပျိုးခဲ့ပြီးဖြစ်၍ စုစုပေါင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း ၇,၉၁၀ ဧက ကို စိုက်ပျိုး တည်ထောင်ခဲ့ပြီးဖြစ်ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ၄၁,၀၀၀ ဧက၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်း ၃,၈၈၈ ဧက၊ ထင်းအစားအခြားလောင်စာ တိုးမြှင့် အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြင့်မီးဖိုဖြန့်ဖြူးခြင်း ၃၄,၇၇၁ လုံး၊ လောင်စာ တောင့်သုံးစွဲခြင်း ၃,၉၈၃,၄၆၈ တုံးနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၁၅၄,၂၂၃ တန် တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေး လုပ်ငန်း တွင် ရေကန်ငယ် ၂၁ ကန်၊ ကျောက်စီနုန်းထိန်း တမံငယ် ၁၂၇ ခု၊ မြေအောက် ရေတွင်း ၅ တွင်း၊ တိမ်ကောရေကန်ပြန်လည်တူးဖော်ခြင်း ၄ ကန် နှင့် တစ်ဖက်ရပ်ဆည် ၃ ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပတ်ဝန်းကျင် လေထုနှင့် ရေထု များ၏ အရည်အသွေးကိုလေ့လာသိရှိနိုင်ရန်နှင့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများရေးဆွဲနိုင်ရေးအတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ခွဲခန်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တည်ထောင်လျက်ရှိပါသည်။ မြို့ပြနှင့်စက်ရုံအလုပ်ရုံများ ဖွံ့ဖြိုးလာသည်နှင့်အမျှ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန် အမျိုးသားအဆင့်နှင့် မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ စီမံကိန်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာ မပျောက်မပျက် တည်မြဲနိုင်သည့် အော်ဂဲနစ် ဒြပ်စစ္စည်းများစာရင်းကောက်ယူခြင်း လုပ်ငန်းများကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတွင် လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (က) တွင် မပါဝင်သည့် လုပ်ငန်းအမျိုးအစားများအတွက်လည်း ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ၁၄၀ စောင်၊ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း ၁၇၅ စောင်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ၁,၀၅၁ စောင်၊ စုစုပေါင်း ၁,၃၆၆ စောင် ကိုလည်း စိစစ်ပြန်ကြားခဲ့ပါသည်။ ထို့အပြင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ ၇ စောင်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် ၃ စောင်ကိုစိစစ်ပြန်ကြားခြင်း၊ EIA Guideline ရေးဆွဲခြင်းနှင့် အဏ္ဏဝါကမ်းရိုးတမ်းဒေသများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် Environmental Data Mangement (EDM) System တစ်ခုကိုလည်းတည်ဆောက်နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄-၉ )
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်
## စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရပ်ဆိုင်းခဲ့သော နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှုကို ပြည်တွင်းသစ်လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၀၆ ခုနှစ်မှ စတင် ခွင့်ပြုခဲ့သော ပုဂ္ဂလိက သစ်တောစိုက်ခင်းများမှ ထွက်ရှိလာသည့် ကျွန်းနှင့် သစ်မာ တိုင်/မျှော များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းကာလအတွင်း စတင်ထုတ်လုပ်ရန် ရည်မှန်းချက် ချမှတ်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ အကောင်အထည် ဖော်နိုင်မှုအခြေအနေမှာ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ပုဂ္ဂလိကပိုင်အခန်းမှ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းကို ဒေသတွင်း သုံးစွဲရန် လိုအပ်ချက်အပေါ် စိစစ်ပြီး ထုတ်လုပ်ခဲ့ခြင်းကြောင့် စီမံကိန်း ရည်မှန်းချက်အပေါ် ပြည့်မီခြင်းမရှိသော်လည်း ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ပြည့်မီစွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စေရန်အတွက် သစ်တောများ ပြန်လည်ပြုစု ထိန်းသိမ်းရေး လုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိ သကဲ့သို့ သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။

**စွမ်းအင်ကဏ္ဍ။** လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပိုမိုလာသော စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးကို ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ စွမ်းအင်အသုံးပြုနိုင်မှု စွမ်းရည်တိုးမြင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံ ချွေတာရေး၊ အခြားအစားထိုး စွမ်းအင်အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေးတို့ကို နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၀၄၄,၁၄၅.၇ သန်းဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်-

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ (၄-၁၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် မတ်လကုန်ထိတွင် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၄၂၂,၇၈၅.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၁၂.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၂.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်မူဝါဒများ နှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင်အောက်ပါတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်-

(က) ရေနံတွင်း ၄၀ တွင်းကို တွင်းပြုပြင်ခြင်း / သဲကြောတိုးချဲ့သေနတ်ဖောက်ခြင်း၊ ပေနက်သို့ တိုးချဲ့တူးဖော်ခြင်း ဆောင်ရွက်ခဲ့ရာ ၁၇ တွင်း အောင်မြင်ခဲ့ခြင်း၊

(ခ) ရေနံတွင်းသစ် စုစုပေါင်း ၂၂ တွင်း တူးဖော်ရန်လျာထားခဲ့ရာ ၁၆ တွင်း တူးဖော်နိုင်ခြင်း၊

(ဂ) ဘူမိဗေဒကွင်းဆင်းလေ့လာရေးအဖွဲ့မှ မကွေးတိုင်းဒေသကြီး၊ မင်းဘူး-စကုမြို့နယ်၊ ထောက်ရှာပင်-ကမ်းနီဒေသတွင် ဧရိယာ ၁၂ စတုရန်းမိုင် အတွင်းနှင့် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တွင် ဧရိယာ ၄၂ စတုန်းမိုင်အတွင်း တိုင်းတာနိုင်ခြင်း၊

(ဃ) ဘူမိရူပဗေဒ ကွင်းဆင်းလေ့လာရေးအဖွဲ့များမှ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့တွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၃၆၉.၈၄၅ တိုင်းတာခဲ့ခြင်း၊

(င) ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၂၇ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၁၉ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၄ ခု၊ စုစုပေါင်း ကုမ္ပဏီ ၃၃ ခု၊ ကမ်းလွန်လုပ်ကွက် ၃၆ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၂၀ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၀ ခု၊ စုစုပေါင်း ကုမ္ပဏီ ၃၀ ခု တို့မှ ဆောင်ရွက်နိုင်ခဲ့ခြင်း၊

(စ) ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ ရတနာသဘာဝဓာတ်ငွေ့ ရေနံမြေ၊ ရဲတံခွန် သဘာဝ ဓာတ်ငွေ့ ရေနံမြေနှင့် ဇောတိက သဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ကုဗပေ ၃၇၂,၅၄၉ သန်း ရောင်းချခဲ့ခြင်း၊

(ဆ) ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ကုဗပေ ၁၄၂,၃၃၉ သန်း ရောင်းချခဲ့ခြင်း၊

(ဇ) ရတနာသဘာဝဓာတ်ငွေ့ ရေနံမြေ၊ ဇောတိကသဘာဝဓာတ်ငွေ့ ရေနံမြေနှင့် ရွှေသဘာဝ ဓာတ်ငွေ့ရေနံမြေတို့မှ ပြည်တွင်းသုံးစွဲမှုအတွက်ကုဗပေ ၁၁၄,၆၁၉ သန်း ပို့လွှတ်ခဲ့ခြင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် စွမ်းအင် ကဏ္ဍ၏စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ် ဖြင့် ဖော်ပြပါသည်-

## ပုံ (၄ - ၁၂)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်

## စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီးတွင် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းမှ Compressor Train များကို ပြုပြင်ပြီးထုတ်လုပ်ခဲ့သဖြင့် ထိုင်းနိုင်ငံသို့ ပိုမိုရောင်းချနိုင်ခဲ့ပါသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးရှိ ရတနာစီမံကိန်းနှင့် ဇော်တိကစီမံကိန်းတို့မှ Gas Turbine Compressor များနှင့်ပိုက်လိုက်များကို ပြုပြင်ခဲ့သဖြင့် ကမ်းလွန်သဘာဝ ဓာတ်ငွေ့များ ပိုမိုထွက်ရှိပြီး ဘူးသွင်းသဘာဝဓာတ်ငွေ့အဖြစ် ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့ကို ရည်မှန်းချက်ထက် ပိုမိုပို့လွှတ်နိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင်ရေနံစိမ်းတွင်းများသည် သက်တမ်းကြာမြင့်သော တွင်းဟောင်းများ ဖြစ်သဖြင့် အထွက်နှုန်းများကျဆင်းလာမှုကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့သော်လည်း ပုဂ္ဂလိကရေနံစိမ်း ထုတ်လုပ်မှုတွင် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပုဂ္ဂလိက ရေနံစိမ်းများ ရည်မှန်းချက်ထက် ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ အထွက်နှုန်းများကျဆင်းခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဓာတ်ငွေ့ထွက်ရှိမှုလျော့နည်းခြင်းကြောင့် ရည်မှန်းထားသည့် ပမာဏကို ပြည့်မီခြင်းမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ဓာတ်သတ္တု သယံဇာတများကို ခေတ်မီနည်းပညာများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဥပဒေ၊ နည်းဥပဒေများအား ခေတ်စနစ်နှင့် လျော်ညီစေရေး၊ အရန်သတ္တုသိုက်များ ရှာဖွေဖော်ထုတ် ကန့်သတ် သတ်မှတ်ရေး၊ ဒေသခံများ အလုပ်အကိုင်ရရှိရန် ဦးစားပေးရေး၊ တရားမဝင် တူးဖော် ထုတ်လုပ် သယ်ဆောင် ရောင်းဝယ်မှုများ လျော့နည်း ပပျောက်စေရေး၊ ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်း ပျက်စီးမှု အနည်းဆုံး ဖြစ်စေရေး၊ ဓာတ်သတ္တုသယံဇာတ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချခြင်းဖြင့် ဓာတ်သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးတို့အတွက် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇၂၃,၆၆၈.၁ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၁၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ (၄-၁၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၉၀၂,၀၂၅.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၂၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၂.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ကျောက်စိမ်း၊ ကျောက်မျက်ရတနာ နယ်မြေများတွင် ပုဂ္ဂလိကကုမ္ပဏီများ၏ ထုတ်လုပ်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊ ရတနာခွန်များ ပေးဆောင်ရန်၊ တူးဖော်ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် နိုင်ငံတကာမှ အတွေ့အကြုံနှင့် နည်းပညာများ ရယူ၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဓာတ်သတ္တု သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ/ လုပ်ငန်းများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာမှုရှိ/မရှိ စစ်ဆေးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ဝန်းကျင်ဒေသ၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ငဖဲမြို့နယ်နှင့် မင်းတုန်းမြို့နယ်ဝန်းကျင်ဒေသများ၊ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် အရှေ့ခြမ်းနှင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ပုလော-မြိတ်-တနင်္သာရီနှင့် ကျွန်းစုမြို့နယ်များ၊ ချင်းပြည်နယ် ဟားခါးမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်နှင့် ရေဦးမြို့နယ်ဝန်းကျင်ဒေသများတွင် Mineral Database ကောက်ယူရေးနှင့် ဓာတ်သတ္တုဖြစ်ထွန်းမှု လေ့လာရေးလုပ်ငန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ဝန်းကျင်ဒေသတွင် ဂရက်ဖိုက်ရှာဖွေရေးလုပ်ငန်းနှင့် စိန်လွန်တွင်းများ တူးဖော်ခြင်းလုပ်ငန်း၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကျောက်တော်ရွာ ဝန်းကျင်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သင်ပေါင်းကျေးရွာအုပ်စု ခိုတောင်ချောင်းဝန်းကျင်ဒေသနှင့် ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊မဲဇာတော-မလယ်ကျေးရွာ ဝန်းကျင်ဒေသတို့တွင် ကျောက်မီးသွေးရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

သတ္တုရိုင်းများကို ဆင့်တက်ပြုပြင်၍ တန်ဖိုးမြင့်ရောင်းချနိုင်ရန်၊ ပြည်တွင်း၌ အရောင်းအဝယ်ဈေးကွက်ဖွံ့ဖြိုးစေရန် ကျောက်စိမ်း၊ ကျောက်မျက်အရောင်းအဝယ်များကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ကျောက်မျက်ရတနာအရောင်းအဝယ်ဈေးကွက်နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖွံ့ဖြိုးဖြစ်ထွန်းစေရန် One Stop Service Centre များ၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)နှင့် ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)တို့တွင် ကျောက်မျက်ရတနာဈေးများဖွင့်လှစ်ထားပြီး နိုင်ငံတကာအဆင့်မီ ကျောက်မျက်ရတနာ အရောင်းအဝယ် ဈေးကွက်နှင့် ရွှေဈေးကွက်ဖွင့်လှစ် အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

**ပုံ (၄-၁၅)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ)တွင် ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယခင်နှစ်ထက် ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ်တွင် ကျောက်စိမ်းထုတ်လုပ်မှုများ၊ ကယားပြည်နယ်တွင် မော်ချီးသတ္တုတွင်းမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ ထုတ်လုပ်မှု၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ကျောက်မီးသွေးနှင့် ကြေးနီသတ္တုစင် ထုတ်လုပ်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် နိုင်ငံပိုင် အကျုံးဦးစီး ဌာနမှ ကျောက်မာ ထုတ်လုပ်မှုနှင့် ထားဝယ်/ရေဖြူဒေသရှိ အသေးစား လုပ်ကွက်များမှ အဖြိုက်နက် သတ္တုသား ပါဝင်မှု များသည့် သတ္တုများ တူးဖော်ထုတ်လုပ်မှု၊ မကွေးတိုင်းဒေသကြီးတွင် ခရိုမီယမ် သတ္တု ထုတ်လုပ်မှု၊ မန္တလေးတိုင်းဒေသကြီးတွင် ရွှေစင်ထုတ်လုပ်မှု၊ မွန်ပြည်နယ်တွင် ခနောက်စိမ်းနှင့်ရောရာ သတ္တုရိုင်း၊ ထုံးကျောက်၊ လိပ်သဲကျောက် ထုတ်လုပ်မှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျောက်မီးသွေး၊ ထုံးကျောက်၊ ရှမ်းပြည်နယ် တွင် ခဲနှင့်ရောရာသတ္တုရိုင်း၊ ကြေးနီရောရာ သတ္တုရိုင်းများ၊ ရွှေ၊ မင်းဂနီးစ် ဒိုင်အောက်ဆိုဒ်၊ ခဲနှင့်ရောရာ သတ္တုရိုင်း ထုတ်လုပ်မှု၊ နေပြည်တော်ကောင်စီနယ်မြေတွင် ထုံးကျောက် ထုတ်လုပ်မှုများ လျာထားချက်ထက် ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။

**စက်မှုလက်မှုကဏ္ဍ**။ စားနပ်ရိက္ခာဖူလုံစေရေး၊ ပို့ကုန်ပိုမို တင်ပို့နိုင်ရေးတို့အတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့သည်နှင့်အညီ လယ်ယာ အခြေခံ စက်မှုထုတ်ကုန်များဖြစ်သည့် ဆန်ကို တိုးတက်တင်ပို့နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများကို နည်းပညာ၊ ငွေကြေးအရင်းအနှီးများ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၁,၈၁၅,၅၂၆.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ( ၄-၁၆ ) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၄-၁၇ ) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်းများဖြင့်** ကျပ် ၂၁,၅၇၅,၉၂၀.၇ သန်းရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ယခင်နှစ်အလားတူ ကာလထက် ၁၀.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းတွင် အဓိကအားဖြင့် စက်မှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံပိုင်စက်ရုံအချို့ ရပ်ဆိုင်းထားသော်လည်း အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်းအောက်ရှိ အထည်စက်ရုံများ၏ ထုတ်လုပ်မှုများ၊ မြန်မာ့ဆေးဝါး လုပ်ငန်းအောက်ရှိ ဆေးဝါးထုတ်လုပ်မှုများ၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ စက်မှုလယ်ယာဦးစီးဌာန၏ လက်တွန်းလယ်ထွန်စက် ထုတ်လုပ်မှုများ၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ သားရေနှင့်ဘောလုံးစက်ရုံ၊ သတ္တုပစ္စည်း စက်ရုံတို့၏ ထုတ်လုပ်မှုများမှာ ယခင်နှစ်ထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကနှင့် ပူးပေါင်း ဆောင်ရွက်သည့် ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)နှင့် မှန်စက်ရုံ (ကျောက်ဆည်) တို့မှ နိုင်ငံတကာ စံနှုန်းနှင့်အညီ အရည်အသွေး မြင့်မားသည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်ပေးလျက်ရှိပါသည်။

ပြည်သူ့ကျန်းမာရေး အထောက်အကူပြုဆေးဝါးများကို ခေတ်စနစ်နှင့် အမီလိုက်နိုင်ရန် အတွက် ဈေးကွက်လိုအပ်ချက်နှင့်အညီ ခဲခြောက်ပုံစံ (Freeze Dried Form) ဖြင့် မြွေဆိပ်ဖြေဆေး၊ Morphine Sulfate Tablet၊ HIV ကုသဆေးဖြစ်သည့် Tenofovir (300)mg ဆေး၊ ဘက်တီးရီးယားပိုးသတ်ဆေးများဖြစ်သည့် Cefalexin Capsule နှင့် Flocomox Capsule၊ ထိုးဆေးအမျိုးအစား ၁၀ မျိုးတို့ကို စမ်းသပ်ထုတ်လုပ်ခဲ့ပါသည်။ ကမ္ဘာ့အဆင့်မီ မြွေဆိပ်ဖြေဆေးများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး လာအိုနိုင်ငံသို့လည်း တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ သည်။ထို့ပြင် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါး ၁၆ မျိုးကို အယ်လကျီးနီးယား နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာသုံး စက်ကိရိယာများကို သုတေသနပြုလုပ်၍ ပြုပြင်ပြောင်းလဲစမ်းသပ် ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများအား အရစ်ကျစနစ်ဖြင့် ရောင်းချခြင်း၊ အရောင်းပြခန်းများ၊ အရောင်းကိုယ်စားလှယ်များ ထားရှိရောင်းချခြင်း၊ After Sale Service ပေးခြင်း တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာများ ပံ့ပိုးပေးခဲ့ပါသည်။ အရည်အသွေး ကောင်းမွန်သော ဂျုံခေါက်ဆွဲ၊ အီတလီခေါက်ဆွဲ ထုတ်လုပ်ခြင်း၊ မက္ကဒေးမီးယား ကိုင်းကူးဆက် စိုက်ပျိုးနည်းနှင့် အစေ့မှ ဆီထုတ်ခြင်း၊ လယ်ယာအခြေခံထွက်ကုန်များ ဖြစ်သော စပျစ်၊ ဂျင်း၊ ကော်ဖီနှင့်ဝဥတို့မှ ထပ်ဆင့်တိုးထုတ်ကုန်များ ပြုလုပ်ခြင်း၊ စဥ့်ထည် ထုတ်လုပ် ခြင်းတို့အတွက် စာတွေ့၊ လက်တွေ့နည်းပညာ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အပြင် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်မှု အရည်အသွေး စမ်းသပ်စစ်ဆေးသည့် နည်းပညာ ပေးအပ်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ သရက်သီးမှ တန်ဘိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရန်အတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် လည်းကောင်း၊ အုန်းသီးမှ တန်ဖိုးမြင့် လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်း၊ တန်ဖိုးမြင့် စားသောက်ကုန်နှင့် အော်ဂဲနစ် မြေဩဇာ ထုတ်လုပ်သည့် နည်းပညာများ၊ ကျေးလက်နေ ပြည်သူများ တစ်ပိုင်တစ်နိုင် လုပ်ကိုင် လာစေခြင်းဖြင့် ဝင်ငွေရရှိလာနိုင်စေရန် နှင့် နိုင်ငံတကာဈေးကွက်အထိ တင်ပို့ရောင်းချနိုင်စေရန်

ရည်ရွယ်၍ ဗေဒါပင်မှ တန်ဖိုးမြှင့် လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်း ပြုလုပ်လာနိုင်စေရန်အတွက် နည်းပညာပေးသင်တန်းကို ရန်ကုန်မြို့တွင် လည်းကောင်းပြုလုပ်ပေးခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုများတွင် အဓိကဦးဆောင်ပါဝင်နေသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာဆိုင်ရာ ကူညီပံ့ပိုးနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ကုန်ထုတ်စွမ်းအားတိုးမြှင့်နိုင်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စွန့်ဦးတီထွင်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စက်မှုဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် နည်းပညာနှင့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ အကူအညီအထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိပါသည်။ နိုင်ငံတော်မှ အသေးစား နှင့် အလတ်စားလုပ်ငန်းများသို့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်(SMIDB) မှတစ်ဆင့် ရင်းနှီးမြှုပ်နှံငွေ ထုတ်ချေးပေးခဲ့ပါသည်။ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ချေးငွေကို မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များဖြင့် ပူးပေါင်း၍ Two Step Loan (TSL) စနစ်ဖြင့် ငွေထုတ်ချေးပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ချေးငွေလျှောက်ထားရာတွင် ကန့်သတ်ချက် ဖြေလျှော့ပေးမှုအနေဖြင့် အာမခံအပေါင်ပစ္စည်း တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းရှင်များအတွက် မြန်မာ့အာမခံလုပ်ငန်း နှင့် ဂျပန်နိုင်ငံ SUMITOMO MITSUI BANKING CORPO-RATION (SMBC) တို့သည် သမဝါယမဘဏ် (CB Bank)နှင့် ပူးပေါင်း၍ Credit Guarantee Insurance (CGI) စနစ်ဖြင့် ငွေထုတ်ချေးပေးခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

စက်မှုသင်တန်းကျောင်း(ဆင်တဲ)ကို ဂျာမနီနိုင်ငံ GIZ၊ KfW အဖွဲ့အစည်းတို့နှင့် ပူးပေါင်း၍ စံပြသင်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်း အစီအစဉ်များဖြင့် ကျေးလက်ဒေသများနှင့် စက်မှုဇုန်များသို့ သွားရောက်လေ့ကျင့်သင်ကြားပေးခဲ့ပြီး စက်မှုဇုန်လုပ်သားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၄-၁၈)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ အကြီးစားလုပ်ငန်း ၇,၃၇၇ ခု၊ အလတ်စားလုပ်ငန်း ၁၀,၆၈၈ ခု၊ အငယ်စားလုပ်ငန်း ၄၂,၀၃၉ ခု၊ စုစုပေါင်းလုပ်ငန်း ၆၀,၁၀၄ ခု တို့ကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်အသီးသီးတွင် အကြီးစားလုပ်ငန်း ၃,၀၁၉ ခု၊ အလတ်စားလုပ်ငန်း ၂,၁၉၁ ခု၊ အငယ်စားလုပ်ငန်း ၁,၉၂၉ ခု၊ စုစုပေါင်းလုပ်ငန်း ၇၁၃၉ ခုတို့မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်း ထုတ်လုပ်မှုတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း အများစု စုစည်းတည်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ၊ မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ကြိတ်ခွဲရေး၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တည်ထောင်ပြီးနှင့် ထပ်မံဖော်ဆောင်မည့် စက်မှုဇုန်များ၊ စက်မှုဥယျာဉ်များ၊ ဒေသတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စနစ်တကျ ရှိစေရေးနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကို အလေးထား ဆောင်ရွက်ပေးနိုင်ရေးအတွက် စက်မှုဇုန် ဥပဒေ(မူကြမ်း) အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသည့် စွမ်းအင်လိုအပ် ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၂၅၃,၄၇၀.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၁၉) အကောင်အထည်ဖေါ်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၀)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ မတ်လကုန်အထိ ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း များအရ** ကျပ် ၁,၂၀၇,၁၅၀.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ နိုင်ငံပိုင်အခန်း၌ အကြီးစားရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ အသေးစား ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေး သုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ် ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေး စက်ရုံ ၁၄ ရုံ

တို့မှ စုစုပေါင်း ၅,၆၈၃ မဂ္ဂါဝပ် တပ်ဆင်ထားပြီး စုစုပေါင်း ကီလိုဝပ်နာရီ ၂၀,၀၁၀ သန်း ထုတ်လုပ်၍ ကီလိုဝပ်နာရီ ၁၇,၀၃၇.၀ သန်း သုံးစွဲနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့အားလုံး မီးလင်းပြီး ၇၀၅ ရွာ ထပ်မံမီးလင်းရန် ဆောင်ရွက်နိုင်သဖြင့် စုစုပေါင်း ၃၂,၄၃၃ ရွာ မီးလင်းခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများကို နိုင်ငံပိုင်ဓာတ်အားလိုင်း အပြင် အခြား ဒီဇယ်မီးစက်၊ အသေးစားရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့(Bio gas/ Bio mass)၊ လေအား စသည်တို့ဖြင့် ဆောင်ရွက်ပေးခဲ့သောကြောင့် တစ်နိုင်ငံလုံး ကျေးရွာများ၏ ၅၀.၁ ရာခိုင်နှုန်းအထိ မီးလင်းနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ် စီမံကိန်း များဖြစ်သော အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်နမ့်ထွမ်၊ ဒီးဒုတ်၊ အထက်ရဲရွာ၊ သူ့ခွေး၊ အထက်ကျိုင်းတောင်း၊ အထက်ဘီလူးချောင်း တို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်တွင် ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းကို ဆက်လက်တည်ဆောက်လျက်ရှိသည့် အပြင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၃ လိုင်း၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၂ လိုင်း ပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက် တည်ဆောက်လျက် ရှိပါသည်။

ပင်မဓာတ်အားခွဲရုံများဖြစ်သော ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံ သီလဝါဓာတ်အားခွဲရုံ ပြီးစီး၍ (ကလေး၊ မြဝတီ၊ ဂန့်ဂေါ၊ ကျိုက်လတ်၊ နမ့်စန်၊ မိုင်းပျဉ်း၊ ကျိုင်းတုံ၊ ဗန်းမော်၊ နဘား၊ ရွှေဘိုတို့ကို ဆက်လက်ဆောင်ရွက်ရှိသည့်အပြင် ၆၆ ကေဗွီဓာတ်အားခွဲရုံ (ကျောက်ဖြူ၊ တောင်ကုတ်၊ ကျေးသီး၊ မိုင်းရှူး၊မင်းတပ်၊ မင်းပြား၊ ပေါက် (သရက်တော)၊ ဆော၊ ထီးလင်း၊ ဂွ၊ မင်းကင်း၊ ရသေ့တောင်) တို့ ပြီးစီးပြီး ကော့ကရိတ်၊ မဒဲ၊ ဖားကန့်၊ ငွေဆောင်၊ ဧရတ်ကောင်း (တောင်)၊ ကလေးဝ၊ သံဖြူဇရပ်၊ နမ့်ဖက်ကာ၊ ဘူးသီးတောင်၊ မောင်းတော၊ ငါန်းဇွန်းနှင့် မော်လိုက်၊ မတူပီတို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ဓာတ်အားဖြန့်ဖြူးမှုအတွက် လျှပ်စစ်ဓာတ်အားလိုင်း ၄,၄၈၉ မိုင် ထပ်မံ တိုးချဲ့နိုင်ခဲ့သဖြင့် ၆၁,၁၈၈ မိုင်အထိ သွယ်တန်းနိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၁)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အစီရင်ခံသည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်ဓာတ်အားစနစ်မှ ကချင်ပြည်နယ်တွင် ၁၆ ရွာ၊ ကရင်ပြည်နယ်တွင် ၄၈ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၆၁ ရွာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၈ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၈၅ ရွာ၊ ရခိုင်ပြည်နယ်တွင် ၈၈ ရွာ၊ ရှမ်းပြည်နယ်တွင် ၁၃၆ ရွာနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၆၁ ရွာ တို့ကို ထပ်မံမီးလင်းအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး မြစ်သာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ စက်စွမ်းအားပြည့် ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခြင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ပုဂ္ဂလိကပိုင် (Myanmar Lighting) ရေနွေးငွေ့စက်ရုံ လည်ပတ်၍ ဓာတ်အားထုတ်လုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး လှော်ကား စွန့်ပစ် အပူသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို အဆင့်မြှင့်တင်လည်ပတ်နိုင်ခြင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံအဆင့်မြှင့်တင်၍ ပြန်လည် ထုတ်လုပ်နိုင်ခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။

အစီရင်ခံသည့် ကာလအတွင်း လိုအပ်လျက်ရှိသော ဓာတ်အားများ ရရှိနိုင်ရန် ဒေသအလိုက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-

- ရန်ကုန်တိုင်းဒေသကြီး သာကေတ ဓာတ်အားပေးစက်ရုံရှိ (JICA) ချေးငွေဖြင့် ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်ငွေ့တာဘိုင်စက် (၃)လုံး အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းအပ်နှံစာချုပ်ကို ချုပ်ဆိုခဲ့ပြီး စီမံကိန်းလုပ်ငန်းများ စတင် အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။
- မန္တလေးတိုင်းဒေသကြီး မြင်းခြံတွင် IPP, BOT စနစ်ဖြင့် ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို Sembcorp ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ၉၇.၄၁ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ပါသည်။
- မွန်ပြည်နယ် သထုံဒေသတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် နိုင်ငံပိုင် ၁၁၈.၉ မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို CEEC ကုမ္ပဏီဖြင့် ဆောင်ရွက်လျက် ရှိရာ ၉၄.၉၃ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း သာကေတ ဓာတ်အားပေးစက်ရုံအတွင်း JV, BOT စနစ် ဖြင့် ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေး စက်ရုံစီမံကိန်းကို UREC ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်းပြည့် ပြီးစီးပြီးဖြစ်ပါသည်။

နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးရန်အတွက် လျှပ်စစ်ဓာတ်အားတိုးတက် ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေးတို့အတွက် လုပ်ငန်းအစီအစဉ်များကို စီးပွားရေး မူဝါဒများနှင့်အညီ ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများကို နိုင်ငံတကာ အဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သော မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် ရေရှည်ထိန်းသိမ်းနိုင်မည့် မြို့ပြ ကွန်ယက်စနစ် အဖြစ် ဖြစ်ထွန်းလာစေရေးအတွက်စနစ်တကျ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၅,၉၁၇,၁၁၀.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်း များ**အရ ၆.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၂၂) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆောက်လုပ်မှုကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက် ဈေးနှုန်းများ**အရ ကျပ် ၅,၇၂၀,၈၆၄.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း လမ်းများတိုးချဲ့ခြင်း၊ အသစ်ပြုပြင်ခြင်းကို ဆောင်ရွက်လျက် ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနက မတ်လကုန်အထိ (ယာယီ)တွင် တိုင်းဒေသကြီး/ ပြည်နယ်များ ချိတ်ဆက်လျက်ရှိသည့် ရန်ကုန် - မန္တလေးအမြန်လမ်း၊ မန္တလေး-တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်း၊ မင်းဘူး - အမ်းလမ်း၊ အောင်ပန်း - ပင်လောင်း - မိုးဖြဲ - လွိုင်ကော်လမ်း၊ ရွှေဘို - မြစ်ကြီးနားလမ်း၊ မုံရွာ - ပုလဲ - ဂန့်ဂေါလမ်း၊ ဂန့်ဂေါ - ကလေးလမ်း၊ တောင်ငူ - မော်ချီး - လွိုင်ကော် လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်း၊ မုဒုံ-မြဝတီလမ်း၊ ရန်ကုန်-မော်လမြိုင်-

ထားဝယ်-မြိတ်လမ်း၊ သံဖြူဇရပ်-ဘုရားသုံးဆူလမ်း၊ ဟန်မြင့်မိုရ် -မြို့ကြီး-ရွာင်-အောင်ပန်းလမ်း၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်း၊ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းများအား ဆောင်ရွက်လျက်ရှိပါသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ် -ပူတာအိုလမ်း၊ ကယားပြည်နယ်တွင် ဖားဆောင်း-မယ်ဆည်နန့် - မယ်စဲ့ - နန်းမန်း - ဘီပီ(၁၃)လမ်း၊ ကရင်ပြည်နယ်တွင် အိန္ဒူ - ကော့ကရိတ်လမ်း၊ ချင်းပြည်နယ် တွင် သိုင်းငင်-တီးတိန်လမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ မင်းတပ်-မတူပီလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ-ယာကြီး-ကလေးဝလမ်း၊ ရေဦး-ကလေးဝလမ်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်း၊ ပါဆောင်(၁၈/၄မိုင်လမ်းခွဲ)ပါရိုး-ထန်ပါခွေလမ်း၊ ထမံသီ-လေရှီး-ဆွမ္မရာလမ်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ ပဲခူးတိုင်းဒေသကြီးတွင် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း၊ ဒိုက်ဦး-စစ်တောင်းလမ်း၊ မွန် ပြည်နယ်တွင် တရနာ-ဘုရားကုန်းလမ်း၊ ရခိုင်ပြည်နယ်တွင် ရန်ကုန်-စစ်တွေလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း၊ ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း၊ ရန်ကုန် တိုင်းဒေသကြီးတွင် သန်လျင်-သီလဝါလမ်းမကြီး၊ ရှမ်းပြည်နယ်တွင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း၊ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း (နမ့်ဆန်-ပန်လုံအပိုင်း)၊ ဧရာဝတီတိုင်း ဒေသကြီးတွင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း၊ ဖျာပုံ-ကျုံကဒွန်း-ဒေါင်္ငြိမ်း-အမာလမ်း၊ နေပြည်တော်တွင် နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား (မကွေး)လမ်း၊ နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်းများအား ဆောင်ရွက်လျက် ရှိပါသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မတ်လကုန်အထိ (ယာယီ)တွင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကွန်ကရစ်လမ်း ၅၇ မိုင်၊ ကတ္တရာလမ်း ၁၂၇ မိုင်၊ ကျောက်လမ်း ၁၀၇ မိုင်၊ ဂဝံလမ်း ၈၀ မိုင်၊ မြေလမ်း ၄၈ မိုင်၊ ကွန်ကရစ်တံတား ၁၂၄စင်း၊ ဘေလီ/ကြိုးတံတား ၁၆ စင်း၊ ရေကျော်/အခြား ၅၅ စင်း နှင့် ရေပြွန်/Box culvert ၁၇၇ စင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက မတ်လကုန်အထိ(ယာယီ)တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ နယ်စပ်ဒေသများ၌ ဒေသဖွံ့ဖြိုးရေးလမ်းများဖောက်လုပ်ရာတွင် မြေလမ်း ၇,၅၈၂ မိုင်၊ ကျောက်လမ်း ၅,၀၄၂ မိုင်၊ ကတ္တရာလမ်း ၉၀၅ မိုင်၊ ကွန်ကရစ်လမ်း ၄၀ မိုင် ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနက မတ်လကုန်အထိ(ယာယီ)တွင် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအနက် ကရင်ပြည်နယ်တွင် တံတား ၁ စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၃ စင်း၊ မွန်ပြည်နယ်တွင် တံတား ၁ စင်း၊ ရခိုင် ပြည်နယ်တွင် တံတား ၂ စင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတား ၂ စင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တံတား ၄ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် လုပ်ငန်းစီမံကိန်းသစ်များအနေဖြင့် ကချင်ပြည်နယ်တွင် တံတား ၉ စင်း၊ ကရင်ပြည်နယ်တွင် တံတား ၁ စင်း၊ ချင်းပြည်နယ်တွင် တံတား ၃ စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား ၄ စင်း၊ ပဲခူးတိုင်းဒေသကြီးတွင် တံတား ၂ စင်း၊ မကွေးတိုင်း ဒေသကြီးတွင် တံတား ၃ စင်း၊ မန္တလေးတိုင်းဒေသကြီးတွင် တံတား ၅ စင်း၊ ရခိုင်ပြည်နယ်တွင် တံတား ၅ စင်း၊ ရှမ်းပြည်နယ်တွင် တံတား ၉ စင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် တံတား ၆ စင်း နှင့် နေပြည်တော်တွင် တံတား ၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တွင် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်-

- လှည့်ပတ်ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော အိမ်ရာစီမံကိန်းများမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် တန်ဖိုးသင့် အိမ်ရာစီမံကိန်း ၁ ခု၊ မကွေးတိုင်းဒေသကြီးတွင် တန်ဖိုးသင့် အိမ်ရာစီမံကိန်း ၁ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် တန်ဖိုးမျှတ အိမ်ရာစီမံကိန်း ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာစီမံကိန်း ၅ ခု၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်း ၃ ခု၊ Villa ၂ ခုနှင့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်း ၁ ခု၊ ဧရာဝတီတိုင်းဒေသကြီး၌ တန်ဖိုးနည်း/သင့် အိမ်ရာစီမံကိန်း ၁ ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။
- မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများမှ ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူပူးပေါင်း၍ အန္တရာယ်ရှိသော အဆောက်အဦများနေရာတွင် အိမ်ရာအသစ် ပြန်လည် တည်ဆောက် သောအိမ်ရာစီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ခု၊ သက်တမ်းရင့်အိမ်ရာစခန်းဟောင်းများနေရာတွင် အသစ်ပြန်လည်ဆောင်ရွက်သော အိမ်ရာစီမံကိန်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် ၅ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁ ခု ဖြစ်ပါသည်။ စီမံကိန်းမြေ (အစိုးရမြေ)တွင် အကျိုးတူဖြင့် အိမ်ရာ စီမံကိန်း ၁၅ ခု အား ရန်ကုန်တိုင်းဒေသကြီးတွင် ဆောက်လုပ်လျက်ရှိပါသည်။
- မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ ကယားပြည်နယ် ဖားဆောင်းမြို့နှင့် ရှားတောမြို့၊ ချင်းပြည်နယ် ဟားခါးမြို့နှင့် ဘုံစုံးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး ပလမြို့၊ ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာမြို့နှင့် ရေတာရှည်မြို့၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့၊ မွန်ပြည်နယ် ကျိုက်ထိုမြို့၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မြန်အောင်မြို့တို့တွင်လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပြန်လည်ဆန်းစစ်ခြင်းကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။
- ဝန်ထမ်းအိမ်ရာစီမံကိန်း ဆောက်လုပ်ရန်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ပူတာအိုမြို့၊ ကရင်ပြည်နယ် ဘားအံမြို့ ကြာအင်းတောင်ကျေးရွာ၊ တနင်္သာရီတိုင်းဒေသ

ကြီး ထားဝယ်မြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ရေနံချောင်းမြို့နှင့် ချောက်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ သထုံမြို့ နှင့် ချောင်းဆုံမြို့၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ရှမ်းပြည်နယ် တာချီလိတ်မြို့၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တို့တွင် တန်ဖိုးသင့်အိမ်ရာ အဆောက်အဦ တည်ဆောက်ရန်အတွက် ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

- မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ၁၉၃၈ ပြည့်နှစ် မြေအောက်ရေ ကြီးကြပ်မှု အက်ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း)နှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ(မူကြမ်း) တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာနည်းဥပဒေ (မူကြမ်း) အား အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၂၄)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့်သာမက တိုင်းဒေသကြီး/ ပြည်နယ်ဘတ်ဂျက်ဖြင့် တံတားများတည်ဆောက်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ ဖောက်လုပ်

ခြင်းများ၊ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းဖောက်လုပ်ခြင်းများ၊ တာတမံ ပြုပြင် ထိန်းသိမ်းခြင်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ လွှတ်တော်တည်ဆောက်ခြင်း၊ လေယာဉ်ကွင်း တည်ဆောက်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍမှ မတ်လကုန်အထိ(ယာယီ)တွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ လမ်း၊ တံတား များကို တည်ဆောက် အဆင့်မြှင့်တင်နိုင်ခြင်းကြောင့် မြို့ရွာများလမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ခြင်းနှင့် ပြည်သူများခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေခြင်းတို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင်များစွာ အထောက်အကူ ဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**။ ပို့ဆောင်ရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်ရန်အတွက် မူဝါဒများချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ မှတဆင့် ဒေသတွင်း နိုင်ငံများသို့ ပို့ဆောင်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ခြင်း၊ ပြည်သူများ အရည်အသွေးမြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများရရှိစေရန် ရည်ရွယ်၍ ကုန်းလမ်း၊ ရေလမ်း၊ မီးရထားလမ်း၊လေကြောင်းလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဖွံ့ဖြိုး ကျယ်ပြန့်လာသည်နှင့်အညီ ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသွားလာမှုများ ပိုမိုအဆင်ပြေ ချောမွေ့စေရန် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ခြင်းတို့ ဆောင်ရွက် လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၉,၉၈၂,၉၉၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၂၅) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၆) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၁၀,၀၀၃,၈၃၀.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၂ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) နိုင်ငံပိုင်အခန်းမှ ခရီးသည် ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးမှခရီးသည်ဦးရေ ၁၂.၇သန်း၊ ခရီးသည်မိုင် ၄၃၆.၂သန်း၊ ကုန်တန်ချိန် ၁.၁သန်း၊ ကုန်တန်မိုင် ၁၉၇.၁ သန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာ့မီးရထားမှ ခရီးသည်ဦးရေ ၄၆.၉ သန်း၊ ခရီးသည်မိုင် ၂၀၅၃.၉ သန်း၊ ကုန်တန်ချိန် ၁.၈ သန်း ၊ ကုန်တန်မိုင် ၄၄၉.၉ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၁၀.၀ သန်း၊ ခရီးသည်မိုင် ၄၁.၁ သန်း၊ ကုန်တန်ချိန် ၀.၇ သန်း၊ ကုန်တန်မိုင် ၆၃.၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့ ပါသည်။

(ဃ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည် ဦးရေ ၁.၀၆ သန်း၊ ပြည်တွင်း ခရီးသည် မိုင် ၃၂၄.၉ သန်း ၊ ပြည်ပခရီးသည်ဦးရေ ၀.၃၂ သန်း၊ ပြည်ပခရီးသည်မိုင် ၂၅၆.၈ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၁ သန်း ၊ ပြည်တွင်းကုန်တန်မိုင် ၀.၃၃ သန်း၊ ပြည်ပကုန်တန်ချိန် ၀.၀၀၀၃ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၃၅ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံ၏ အဓိက မြစ်ကြီးများ ဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ရှိ မြစ်များနှင့် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ ရေလမ်းကြောင်းများတွင် ရေလမ်းကြောင်း ကောင်းမွန်စေရေး၊ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး၊ မြို့ရွာများရေတိုက်စားမှုမှ ကာကွယ်ရေး၊ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် မပြတ်စစ်ဆေးပေးခြင်း၊ ရေထုညစ်ညမ်းမှု မပေါ်ပေါက်စေရေး၊ မြစ်ကြောင်းများ ရေအနက် မြင့်မားလာစေရေးနှင့် ရေယာဉ်များ ကုန်တင်အလေးချိန် တိုးတက်တင်ဆောင်သွားလာနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါ သည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ ဝင်ရောက် ဆိုက်ကပ်ဆောင်ရွက်သည့် သင်္ဘောစီးရေ ၂,၂၉၄ စီးနှင့် ကုန်သေတ္တာအဝင် ၅၂၀,၉၃၂ လုံး (၈၁၁၉,၅၈၂ မက်ထရစ်တန်)၊ ကုန်သေတ္တာအထွက် ၅၂၈,၄၂၀ လုံး (၄၄၉၈,၄၃၀ မက်ထရစ်တန်) တို့အား ဝန်ဆောင်မှုပေးခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအနေဖြင့် ပြည်တွင်း ပြည်ပမှ လုပ်ငန်းအပ်နှံ လာသည့် ရေယာဉ်များအား တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ ရေယာဉ် ၁၇ စီးပြင်ဆင်နိုင်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် ဌာနပိုင် ရေယာဉ်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်း၍ ရန်ကုန်မြစ်တွင်း အပျော်စီး ရေယာဉ်

အဖြစ်လည်းကောင်း၊ မြစ်တွင်းသွား အပျော်စီးရေယာဉ်အဖြစ်လည်းကောင်း၊ ခရီးသည် ပို့ဆောင်ရေး ရေယာဉ်များအဖြစ်လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်ကြီးများတစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့်ကုန် ပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ ဆန်၊ ကျောက်စရစ်၊ ပဲအမျိုးမျိုး၊ သံ၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ စားသုံးကုန် ပစ္စည်းအမျိုးမျိုးတို့ကို ပို့ဆောင်ပေးခြင်း၊ ကွန်ယက်စနစ်တည်ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း၍ပို့ဆောင်ပေးခြင်း၊ နိုင်ငံတော်ပိုင် အဖွဲ့အစည်းများ၏ စီမံကိန်းဝင် ကုန်ပစ္စည်းများ၊ ပို့ကုန်/ သွင်းကုန် ပစ္စည်းများ နိုင်ငံတော်ပိုင်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ပုဂ္ဂလိကပစ္စည်းများကို သယ်ယူပို့ဆောင်ပေးခြင်း၊ နိုင်ငံတော်၏စီမံကိန်းဝင် မြစ်ကူး/ချောင်းကူးတံတားကြီးများ တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက် ပေးလျှက်ရှိပြီး ရေယာဉ်/ တွဲယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဌာနမှ ပုဂ္ဂလိကများသို့ စတင်ငှားရမ်းစဉ် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အသေးစိတ်ရှင်းလင်း အသိပေးပြီး ဆောင်ရွက်နေပါသည်။

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ရန်ကုန်/ချင်းမိုင်၊ မန္တလေး/ဘန်ကောက် ခရီးစဉ်များအပြင် ရန်ကုန်/ဗီယန်ရှင်း ခရီးစဉ်အား တိုးချဲ့ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက် လျက် ရှိပါသည်။ ရန်ကုန်/ဖူးခက်ခရီးစဉ်အား(၂၅-၃-၂၀၁၈)ရက်နေ့တွင် စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပါသည်။ နိုင်ငံတကာ ခရီးစဉ်များ ပုံမှန်ပြေးဆွဲနိုင်ရန်အတွက် IATA Operational Safety Audit (ISOA) လက်မှတ်ရရှိနိုင်ရေးအတွက် သင်တန်းများ ပို့ချပေးပြီး Business Plan ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသစခန်း၆၄ ခု၊ ဇလဗေဒစခန်း ၂၄၊ မိုးလေဝသနှင့် ဇလဗေဒ(မိုး)စခန်း ၄၄ ခု၊ မိုးလေဝသနှင့်ဇလဗေဒ(ဇလ)စခန်း ၄၈ ခု၊ စိုက်ပျိုးရေး မိုးလေဝသစခန်း ၁၇ ခု၊ မြေငလျင်တိုင်းထွာရေးစခန်း ၁၉ ခု၊ လေကြောင်းမိုးလေဝသစခန်း ၁၀ ခုတို့မှ တိုင်းထွာချက်အကြိမ်ပေါင်း ၂၇၅,၉၄၀ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ကုန်စည် စီးဆင်းမှုနှင့် ခရီးသွားလာမှုလွယ်ကူ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်-မြင်းခြံ၊ ရန်ကုန်-ပခုက္ကူ၊ မန္တလေး-မော်လမြိုင်၊ မန္တလေး-ရန်ကုန်၊ မန္တလေး-ဘားအံ၊ ရန်ကုန်-ရေဦး၊ ပြင်ဦးလွင်-ရန်ကုန်၊ မြဝတီ-မန္တလေး၊ မြဝတီ-ပုသိမ် စသည့် ခရီးစဉ်များပြေးဆွဲပေးခြင်း၊ အမြဲစိမ်းကုန်းလမ်းပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ City Bus များဖြင့် ရန်ကုန်မြို့တွင်းအများပိုင် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းတွင် ယာဉ်လိုင်းအမှတ်(၆၅)ဖြင့် ရွှေပြည်သာ-ဗိုလ်တထောင် ခရီးစဉ်အား ပြေးဆွဲပေးခြင်း၊ စန်းရောင်နီ ကုန်းလမ်း ပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ City Bus များဖြင့် ရန်ကုန်မြို့တွင်းအများပိုင် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းတွင် ယာဉ်လိုင်းအမှတ်(၂၃) ဖြင့် လှိုင်သာယာ-သခင်မြ ပန်းခြံခရီးစဉ်နှင့် ယာဉ်လိုင်း အမှတ်(၆)ဖြင့် ဒဂုံရောအဝေးပြေး-တောင်ဒဂုံ (၁၀၆) ခရီးစဉ်တို့အားပြေးဆွဲပေးခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ပြည်တွင်းမှ ထုတ်လုပ်သော ယာဉ်များ စုစုပေါင်း ၆,၈၄၄ စီးနှင့် ပြည်ပမှ တင်သွင်းလာသောယာဉ်များစုစုပေါင်း ၇,၇၈၃,၇၃၁ စီးတို့ မှတ်ပုံတင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ယာဉ်မောင်းလိုင်စင်များကိုလည်း လိုင်စင်အမျိုးအစားအလိုက် ထုတ်ပေးခဲ့ရာစုစုပေါင်း ၅,၂၂၈,၁၂၀ ထုတ်ပေးနိုင်ခဲ့ပါသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းများကိုလည်းသက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့မီးရထားသည် လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား ၃၈ စင်း၊ စာပို့ရထား ၆၂ စင်း၊ လူစီးကုန်တင်ရထား ၅၀ စင်း၊ ခရီးတိုရထား ၂၂ စင်း၊ မြို့ပတ်ရထား ၂၂၀ စင်း၊ စုစုပေါင်း လူစီးရထား ၄၁၄ စင်းနှင့် ကုန်ရထား ၁၇ စင်းတို့ ပြေးဆွဲခဲ့ပါသည်။ ရထားများရာနှုန်းပြည့် အချိန်မှန်ကန်ရေးအတွက် အလေးထား ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) လူစီးရထားများ၏တစ်လပျမ်းမျှ အချိန် မှန်ကန်မှုမှာ အမြန်ရထား ၇၂ ရာခိုင်နှုန်း၊ စာပို့ရထား ၉၃ ရာခိုင်နှုန်း၊ လူစီးကုန်တင်ရထား ၈၅ ရာခိုင်နှုန်း၊ မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၉၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဧပြီလမှမတ်လအထိ) သံလမ်း ပြုပြင် ထိန်းသိမ်းခြင်း ၇၉၁.၆၁၄ မိုင်၊ တံတားများပြုပြင်ထိန်းသိမ်းခြင်း ၉၃ စင်း၊ စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်း ၁၂၃ စီး တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ မြန်မာ့မီးရထားရှိ အရေးကြီးသော ရထားလမ်းပိုင်း များဖြစ်သည့် ရန်ကုန်-မန္တလေး၊ မန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ် နှင့် ရန်ကုန် မြို့ပတ်လမ်းပိုင်းများတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရထားလမ်းအဆင့် မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

အချက်ပြနှင့်ဆက်သွယ်ရေးစနစ်များကောင်းမွန်စေရေးအတွက်ရန်ကုန်ယာဒ်ဝင်းနှင့် ပုဇွန်တောင် ယာဒ်ဝင်းများတွင် သံလမ်းအောက်မြေတူးခြင်းနှင့် ပိုက်ထည့်ခြင်းလုပ်ငန်း၊ Track Circuit Junction Box အခြေထိုင်ခြင်းနှင့် ကြိုးသွယ်ခြင်းလုပ်ငန်း၊ Point Machine နှင့် Junction Box ကြိုးသွယ်ခြင်းလုပ်ငန်း၊ Megger Test and Continuity Test ပြုလုပ်ခြင်း Point များလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း၊ အချက်ပြမီးတိုင်များစိုက်ထူခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပို့ဆောင်ရေး ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည် ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄-၂၇)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

နိုင်ငံတစ်ဝှမ်း ခရီးသည်နှင့် ကုန်စည်များအဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာသယ်ယူပို့ဆောင် နိုင်ရန်တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ပို့ဆောင်ရေးကဏ္ဍ ဘက်ညီဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ဆောင်ရေးလမ်းကြောင်းများဖြစ်သည့် ရေလမ်း၊ကုန်းလမ်း၊မီးရထားလမ်း၊လေကြောင်းလမ်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပထဝီအနေအထား၊ လူဦးရေအခြေအနေများပေါ် မူတည်၍ ဦးစားပေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ**။ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများတွင် ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်စေပြီး၊ ဘဏ္ဍာရေး အရင်းအမြစ်ဖြစ်သော အခွန်အခများ အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်သွားရန်၊ e-Government လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းနှင့် လှိုင်းစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား စီးပွားရေး ဆန်ဆန်ဆောင်ရွက်နိုင်ရေး ကော်ပိုရေးရှင်းအသွင် ပြောင်းလဲနိုင်ရေး ဆောင်ရွက်သွားရန်၊ ဆက်သွယ်ရေး ကွန်ရက်ကို လူနေဧရိယာ၏ ၈၅ ရာခိုင်နှုန်း လွှမ်းခြုံဖြန့်ကျက်နိုင်ရေး ဆောင်ရွက်သွားရန်၊ ဒုတိယကာလတို (၅)နှစ်တွင် တယ်လီဖုန်းလုံးရေ (၇၅) သန်းထိ သုံးစွဲသွားနိုင်ရန်နှင့် တယ်လီဖုန်းသိပ်သည်းဆ ၁၂၅ ရာခိုင်နှုန်းထိ တိုးတက်ရရှိစေရန်၊ စာပို့တိုက်ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲသွားရန်၊ မြန်မာ့စာတိုက်လုပ်ငန်းအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် ခေတ်မီသည့် ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်း အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၇၆၀,၉၉၃.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၆ ရာခိုင်နှုန်း တိုးတက်ရန် လျာထားခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆက်သွယ်ရေးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများဖြင့်** ကျပ် ၁၇၈၅၁၈၄.၆ သန်း ရရှိခဲ့၍ ရည်မှန်းချက်အပေါ် ၁၀၁.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၅၄ အရ အများပြည်သူအကျိုးငှာ နေရာဒေသမရွေး အခြေခံဆက်သွယ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းရေး အစီအစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး World Bank ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော Telecom Sector Reform Project ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လည်း ဆောင်ရွက်လျက်ရှိပါသည်။ ဆက်သွယ်ရေးဥပဒေပုဒ်မ (၇၄) အရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တော် အတွင်း ဆက်သွယ်ရေးကဏ္ဍနှင့် သက်ဆိုင်သည့် နည်းပညာစံချိန်စံညွှန်းကိစ္စများ ၊ လိုင်းနှုန်းစဉ်စီမံခန့်ခွဲခြင်း ဆိုင်ရာ ကိစ္စများ၊ အသုံးပြုသူကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စများ၊ နိုင်ငံတော်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရေးအတွက် မဟာဗျူဟာများ ချမှတ်ခြင်း ကိစ္စများတွင် အကြံပေးနိုင်ရေးအတွက် ဖွဲ့စည်းခဲ့သည့် “ အမျိုးသားဆက်သွယ်ရေးအကြံပေးကော်မတီ ” ၏ လုပ်ငန်းတာဝန်များအား အထောက်အကူပြု ဆောင်ရွက်ပြီး အော်ပရေတာများထံမှ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ ကောက်ခံရရှိနိုင်ရေး အလေးထား ဆောင်ရွက်လျက် ရှိပါသည်။

**သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့်** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည်၍ အမျိုးသားရည်မှန်းချက်အဖြစ် ချမှတ်ခဲ့သော စီးပွားရေးမူဝါဒများတွင်အပါ အဝင်ဖြစ်သော “Data ID Card System, Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်” ဟူသည့် စီးပွားရေးမူဝါဒအား အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်သွားနိုင်ရေး ဦးတည် ရည်မှန်းချက်ထား၍ e-Government လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့်** ယခုဘဏ္ဍာနှစ်တွင် သမားရိုးကျ ငွေပို့လွှာလုပ်ငန်းများအပြင် IT နည်းပညာအသုံးပြုဆောင်ရွက်လျက်ရှိသည့် ပြင်ပငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်သော CB Bank (Easi Mobile) , FBP(My Kyat), OK$ , AGD Bank, Myanmar Citizen Bank (663), A Bank, 2c2p (@post) , Myanmar Mobile Money (MMM) စသည်တို့နှင့် ချိတ်ဆက်၍ Mobile Money လုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်** မိုဘိုင်းတယ်လီဖုန်း SIM ကတ်များဖြန့်ဖြူးခြင်းကို ပုဂ္ဂလိကဖြန့်ဖြူးရောင်းချသူများထံမှ ရောင်းချစနစ်သစ်ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့မှ စ၍ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ စုစုပေါင်းမိုဘိုင်း SIM ကတ် (၄၂)သန်း ကျော် ဖြန့်ဖြူးရောင်းချပြီး ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် တယ်လီဖုန်းဆက်သွယ်ရေး

လုပ်ငန်းများကို အရည်အသွေးကောင်းမွန်ရေး၊ ဆက်သွယ်မှုလျင်မြန်ရေး၊ ချို့ယွင်းပြတ်တောက်မှု လျော့နည်းရေးတို့ကို အလေးထားလျက် အားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)အထိ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၃၀)**
**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**
**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်(ယာယီ) (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ) တာဝါတိုင် ဆောက်လုပ်ပြီးစီးမှု အခြေအနေမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၇,၂၁၂ တိုင်၊ အော်ရီဒူး မြန်မာ လီမိတက်က ၄,၇၉၉ တိုင်နှင့် တယ်လီနောမြန်မာ လီမိတက်က ၆,၃၅၂ တိုင်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက ၁၀၅၆ တိုင်၊ Mytel ကုမ္ပဏီလီမိတက်က ၃၅၈ တိုင်၊ စုစုပေါင်းတာဝါတိုင် ၁၉,၇၇၇ တိုင် ဆောက်လုပ် ပြီးစီးခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် Telecom International Myanmar (Mytel) အော်ပရေတာ အသစ် တစ်ခုတိုးလာပြီး ပြည်တွင်းပြည်ပ အော်ပရေတာများကို ယှဉ်ပြိုင် လုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့် အင်တာနက် ဝန်ဆောင်မှုများကို ပြည်သူများ စိတ်ကြိုက် ရွေးချယ်သုံးစွဲနိုင်မည့်အပြင် နိုင်ငံတော်၏ ဝင်ငွေများ တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်ကို ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးပွားစေရန် ဦးတည်ရည်မှန်းလျက် ပိုမိုထိရောက်လွယ်ကူလျင်မြန်သော ငွေရေးကြေးရေး ဝန်ဆောင်မှု များ ပေးနိုင်ရန် ဘဏ်နှင့်အခြားသော ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ရည်ရွယ်ချက်များချမှတ်၍ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ **စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၂၈,၉၃၄.၈ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်း အခြေအနေ**

ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ငွေရေးကြေးရေးကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ)ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂၅၇,၈၅၇.၄ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၁၂.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၂၄.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်ခွဲများ သာမက နိုင်ငံခြား ဘဏ်ခွဲများ၊ ပြည်တွင်း ငွေရေးကြေးရေး ကုမ္ပဏီများကိုပါ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်းနှင့် အစိုးရငွေတိုက် စာချုပ်များအား ထုတ်ဝေ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ JICA ချေးငွေအထောက်အပံ့ဖြင့် စိုက်ပျိုးရေး နှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း (Agriculture and Rural Development Two Step Loan Project ARD-TSL Project) ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ထိုစီမံကိန်းအရ ၁ ဧကမှ ၅၀ ဧကအထိ လုပ်ကိုင်သော တောင်သူလယ်သမားများ၊ တောင်သူလယ်သမား အစုအဖွဲ့များ အနေဖြင့် လယ်ယာသုံး စက်ကိရိယာ ချေးငွေများ (ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့ စက်စသည့်ဖြင့်) အပြင် ဆန်စက်၊ ဆီစက်၊ စားသောက်ကုန် ထုတ်လုပ်သည့်စက်များ ဝယ်ယူရန် ချေးငွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြေခံစီးပွားရေးလုပ်ငန်း များတွင် စက်ရုံ၊သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံသည့် ချေးငွေများ ထုတ်ချေး ပေးလျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်ထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတွင် ကျပ်သန်းပေါင်း ၁၅,၅၁၈.၅၀ ထုတ်ချေးပေးပြီး ဖြစ်ပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ပြည်တွင်းပြည်ပ အရင်းအနှီး ဈေးကွက်များတွင် နိုင်ငံခြားငွေ ရောင်းဝယ်ခြင်း (FX Dealing)၊ Money Market Transactions များကို Online မှတဆင့် အချိန်နှင့် တပြေးညီဆောင်ရွက်နိုင်ခဲ့ပြီး၊ နိုင်ငံသားပိုင်လုပ်ငန်းကုမ္ပဏီ၏ နိုင်ငံခြား ငွေချေးယူခြင်းအား (Standby Letter of Credit (SBLC) စနစ်ဖြင့် နိုင်ငံခြားငွေ(Offshore Loan) ရယူခြင်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ဆောင်ပေးနိုင် ခဲ့ပါသည်။ ထို့ပြင် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် Bloomberg Terminal ဖြင့် Correspondent Bank များ၌ ၂၀၁၈ ခုနှစ် (ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ) တို့တွင် Time Deposit ထားရှိခဲ့သည့် အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Treasury Bill Auction တွင်လည်း ဝင်ရောက် ခဲ့ပါသည်။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် Domestic Banking ဆိုင်ရာ လုပ်ငန်း တစ်ခုဖြစ်သော Fixed Deposit Account (MMK - မြန်မာကျပ်ပုံသေအပ်ငွေ) လက်ခံဆောင်ရွက်ခြင်း နှင့် Savings Account (MMK - မြန်မာကျပ် ငွေစုဘဏ် အပ်ငွေ) လက်ခံဆောင်ရွက်ခြင်း တို့အား ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက် နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၏ MPU Card ကို အသုံးပြုလျက်ရှိသော Customer များ၏ ငွေထုတ်လုပ်ငန်းများကို Mobile Banking System ဖြင့် ချိတ်ဆက်အသုံးပြုရန် ဆောင်ရွက်ပေးလျက် ရှိပါသည်။

သမဝါယမငွေစုငွေချေး အသင်းများသည် အသင်းသားများ၏ စုဆောင်းငွေများ၊ ပြည်ပချေးငွေ များဖြင့် စိုက်ပျိုးရေးသမဝါယမ အသင်းများ၊ မွေးမြူရေးသမဝါယမ အသင်းများသို့ ချေးငွေများ

တိုးချဲ့ထုတ်ချေးပေးခြင်း၊ အသေးစား အရင်းအနှီး ချေးငွေ လုပ်ငန်းသို့ ရင်းနှီးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ အသင်းသားများ၏ ကုန်ထုတ် လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး အတွက် လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရေလုပ်ငန်းသုံးပစ္စည်းများအား အရစ်ကျ ချေးငွေ စနစ်ဖြင့် ရောင်းချလျက်ရှိပါသည်။ EXIM Bank ချေးငွေများ အပြင် အသင်းသားများ၏ ၁၀ ရာခိုင်နှုန်း စုဆောင်းငွေများ တိုးပွားလာပြီး အဆိုပါ ထပ်တိုးစုဆောင်းငွေများပါ ထပ်ပေါင်းထုတ်ချေးပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း ပုဂ္ဂလိကဘဏ်ခွဲ စုစုပေါင်း ၁၃၀ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်မှ ဘဏ်ခွဲစုစုပေါင်း ၁၆၁၁ ခု ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ ပြည်တွင်းပုဂ္ဂလိက ဘဏ်များ အပြင် နိုင်ငံခြားဘဏ်ခွဲများကို လည်း ပြည်တွင်းငွေကြေး ဝန်ဆောင်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက် ခွင့်ပြုခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲပေါင်း ၁၃ ခုထိ ဖွင့်လှစ်၍ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသည် ပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျော့နည်းကျဆင်းရေးအတွက် အခြေခံ လူတန်းစားများအား အသေးစား ငွေရေးကြေးရေးလုပ်ငန်းဖြင့် ၎င်းတို့အတွက် လိုအပ်သော မတည်ရင်းနှီးငွေနှင့် လည်ပတ်ရန်ပုံငွေများဖြင့် ကျေးလက်ဒေသ အထိ ရောက်ရှိ စေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်ထိ INGO ၅ ဖွဲ့၊ NGO ၂၂ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၃၉ ဖွဲ့၊ ပြည်တွင်း ကုမ္ပဏီ ၁၀၇ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ ၃ ဖွဲ့၊ စုစုပေါင်း ၁၇၆ ဖွဲ့အား လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေး ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလိုင်စင်ရ အဖွဲ့အစည်း များအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝမြင့်တင် ဆောင်ရွက်နိုင်ရန် မြို့နယ် ၂၃၂ မြို့နယ်၊ ရပ်ကွက်ပေါင်း ၁,၇၈၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅,၈၃၀ အုပ်စု၊ ကျေးရွာပေါင်း ၁၈,၀၆၂ ကျေးရွာ အား အသေးစား ငွေရေးကြေးရေး လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) အထိ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၄ - ၃၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ငွေရေးကြေးရေးကဏ္ဍအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ဘဏ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သော Mobile Banking စနစ်များ၊ Credit Card အသုံးပြုသောစနစ်များ ပိုမိုတွင်ကျယ်စွာ သုံးစွဲလာခြင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် ချေးငွေ ပိုမိုထုတ်ချေး နိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်ဘဏ်များ၏ ငွေကြေးဝန်ဆောင် မှုလုပ်ငန်းများမှဝင်ငွေ တိုးတက်လာခြင်း၊ မြစိမ်းရောင်ချေးငွေအပြင် အသေးစား ငွေစုငွေချေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကြောင့် ငွေကြေးဝန်ဆောင်မှုများ တိုးတက် ခဲ့ပါသည်။

ကရင်ပြည်နယ်တွင် ပြည်ပရောက် အလုပ်သမားများ၏ ငွေလွှဲပို့မှုများကြောင့် ပုဂ္ဂလိကဘဏ်များဖြစ်သော ဧရာဝတီဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ မြဝတီဘဏ် တို့၏ ဝန်ဆောင်မှု ဆောင်ရွက်ခရငွေများ တိုးတက်ခဲ့သည့်အပြင် သမဝါယမငွေစုငွေချေးအသင်းများမှ China EXIM Bank ချေးငွေထုတ်ချေးခဲ့ပါသည်။ ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် သမဝါယမအသင်းစုချုပ်တို့မှ အသင်းသား တောင်သူလယ်သမားများအား တစ်လလျှင် ၁.၅ ရာခိုင်နှုန်း အတိုးဖြင့် ကျပ်သန်းပေါင်း ၆၃၃.၉ ထုတ်ချေး ပေးနိုင်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကဘဏ်ခွဲ ၈၆ ခုနှင့် သမဝါယမဘဏ်ခွဲ ၉ ခု၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနခွင့်ပြုချက်ဖြင့် အသေးစားချေးငွေလုပ်ကိုင်ခွင့် လိုင်စင်ရအသင်း

(NGOs, INGOs) ၄၀ ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၁၈၁,၃၈၃.၀ ထိ တိုးမြှင့်ထုတ်ချေးခဲ့ပါ သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၂ ခု တိုးချဲ့ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပုဂ္ဂလိကဘဏ်များ၏ ငွေလွှဲခရငွေများ၊ ဆောင်ရွက်ခနှင့်ဝန်ဆောင်မှုအခြားရငွေများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ထုတ်ချေး ငွေအပေါ် အတိုးရငွေများ တိုးတက်များပြားလာခြင်း၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန တွင် မှတ်ပုံတင်၍ လုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများသည်လည်း ယခင်နှစ်က ၁၉ ဖွဲ့သာ ရှိခဲ့ရာမှ ယခုဘဏ္ဍာရေးနှစ်အတွင်း INGO ၂ ဖွဲ့၊ NGO ၆ ဖွဲ့၊ ပြည်တွင်းပြည်ပကုမ္ပဏီ ၁၆ ဖွဲ့၊ စုစုပေါင်း ၂၄ ဖွဲ့ထိ တိုးချဲ့ ဖွင့်လှစ်နိုင်ခြင်း၊ ပုဂ္ဂလိကအာမခံလုပ်ငန်း ၃ ခုမှ အာမခံလုပ်ငန်းများ ဆောင်ရွက်လျက် ရှိခြင်း တို့ကြောင့် ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်ခဲ့ပါသည်။

မွန်ပြည်နယ် တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိကငွေရေးကြေးရေး အဖွဲ့အစည်းပေါင်း ၂၀ ဖွဲ့ ထိတိုးချဲ့ပြီး မြို့နယ်များအရောက် အသေးစားချေးငွေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ်လကုန်ထိ ကျပ် ၉၃,၄၂၉.၄ သန်း ထုတ်ချေး ခဲ့ပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ**။ နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်၊ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းစေနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူလူထု တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရန်၊ ပညာရည် အဆင့်အတန်းမြင့်မားရန်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၉၂၈,၆၃၃.၇ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၃၄) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၅) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ မတ်လကုန်ထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၉၂၀,၄၄၇.၂ သန်းရရှိခဲ့၍ ရည်မှန်းချက် ၏ ၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါ ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) အခြေခံပညာကဏ္ဍတွင် ကျောင်းပေါင်း ၅,၁၀၀ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ဆရာအချိုး မျှတရေးအတွက် လုပ်ငန်းခွင်အကြို ဆရာအတတ်သင်တန်းဆင်း ဆရာများနှင့် ပညာရေး တက္ကသိုလ်ဆင်း ဆရာစုစုပေါင်း ၅,၆၉၇ ဦး ဖြည့်ဆည်းပေးခဲ့ပြီး နေ့စားဆရာ၊ ဆရာမ ၂၄,၃၆၉ ဦးကို မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ခန့်ထားနိုင်ခဲ့ပါသည်၊

(ခ) ရခိုင်ပြည်နယ်တွင် ကျောင်းသား/ကျောင်းသူများ အားလုံးကို ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ် ၁၅၇,၁၉၅ ဒါဇင် နှင့် ကျောင်းဝတ်စုံ ၅၂၈,၃၄၉ စုံ တို့ကို အခမဲ့ဖြန့်ဝေခြင်း၊ ကျောင်း ၃၀၀ အား အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်း၊ သွားလာရ ခက်ခဲသော ဆရာ၊ ဆရာမ ၄၅၀ ဦးအတွက် ငွေကျပ် ၂၂.၅ သန်း ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ ပါသည်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုင်းရင်းသားစာပေ ဘာသာစကား ၅၁ မျိုးဖြင့် သင်ကြားပေးနေသော နေ့စားလစာ ဆရာ၊ ဆရာမ ၅,၁၆၁ ဦးကို ပညာရေးဝန်ကြီးဌာနတွင် ခန့်ထားပေးခဲ့ပါသည်၊

(ဃ) အမျိုးသမီးများအတွက် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ခဲ့ရာ အခြေခံအိမ်တွင်းမှုသင်တန်း၌ ၃,၃၈၂ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်း၌ ၁,၅၆၂ ဦး၊ ရိုးရာဂျပ်ခုတ်သင်တန်း၌ ၈၂ ဦး၊ အခြေခံ လက်ရက်ကန်း သင်တန်း၌ ၁၁ ဦး၊ သိုးမွေးစက်ဆွဲ သင်တန်း၌ ၁၀ ဦးနှင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်း၌ ၁၅၀ ဦး တို့ကို သင်တန်းများ ပို့ချပေးခဲ့ပါသည်၊

(င) ကလေးစာပေပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး တို့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ခရိုင်အဆင့် ကလေး စာပေပွဲတော်ကို ပြည်၊ သထုံ၊ ကသာ၊ မိတ္ထီလာ၊ ဗန်းမော်၊ ကျောက်ဖြူ၊ ကျိုင်းတုံ၊ မင်းတပ်၊ ဘော်လခဲ၊ မကွေး၊ ကော့သောင်း၊ မြဝတီ၊ ရန်ကုန် (တောင်)၊ မြိတ် နှင့် ဟသ်ာတတို့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်၊

(စ) ရွှေတိဂုံစေတီတော်ကြီးနှင့် ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသတို့ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းတင်သွင်းရန်နှင့် ခါကာဘိုရာဇီဒေသကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန် ဆောင်ရွက်လျက် ရှိပါသည်၊

(ဆ) ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

(၁) တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်း အနေဖြင့် အဆုတ်တွင် ပိုးတွေ့လူနာ ၂၃,၉၁၇ ဦး၊ အဆုတ်တွင်ပိုးမတွေ့လူနာ ၃၇,၉၁၄ ဦး၊ အဆုတ်ပြင်ပတွင် ပိုးတွေ့လူနာ ၁၁၀ ဦး၊ အဆုတ်ပြင်ပတွင်ပိုးမတွေ့လူနာ ၆,၄၅၅ ဦး၊ စုစုပေါင်းလူနာ ၆၈,၃၉၆ ဦး တို့အား ကုသပေးခဲ့ပါသည်၊

(၂) အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်အရ လက်ကျန်မှတ်ပုံတင် ဆေးကုသသူပေါင်း ၂,၂၁၆ ဦး၊ အမ်ဒီတီဆေးပေါင်းတိုက်ကျွေးသူ လူနာပေါင်း ၂,၂၁၆ ဦး၊ လူနာသစ်ပေါင်း ၁,၂၂၅ ဦးနှင့် ဆေးစံနှုန်းပြည့် ဆေးစားပြီးသူပေါင်း ၁,၃၀၈ ဦးကို ကုသပေးနိုင်ခဲ့ပါသည်၊

(၃) ဗဟိုတိုးချဲ့ကာကွယ် ဆေးထိုးလုပ်ငန်းစီမံချက်မှ နိုင်ငံတစ်ဝှမ်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း၊ ကျောင်း အခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်လုပ်ငန်း ဆောင်ရွက်ခြင်း နှင့် ကျန်းမာရေးဌာန၏တည်နေရာများသတ်မှတ်ခြင်းနှင့် ကာကွယ်ဆေးထိုး လုပ်ငန်း၏ အနုစိတ်စီမံချက် မြေပုံများ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင် ခဲ့ပါသည်၊

(၄) ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်အရ ငှက်ဖျားရောဂါကာကွယ်ပေးသူ လူနာဦးရေထောင်ပေါင်း ၇,၀၀၀ နှင့် ကုသပေးသူ လူနာဦးရေ ထောင်ပေါင်း ၈၀ ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစီမံချက်အရ ကာကွယ်ပေးသူ လူနာဦးရေထောင်ပေါင်း ၃၀,၇၀၇ နှင့် ကုသပေးသူ လူနာဦးရေ ထောင်ပေါင်း ၇.၆ နှင့် ဆင်ခြေထောက် ရောဂါကာကွယ် ပေးသူ ဦးရေ ထောင်ပေါင်း၀.၂ တို့ကို ဆောင်ရွက်ခဲ့ပါသည်။

(ဓ) ဆေးလက်တွေ့အခြေခံ ပါရဂူဘွဲ့ ၂၃ ဦး၊ ဆေးလက်တွေ့ပါရဂူဘွဲ့ ၇၄ ဦး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ ပါရဂူဘွဲ့ ၇ ဦး၊ ဒီပလိုမာဘွဲ့ ၁၁၇ ဦး၊ ဆေးပညာမဟာသိပ္ပံ ၇၃၀ ဦး၊ သူနာပြုမဟာ သိပ္ပံ ၆၁ ဦး တို့ကိုမွေးထုတ်နိုင်ခဲ့ပါသည်၊

(ဈ) ကျန်းမာဝန်ကြီးဌာနမှ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆ ခု နှင့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၆ ရုံ နှင့် (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၄ ရုံ တို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်၊

(ည) ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အထိ ကလေးသူငယ်များအား ငွေကြေး ထောက်ပံ့ပေးရေး အစီအစဉ်အရ ချင်းပြည်နယ်တွင် ၁၆,၃၅၉ ဦး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတွင် ၆,၇၄၅ ဦး တို့ကို ထောက်ပံ့ခဲ့ပြီး အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၄၀,၉၈၂ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ ပေးခဲ့ပါသည်၊

(ဋ) ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို ၁၇.၁၀.၂၀၁၇ ရက်နေ့

တွင် ဖွဲ့စည်းခဲ့ပြီး ဘူးသီးတောင်မြို့နယ် နှင့်မောင်တောမြို့နယ်ရှိ အိမ်ထောင်စု ၇,၇၃၀ တို့အတွက် စားနပ်ရိက္ခာတန်ဖိုး ကျပ် ၅၂၄.၇၄၃ သန်းကို ထောက်ပံ့ပေးခဲ့ပါသည်၊

(ဌ) အခမ္ဘခိုင်းစေမှုပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ၊ အမျိုးသားအဆင့်သုံးပွင့်ဆိုင် ဆွေးနွေးပွဲကျင်းပ၍ အလုပ်သမားဥပဒေပြင်ဆင်ရေး ကိစ္စရပ်များ၊ အခြား အလုပ်သမား ရေးရာ ကိစ္စရပ်များနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ နိုင်ငံအဆင့် အစီအစဉ် (၂၀၁၈-၂၀၂၂) အတည်ပြုခြင်းတို့ကို အိုင်အယ်လ်အို နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်၊

(ဍ) မြန်မာသံတမန်ကောင်းများ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန်နှင့် သံခင်းတမန်ခင်း နှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်၍ သံတမန်ရေးရာ သင်တန်းကျောင်း (Diplomatic Academy) ကို တည်ထောင် ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့ ပါသည်၊

(ဎ) အစီရင်ခံသည့်ကာလအတွင်း နိုင်ငံတကာပြိုင်ပွဲ ၃၅ ပွဲကို အားကစားနည်း ၂၀ နည်းဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၉ ခု၊ ငွေ ၁၀ ခု၊ ကြေး ၉ ခု ရရှိခဲ့ ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) စီမံခန့်ခွဲရေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေး အတွက် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာ-ထိုင်းနယ်နိမိတ် (မဲဆိုင်-မဲဟောက်ချောင်း) နှင့် မြန်မာ-လာအို မဲခေါင်မြစ် နယ်နိမိတ် မှတ်တိုင်များ၊ ရည်ညွှန်းမှတ်တိုင်များ စစ်ဆေးတိုင်းတာခြင်းနှင့် ထပ်တိုး နယ်နိမိတ် မှတ်တိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါ သည်၊

(ခ) မြန်မာ-လာအို ဗဟိုအဆင့် သဘောတူညီချက်အရ ရှမ်းပြည်နယ်၊ ကျိုင်းလပ်အား နယ်စပ် စစ်ဆေးရေးဂိတ်အဖြစ် သတ်မှတ်ထည့်သွင်းနိုင်ရေး အတွက် လာအို နိုင်ငံနှင့် ညှိနှိုင်း ဆောင်ရွက် ခဲ့ပါသည်၊

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံညီလာခံမှ နိုင်ငံရေးကဏ္ဍ မူဝါဒ (၁၂)ချက်၊ စီးပွားရေးကဏ္ဍမူဝါဒ(၁၁)ချက်၊ လူမှုရေးကဏ္ဍမူဝါဒ(၄)ချက်၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍ မူဝါဒ (၁၀)ချက်၊ စုစုပေါင်း သဘော တူညီချက် (၃၇) ချက်ကို လက်မှတ် ရေးထိုးနိုင်ခဲ့ပါသည်၊

(ဃ) NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ NCA မူဘောင်ကို ပြင်ဆင်ရေးဆွဲခြင်း၊ အမျိုးသား အဆင့် နိုင်ငံရေး ဆွေးနွေးပွဲ မကျင်းပရသေးသော ဒေသများတွင် ကျင်းပ၍ ပြည်သူများ၏ သဘောထား များကို ရယူခြင်းနှင့် NCA လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်၊

(င) e-Visa (Tourist) ဖြင့် ၂၀၅,၈၄၈ ဦး နှင့် e-Visa(Business)ဖြင့် ၁၉,၂၆၀ ဦး ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားသားများ ပြည်တွင်း နေထိုင်ခွင့် ၃၆,၂၇၆ ဦး ခွင့်ပြုခဲ့ပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့် ၈၄ ဦး လျှောက်ထားခဲ့ပါသည်၊

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၇၀,၅၉၉ ဦး၊ ကတ်ပြားလဲလှယ်ခြင်း ၁၅၇,၄၈၉ ဦး၊ မိတ္တူထုတ်ပေးခြင်း ၂၅၅,၀၃၀ ဦး၊ ဧည့်နိုင်ငံသားလက်မှတ် ၂၃ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၄၁၉ ဦး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံ ကတ်ပြား ၁၅,၆၉၀ ဦးကို ထုတ်ပေးခဲ့ပြီး ပြည်ပရောက် မြန်မာနိုင်ငံသား ၅,၆၄၁ ဦးအား မြန်မာနိုင်ငံသား ဟုတ်/ မဟုတ် စိစစ်ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် အမျိုးသားစာရင်းစနစ် (System of National Accounts SNA-2008) နှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စာရင်းများ ပြုစုဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဇ) ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အတွက် နှစ်နိုင်ငံအချင်းချင်း စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ပြည်ပအရင်းအမြစ်များ ရယူရေးအတွက် နိုင်ငံတော်မှ ဆက်သွယ်ရာ ဗဟို ဌာနအဖြစ် ညှိနှိုင်းဆက်သွယ်ရေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ပေးလျက် ရှိပါ သည်၊

(ဈ) ဒိန်းမတ်-မြန်မာ နှစ်နိုင်ငံအစီအစဉ်(၂၀၁၆-၂၀၂၀)၏ ငွေကြေးထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများအား စောင့်ကြည့်လေ့လာ အကဲဖြတ်သည့် စနစ် တည်ထောင်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် ထုတ်လုပ်မှုကဏ္ဍရှိ မြန်မာနိုင်ငံ တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း စစ်တမ်းအား UNU-WIDER ၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်၊

(ည) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေး နှစ်ရှည်စီမံကိန်း ရေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(ဋ) စီမံကိန်းစိစစ်ရာတွင် လိုအပ်သော စီမံကိန်းစိစစ်ခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း လုပ်ငန်းလမ်းညွှန်ချက် ထုတ်ပြန်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၏ ဝန်ထမ်းအင်အားနှင့် လစာစရိတ်ပြောင်းလဲမှု အခြေအနေများကို စိစစ်ပြုစုတင်ပြခြင်းနှင့် ရပ်ဆိုင်းထားသော စက်ရုံ/အလုပ်ရုံများ ဆိုင်ရာ အကြံပြုချက်များ ပြုစုတင်ပြခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းကို ပြင်ဆင် ထုတ်ပြန်ခဲ့ပါသည်၊

(ဍ) အများပိုင်ကုမ္ပဏီများ တိုးပွားလာစေရေးအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်(သို့) သက်သာခွင့်ပြုမည့်နှုန်းထား သတ်မှတ်နိုင်ရေးကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဎ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့ဖြစ်သည့် စိန်နှင့်မြအပေါ် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုခြင်း၊ ရွှေစင်ရွှေတုံးတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုခြင်းကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော် သို့ တင်ပြခဲ့ရာ ကင်းလွတ်ခွင့်ပြုကြောင်း အတည်ပြုဆုံးဖြတ်ခဲ့ပါသည်၊

(ဏ) ၂၀၁၇ ခုနှစ် ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ငွေသား စီမံချက် အစီရင်ခံစာတို့ကို ပြုစုတင်ပြနိုင်ခဲ့ ပါသည်၊

(တ) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၁) တွင် အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်၊

(ထ) Myanmar Automated Cargo Clearance System စနစ်အား ကျွမ်းကျင် ပိုင်နိုင်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချ ပေးခဲ့ပါသည်၊

(ဒ) အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူဆိုင်ရာ လုပ်ထုံးလုပ်နည်း စသည်တို့ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဓ) ပင်စင်ရန်ပုံငွေထူထောင်၍ ထည့်ဝင်ကြေးစနစ်ဖြင့် ပင်စင်အကျိုးခံစားခွင့်ပြုသည့် စနစ်သို့ ပြောင်းလဲဆောင်ရွက် လျက်ရှိပါသည်၊

(န) ဒုတိယ (၆) လပတ်အတွင်း Core Banking Software အတွက် 2nd Stage Bid အကဲဖြတ်ခြင်း၊ e-Remmittance System ကို ဘဏ်ခွဲ (၁၅) ခုတွင် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ပ) Domestic Banking ဆိုင်ရာ လုပ်ငန်းများအနက် အစိတ်အပိုင်းတစ်ခုဖြစ်သော Fixed Deposit Account (မြန်မာကျပ်ပုံသေအပ်ငွေ) နှင့် Savings Account (မြန်မာကျပ် စုငွေဘဏ်အပ်ငွေ) တို့အား ၁-၈-၂၀၁၇ ရက်နေ့မှစ၍ ဖွင့်လှစ်၍ ဝန်ဆောင်မှု ပေးနိုင်ခဲ့ ပါသည်၊

(ဖ) တောင်သူလယ်သမား အသက်အာမခံလုပ်ငန်းကို ၁-၁၀-၂၀၁၇ ရက်နေ့မှစ၍ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဗ) ဥပဒေ၊ နည်းဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

(၁) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သည့် ဥပဒေ၊ နည်းဥပဒေနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို အများပြည်သူ ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအဖြစ်သို့ ပြောင်းလဲမည့် ဥပဒေများ ရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်၊

(၂) သတင်းသိပိုင်ခွင့်ဥပဒေ ရေးဆွဲနိုင်ရေး၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်နိုင်ရေး ဆိုင်ရာကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်ခဲ့ပါသည်၊

(၃) ရှေးဟောင်းဝတ္ထုပစ္စည်းများကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေနှင့် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး နည်းဥပဒေတို့ကို ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(၄) ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မြန်မာနိုင်ငံပြတိုက်များဥပဒေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးဥပဒေ (ပြင်ဆင်) တို့ကို ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်သို့ တင်ပြ ဆွေးနွေးခဲ့ပါသည်၊

(၅) ၂၀၁၁ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေပြင်ဆင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(၆) နည်းပညာနှင့်သက်မွေး ဆိုင်ရာပညာရေးနှင့်လေ့ကျင့်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် နည်းဥပဒေများအား ထုတ်ပြန် နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်၊

(၇) ရှူကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေး နည်းဥပဒေ၊ ရှူကလီးယား လုံခြုံရေး နည်းဥပဒေ နှင့် ရှူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး ဆိုင်ရာနည်းဥပဒေများတို့ကို ရေးဆွဲပြုစုခဲ့ပါသည်၊

(၈) အောက်ပါ ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ဥပဒေများ အတည်ပြုနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်-

(ကက) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်း၊

(ခခ) မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ၊

(ဂဂ) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ၊

(ဃဃ) မြန်မာနိုင်ငံအမျိုးသားအားကစားဥပဒေမူကြမ်း။

(၉) ပြည့်တန်ဆာဆိုင်ရာ ဥပဒေပြင်ဆင်ရေးဆွဲခြင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ (မူကြမ်း)အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်၊

(၁၀) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေကို တိုင်းရင်းသားဘာသာ ၄၄ မျိုးဖြင့် ဘာသာပြန် ဖြန့်ဝေခဲ့ပါသည်။

(၁၁) ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အစုစပ်လုပ်ငန်း အက်ဥပဒေအား ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(၁၂) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအား ပြဋ္ဌာန်းခဲ့ပြီး ကုမ္ပဏီများ မှတ်ပုံတင်ရန် အတွက် e-registration စနစ်အား စတင်ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်၊

(၁၃) ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြု ပြဋ္ဌာန်း ခဲ့ပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ (ယာယီ) စီးပွားရေးနှင့် ဆက်နွယ်ရာ စီမံခန့်ခွဲမှု အတွက် အောက်ပါ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာနိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူ ၉၈၀,၀၇၉ ဦး အား မြန်မာနိုင်ငံကူး လက်မှတ်များ စိစစ်ထုတ်ပေးခဲ့ပါသည်၊

(ခ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆောက်အဦး ၁,၃၆၈ လုံးမှ မီးဘေးလုံခြုံရေး စစ်ဆေး အကြံပြုဆောင်ရွက်ပေးခြင်း စစ်ဆေးခအနေဖြင့် ၂,၈၃၇.၆၆သန်းအား နိုင်ငံတော် ဘဏ္ဍာအဖြစ် ပေးသွင်းနိုင်ခဲ့ပါသည်၊

(ဂ) Digital စနစ် ရုပ်ရှင်ပြသသည့်ရုံများ ပေါ်ထွန်းလာရေးအတွက် ရုပ်ရှင်ရုံ (၁၀)ရုံကို လိုင်စင်များ ခွင့်ပြုပေးနိုင်ခဲ့ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Multi Channel Playout System တွင် ရုပ်သံလိုင်းထည့်သွင်း ထုတ်လွှင့်ခြင်း လုပ်ငန်းများအဖြစ် ရုပ်သံလိုင်း (၅) လိုင်းကို ခွဲဝေလုပ်ကိုင် ခွင့်ပေးခဲ့ပါသည်၊

(ဃ) ဓာတ်ခွဲဌာနအနေဖြင့် အစားအသောက်နမူနာ ၁၃,၇၇၇ မျိုး၊ ဆေးဝါးနမူနာ ၈၉၁ မျိုး နှင့် အလှကုန်၊ လူသုံးကုန်၊ ဆေးပစ္စည်း နမူနာ ၅၇၅ မျိုးတို့အား ဓာတ်ခွဲစစ်ဆေးပေးနိုင် ခဲ့ပါသည်၊

(င) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းအနေဖြင့် မှတ်ပုံတင်အသစ် ထုတ်ပေးခြင်း ၂၅၆ ခု၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း ၆၆၀ ခု၊ ထုတ်လုပ်ခွင့်လိုင်စင်သစ် ၃၄၊ ထုတ်လုပ်ခွင့်

လိုင်စင်သက်တမ်းတိုး ၂၄၄ ခုနှင့် ထုတ်လုပ်ခွင့်လိုင်စင် ဖြည့်စွက် ၁၂၅ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(ဆ) အစားအသောက် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများ အနေဖြင့် အစားအသောက် နမူနာ ၆,၈၁၂ ခုအား ကျန်းမာရေးထောက်ခံချက်၊ အစားအသောက်နမူနာ ၂,၈၅၀ ခုအား သွင်းကုန်ထောက်ခံချက်များ ထုတ်ပေးခဲ့ပါသည်၊

(ဇ) ဆေးဝါးဌာနခွဲသည် ဆေးဝါး ၉၄၅ မျိုး အတွက် ဆေးဝါးမှတ်ပုံတင်လက်မှတ် အသစ်ထုတ်ပေးခြင်း၊ ဆေးဝါး ၉၁၅ မျိုး အတွက် ဆေးဝါးမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးထုတ်ပေးခြင်း၊ ဆေးဝါး ၂၅၇ မျိုးအတွက် ဆေးဝါးမှတ်ပုံတင် လက်မှတ် အချက်အလက်ပြောင်း ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လူမှုရေး နှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ် ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ (၄-၃၆)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှု တန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိုင်ငံတော်မှ လူမှုရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပိုမိုလျင်မြန်စွာ ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သည့် ဝန်ထမ်းသစ်များ ဖြည့်ဆည်းပေးလျက်ရှိရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအချို့နှင့်

ပြည်ထောင်စုဝန်ကြီးဌာနအချို့တွင် ဝန်ထမ်းသစ်များ ဖြည့်ဆည်းခန့်ထားခဲ့ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် ပညာရေးဌာနအနေဖြင့် မူလတန်း အဆင့် ဆရာ/ ဆရာမ များအား လစ်လပ် နေရာများတွင် ဖြည့်သွင်းခန့်ထားခြင်း၊ တိုးချဲ့ခန့်ထားခြင်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ဆရာ/ ဆရာမ များအားရာထူး တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဆရာဝန်၊ သူနာပြုစသည့် ကျန်းမာရေးဝန်ထမ်းများအား တိုးချဲ့ ခန့်ထား ခြင်းနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် ဝန်ထမ်းအသစ်များ တိုးမြှင့် ခန့်ထားခြင်းများ ဆောင်ရွက် ခဲ့ပါသည်။

**အခြားဝန်ဆောင်မှုကဏ္ဍ။** အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သည့် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူများ အပန်းဖြေ နိုင်သည့် အားကစားကွင်းနှင့် ပန်းခြံလုပ်ငန်းများနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ စသည့် လုပ်ငန်းများကျယ်ပြန့်စွာ ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၇၀၅,၂၄၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၀ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄-၃၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အခြားဝန်ဆောင်မှုကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက် ဈေးနှုန်းများဖြင့်** ကျပ်၂,၇၁၈,၈၀၀.၅ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍအနေဖြင့် ပညာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကကျောင်း ၅၉၀ ကျောင်း၊ ဘော်ဒါဆောင်လုပ်ငန်း ၃,၃၇၀ ခု၊ နေ့ကလေးထိန်းလုပ်ငန်းဦးရေ ၂,၀၆၂ ခု၊ ကျန်းမာရေး ဝန်ဆောင်မှု တွင်ပုဂ္ဂလိကဆေးရုံ ၂၃၃ ရုံ၊ ဆေးကုသခန်း ၅,၉၃၅ ခု၊ တိုင်းရင်းဆေးကုသခန်း ၉၂၂ ခု၊ သွားဆေး ကုသခန်း ၁,၀၁၃ ခု တို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန် အထိတွင် ခရီးသည် ၃,၄၁၆,၃၀၅ ဦး ဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ်ကာလထက် ခရီးသည် ၃၃၇,၀၃၀ ဦး တိုးတက်ခဲ့ပါသည်။ ကမ္ဘာလှည့် ခရီးသည်များမှ US$ သန်း ၁,၉၆၄.၃၀၈ သုံးစွဲခဲ့ ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ပြည်တွင်းပုဂ္ဂလိကပိုင် ဟိုတယ် နှင့် တည်းခိုရိပ်သာ ၁၄၉ လုံးနှင့် အခန်း ၇,၂၂၁ ခန်း အား ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ကို လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား ပို့ဆောင်ပေးနိုင် ရန်အတွက် ပို့ဆောင်ရေး လုပ်ငန်းလိုင်စင် ၁၇၃ ခု အားလည်းကောင်း၊ ပြည်တွင်း ပုဂ္ဂလိက ခရီးလှည့်လည် ရေး ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးလျက်ရှိရာ ပြည်တွင်း/ ပြည်ပ ခရီးစဉ် ဆောင်ရွက်မှုလုပ်ငန်း ၂၇၇ ခု အားခရီးလှည့်လည်ရေး လုပ်ငန်း လိုင်စင် အနေဖြင့် လည်းကောင်း၊ ဧည့်လမ်းညွှန်လိုင်စင်အနေဖြင့် သက်ဆိုင်ရာ ဘာသာရပ် ဧည့်လမ်းညွှန် (ဒေသ ဆိုင်ရာ ဧည့်လမ်းညွှန် အပါအဝင်) ၆၁၅ ဦးအား လိုင်စင်များ ခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ(ယာယီ) တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အခြား ဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ် ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ (၄-၃၉)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပြည်တွင်း/ပြည်ပ ခရီးသွားများ ဝင်ရောက်မှုအနေဖြင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတို့တွင် ပြည်တွင်း/ပြည်ပခရီးသည်များ အများဆုံး ဝင်ရောက်ခဲ့ပြီး ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်တွင်းခရီးသည်များ တိုးတက်ခဲ့ပြီး ပြည်ပခရီးသွားများ ဝင်ရောက်မှု လျော့နည်းခဲ့ပါသည်။

ခရီးသွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်း လိုင်စင်များကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လိုင်စင်ကြေးများကို ၅၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ခဲ့ပါသည်။ အထူးသဖြင့် ပြည်တွင်းဘုရားဖူးဝန်ဆောင်မှု အသိအမှတ်ပြုလက်မှတ်များကို ဘုရားဖူးခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ စနစ်ကျ မှန်ကန်ပြီး စည်းကမ်းတကျ လုပ်ဆောင်နိုင်ရန် ရည်ရွယ်လျက် လုပ်ငန်းပေါင်း ၈၇ ခု ကို ခွင့်ပြုပေးနိုင်ခဲ့ပါသည်။ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာဒေသ ၁၂ ခု တွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်သော အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Sky Net နှင့် 5 Movies ရုပ်သံလိုင်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဆံပင်ညှပ်ဆိုင်လုပ်ငန်းများ၊ အိမ်ငှားဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ဆောင်မှုများ တိုးတက်ခဲ့ပါသည်။

ကမ္ဘာလှည့်ခရီးသည်များ အများအပြား လာရောက် လည်ပတ်စေရန် အတွက် မြန်မာနိုင်ငံ သည် လည်ပတ်စရာ ကောင်းသည့် ခရီးစဉ် ဒေသတစ်ခု ဖြစ်သည်ကို ကမ္ဘာက ပိုမို သိရှိရန် ဈေးကွက်မြှင့်တင်ပေးရန် လိုအပ်သကဲ့သို့ တဖက်တွင်လည်း ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရေး၊ ဝန်ဆောင်မှု ကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးရန် အရေးကြီးပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်များအား ခိုင်မာသော ဈေးကွက် ကျယ်ကျယ် ပြန့်ပြန့် ရရှိနိုင်ရေး၊ ဈေးကွက် သေချာသည့် ထုတ်ကုန်များ ထုတ်လုပ် တင်ပို့နိုင်ရေး၊ ပို့ကုန်တင်ပို့မှု လွယ်ကူချောမွေ့စေရေးနှင့် ပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး တို့အတွက် ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက် ဈေးနှုန်းအရ** ကျပ် ၁၉,၁၆၃,၉၂၅.၂ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၄ - ၄၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄ - ၄၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်မှုကဏ္ဍ၏ မတ်လကုန်အထိ(ယာယီ) ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် ၁၈,၇၈၉,၆၅၀.၅ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၉၈.၀ ရာခိုင်နှုန်း အကောင် အထည် ဖော်နိုင်ခဲ့ပြီး ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

## ပြည်ပကုန်သွယ်မှုအခြေအနေ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်ပကုန်သွယ်မှုတန်ဖိုး(ပို့ကုန်တွင် Re-export အပါအဝင်) အမေရိကန်ဒေါ်လာ ၂၉,၀၀၀.၀ သန်း ရည်မှန်းထားပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် အကောင်အထည်ဖော်မှုတွင် ပြည်ပ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၄,၆၇၅.၂ သန်း၊ ပြည်ပသွင်းကုန် အမေရိကန်ဒေါ်လာ ၁၈,၆၄၈.၆ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃,၃၂၃.၈ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက် အပေါ် ၁၁၄.၉ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မတ်လကုန်(ယာယီ)တွင် စက်မှုကုန်ချော ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၄၂၂.၁ သန်း၊ သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၃,၃၇၂.၇သန်း၊ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃,၀၈၀.၅ သန်း၊ သတ္တုနှင့်တွင်းထွက် ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၇၇၉.၃ သန်း၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆၉၇.၇ သန်း၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၁၁.၁ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းများ အမေရိကန် ဒေါ်လာ ၆၀.၈ သန်း နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၀၅၁.၀ သန်း၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၄,၆၇၅.၂ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ) တွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၆,၅၇၄.၈ သန်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ အမေရိကန်ဒေါ်လာ၇,၆၇၀.၂သန်း၊ လူသုံးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၄,၄၀၃.၆ သန်း၊ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၈,၆၄၈.၆ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံးကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၃၆.၆ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၃.၆ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၅.၆ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၄.၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံနှင့် ၃.၂ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၆,၀၆၈.၃ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂,၄၁၆.၁ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၉၀၃.၇ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၀၇.၅ သန်း နှင့် စင်္ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၁၆.၁ သန်း ဖြစ်ပါသည်။

အများဆုံးတင်ပို့သည့် ပို့ကုန်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ ဆန်၊ ကျောက်စိမ်း၊ သတ္တုနှင့်သတ္တုရိုင်း၊ ငါးနှင့် မတ်ပဲတို့ဖြစ်ကြပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန် ဒေါ်လာ ၆,၁၃၃.၁ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂,၁၀၈.၈ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန် ဒေါ်လာ ၁,၂၅၁.၂ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၅၆.၃ သန်းနှင့် အိန္ဒိယနိုင်ငံမှ အမေရိကန် ဒေါ်လာ ၈၈၅.၃ သန်း တင်သွင်းပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်(ယာယီ)တွင် ကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၃,၉၇၃.၄ သန်းဖြစ်ပေါ်ခဲ့ပါသည်။

အများဆုံးတင်သွင်းသည့် သွင်းကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများနှင့် ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများတို့ ဖြစ်ကြပါသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပို့ကုန်ကဏ္ဍသည် နိုင်ငံတော်၏ အခွန်အကောက် ရရှိရေး၊ ထုတ်လုပ်သူများ ဝင်ငွေနှင့် အလုပ်အကိုင်ရရှိရေး၊ ကုန်သွယ်ကူးသန်းသူများ အကျိုးအမြတ် ရရှိရေး အတွက် အဓိကကျပါသည်။ပို့ကုန်များကို ခိုင်မာသည့်ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**ပုံ(၄-၄၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ (ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိုင်ငံတော်အတွက် အဓိကလိုအပ်သော ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ပစ္စည်းများ၊ အခြားရေးကြီးသော ကုန်ပစ္စည်းများ တင်သွင်းခြင်းတို့ကြောင့် ကုန်သွယ်မှုနှင့် တိုက်ရိုက် ဆက်စပ်သည့် ကုန်ထုတ်ကဏ္ဍများ တိုးတက်လာသကဲ့သို့ ဒေသထွက်ကုန်ပစ္စည်းများ၏ ကုန်သွယ် နိုင်မည့်ပမာဏလည်း နှစ်စဉ် တိုးတက်လာခဲ့ပါသည်။

ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပကုန်သွယ်မှုများတွင် အဓိကအားဖြင့် အိမ်နီးချင်း ကုန်သွယ်ဖက် နိုင်ငံများ၏ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးမတည်ငြိမ်မှု၊ ပို့ကုန်

ဈေးနှုန်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ပြည်တွင်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းရှင်များ အပေါ် အကျိုးသက်ရောက်နိုင်ပါသည်။

ကမ္ဘာ့ဆန်ဈေးကွက်ရရှိရန် ဆန်ဝယ်သည့် နိုင်ငံများနှင့် ပြန်လည်ချိတ်ဆက်နိုင်ရေးကို စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်၍ ဆန်စပါးလုပ်ငန်းရှင်များ လိုက်ပါပြီး ထိုင်းနိုင်ငံ တွင် ကျင်းပသည့် (၈) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံမှ တစ်ဆင့် အဆက်အသွယ် ပျက်သွား ခဲ့သည့် အာဖရိကဆန်ဈေးကွက် အပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်ကို ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး အာဖရိကနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံ အထိဈေးကွက်အသစ်များ ရရှိခဲ့ပါသည်။

**ဖြေလျှော့ပေးမှုများနှင့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ**

ယှဉ်ပြိုင်မှုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများ၊ အသင်း အဖွဲ့များ၊ ပြည်တွင်း/ ပြည်ပမှ ယှဉ်ပြိုင်မှုဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲ၍ ယှဉ်ပြိုင်မှုနည်းဥပဒေ (မူကြမ်း) ကို အတည်ပြုပြဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု ကဏ္ဍ တစ်ရပ်လုံးကို လွှမ်းခြုံနိုင်မည့် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဥပဒေ (မူကြမ်း) ကို World Bank Group အကူအညီဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ပို့ကုန်များကို မြှင့်တင်ပေးခြင်းဖြင့် ပို့ကုန်ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်နှင့် မြန်မာနိုင်ငံအား ဒေသတွင်းကုန်သွယ်မှု၌ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်ရည်ရွယ်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲ အစည်းအဝေးကျင်းပခြင်း၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များမှ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ရန် မြန်မာအပြည်ပြည်ဆိုင်ရာ စက်မှု ဆိပ်ကမ်း၌ မြန်မာနိုင်ငံ ဆန်စပါး/ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်၊ မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း၊ မြန်မာနိုင်ငံအကောက်ခွန် လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအသင်းနှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှု ဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ-တရုတ်၊ အာဆီယံ-ကိုရီးယားနှင့် အာဆီယံ-အိန္ဒိယလွတ်လပ်သောကုန်သွယ်မှုဒေသ၊ အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးသဘောတူညီချက်၊ အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်မှုဒေသ၊ နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ တို့တွင် မြန်မာနိုင်ငံမှလက်ရှိကာလထိ ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဒေသတွင်း ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဘင်္ဂလားပင်လယ်အော် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေး ဦးဆောင် ဦးရွက်ပြုမှု အစီအစဉ် တို့တွင် ပါဝင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်စေရန် Fully Online Licensing System စနစ်တွင် လက်ရှိ Auto License ဖြင့် ထုတ်ပေးလျက်ရှိသည့် ကုန်ပစ္စည်းအမယ် ၈၁ မျိုးတွင် ပို့ကုန် ၃၂ မျိုးနှင့် သွင်းကုန် ၄၉ မျိုးထိ ထပ်မံတိုးမြှင့်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်ရေးဇုန်များ/စခန်းများတွင် Border Trade Online System-BTOS စနစ်ဖြင့် ပို့ကုန်/သွင်းကုန် လိုင်စင် ထုတ်ပေးခဲ့ပါသည်။

မူဝါဒဆိုင်ရာ ဖြေလျှော့ပြောင်းလဲမှုများအနေဖြင့် တရားမဝင် တင်ပို့မှုများအားတရားဝင် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်နှင့် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ကျွဲ၊ နွားအရှင်များအားတိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေနှင့်အညီ ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခြင်း၊ ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သောအနုပညာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများအား တင်ပို့/ တင်သွင်းခွင့်ပြုခြင်း၊ နိုင်ငံခြားဈေးကွက်အခွင့်အလမ်းများ ပိုမို ရရှိစေရန် မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရရှိသည့် အဆင့်မြင့် ကုန်ချောပစ္စည်းအုပ်စု ၂၂ မျိုးအား ပြည်ပသို့ တင်ပို့ ခွင့်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သော Trade Development Programme (TDP) စီမံကိန်းအကောင်အထည်ဖော်မှုကို ဥရောပသမဂ္ဂအဖွဲ့ (EU) နှင့် ဂျာမနီသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အီလက်ထရောနစ်စနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရေး လိုအပ်ချက်များကိုအကဲဖြတ်နိုင်ရန်အတွက် UNCTAD ကိုယ်စားလှယ်အဖွဲ့နှင့် e-Trade Readiness Assessment ဆိုင်ရာဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

ပို့ကုန်ထိန်းချုပ်ရေး (Export Control)နှင့် ပတ်သက်၍ ဥရောပသမဂ္ဂမှ အကူအညီပေးနေသည့် ဓာတု၊ ဇီဝ၊ ဓာတ်ရောင်ခြည်နှင့် အဏုမြူဆိုင်ရာဘေးအန္တရာယ် လျော့ပါးစေရေးစီမံကိန်းအမှတ်စဉ် (၄၇) (Chemical Biological Radiological and Nuclear Risk Mitigation Centers of Excellence (CBRN–CoE) Project 47) EU P2P export control programme for dual use goods ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ပိုမိုကောင်းမွန်ထိရောက်သော ဥပဒေဖြစ်စေရန် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၂၀၁၄ ၏ အားသာချက်၊ အားနည်းချက်များအပေါ် အခြေခံ၍ ဥပဒေ အစားထိုးပြင်ဆင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။

စားသုံးသူပြည်သူများမှ နစ်နာမှုများကို ဥပဒေပါပြဌာန်းချက်များအရ လွတ်လပ်စွာ တိုင်ကြားနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန Consumer Information Complaint Center (CICC) ရုံး ၄၈ ခု

ကိုဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၁၅ ဖွဲ့နှင့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၅၈ ဖွဲ့ တို့ကိုလည်းဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း ပဲသီးနှံစားသုံးမှုမြင့်တက်လာရေးနှင့် နိုင်ငံခြားဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေးနည်းလမ်းများကို လေ့လာတင်ပြနိုင်ရေးအတွက် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းပေးခဲ့ပါသည်။ ပဲတင်ပို့နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ပဲရာသီတွင် ကုမ္ပဏီ ၇ ခုအားလည်းကောင်း၊ ၂၀၁၈ ခုနှစ် ပဲရာသီတွင် ကုမ္ပဏီ ၉ ခု အားလည်းကောင်း Processer စစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဆန်၊ စပါးဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

အမေရိကန်ပြည်ထောင်စု၏ GSP အစီအစဉ်အရ အကောက်ခွန်သက်သာခွင့်ပြုမည့် ကုန်စည်များစာရင်းတွင် ဖိနပ်(Footwear) အားထည့်သွင်းရန် တောင်းဆိုခြင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ GSP Alliance သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရန်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ် အမေရိကန်နိုင်ငံ၏ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့် ပေးအပ်ထားသည့် ကုန်စည်များ ပြန်လည်ပြင်ဆင်ခြင်းတို့ကိုလည်းဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဗဟိုဌာန ရုံးချုပ် ဌာနခွဲများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကုန်သွယ်မှုဗဟိုဌာနများ (Trade Centre)နှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ကုန်သွယ်မှုဗဟိုဌာနများကို ၂၀၁၄ ခုနှစ်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဖွင့်လှစ်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုဗဟိုဌာန စုစုပေါင်း ၁၂ ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်မှု အနေဖြင့် မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး၊ ဒေသထွက်ကုန်များ ဈေးကွက်ရရှိနိုင်ရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး၊ သိုးဆိတ်ထုတ်လုပ်တင်ပို့မှုမြှင့်တင်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက် လာစေရေးနှင့် ဒေသထွက်ကုန်များဈေးကွက်ရရှိနိုင်ရေး၊ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်း ပြည်ပ ကုန်စည်ပြပွဲများမှ တစ်ဆင့် ဈေးကွက်ရရှိရေးနှင့် ပို့ကုန်အမယ်သစ် တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းသို့ ပြည်ပနိုင်ငံများမှ လာရောက်ကျင်းပခဲ့သည့် ကုန်စည်ပြပွဲ ၃၁ ပွဲ၊ ပြည်ပသို့ သွားရောက် ပြသခဲ့သည့် ကုန်စည်ပြပွဲ ၄၈ ပွဲနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကုန်စည်ပြပွဲ ၉ ပွဲ ကျင်းပနိုင်ခဲ့ပါသည်။

## ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စုဝန်ကြီးဌာနများ အနက် လုပ်ငန်းစီမံကိန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီးဌာန (၇)ခု ရှိရာ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၁,၂၈၆,၅၁၃.၈၆၅ သန်း လျာထားခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ လုပ်ငန်းစီမံကိန်းများ၏ စုစုပေါင်းအသုံးစရိတ် ကျပ် ၁,၀၂၉,၄၇၂.၆၇၁ သန်း သုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက်အပေါ် ၈၀.၀၂ ရာခိုင်နှုန်း သုံးစွဲဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ နိုင်ငံပိုင်အခန်းမှဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံကိန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်ခဲ့ ပါသည်။

ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှုအခြေအနေကို ငွေကြေးထုတ်ယူ သုံးစွဲမှုအလိုက် စိစစ်တင်ပြအပ်ပါသည်။

### (က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ် အပေါ် ကျပ် ၂၅၆,၀၃၀.၀၇၈ သန်း၊ ၆၉.၈၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၈၅,၅၁၉.၄၃၀ သန်း နှင့် ၅၅.၉၃ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ကျပ် ၄,၄၀၆.၂၉၁ သန်း နှင့် ၁၄၇.၂၃ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ကျပ် ၁,၁၂၂.၂၀၄ သန်း နှင့် ၉၇.၁၆ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကျပ် ၁၇,၃၉၅.၂၉၉ သန်း နှင့် ၂၁၄.၉၈ ရာခိုင်နှုန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၁၄၇,၅၈၆.၈၅၄ သန်း နှင့် ၇၆.၁၅ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီးဖြစ်ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စီမံကိန်း ၂၇ ခု အတွက် ခွင့်ပြု ငွေလုံး ငွေရင်းအသုံးစရိတ်အပေါ် ၅၅.၉၃ ရာခိုင်နှုန်း သုံးစွဲထားသော်လည်း ရွှေမြစ်နှင့် ပြာမလော့ မြစ်ကြား ရေနုတ်တာဆောင်ရွက်ခြင်းလုပ်ငန်း၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် ရခိုင် ပြည်နယ်အတွင်းရှိ တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်း၊ ဧရာဝတီ နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေနုတ်တာတာတမံများ အခိုင်အမာ ပြုပြင်ခြင်းလုပ်ငန်း၊ ကြီးအုံးကြီးဝ ရေလှောင်တမံ၊ မုန်းချောင်းရေလှောင်တမံ၊ မန်းချောင်း ရေလှောင်တမံ၏ အကူရေပိုလွှဲ အကြီးစား ပြုပြင်ခြင်းလုပ်ငန်း၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းအတွင်း ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေးအတွက်

ဆောင်ရွက်သောလုပ်ငန်းများနှင့် ပျော့ရှာလျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း၊ မြောက်နဝင်းနှင့် တောင်ညိုဆည်ရေသောက်စနစ် တူးမြောင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းနှင့် ထီးတော်မိုး မြစ်ရေတင်လုပ်ငန်းများ အနေဖြင့် ရာနှုန်းပြည့် သုံးစွဲထားပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်အထိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်အပေါ် ကျပ် ၂၉၉,၇၆၅.၈၁၃ သန်း၊ ၆၉.၀ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၇,၀၂၄.၂၂၀သန်းနှင့် ၁၆.၀ရာခိုင်နှုန်း၊ မြန်မာ့ မီးရထားမှ ကျပ် ၁၈၅,၃၃၄.၄၁၈ သန်း နှင့် ၈၂.၃ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ကျပ် ၈,၄၁၄.၉၈၄ သန်းနှင့် ၆၀.၅ ရာခိုင်နှုန်း၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ ကျပ် ၁,၀၆၂.၁၅၉ သန်းနှင့် ၁၂၆.၈ ရာခိုင်နှုန်း၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၃၄,၂၁၄.၉၄၃ သန်းနှင့် ၆၆.၅ ရာခိုင်နှုန်း၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ကျပ် ၀.၄၀၀ သန်းနှင့် ၁၀၀.၀ ရာခိုင်နှုန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ကျပ် ၆၃,၆၉၄.၆၈၉ သန်းနှင့် ၆၄.၃ ရာခိုင်နှုန်းတို့ အသီးသီး သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ မတ်လကုန်အထိတွင် ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ် ဆောက်လုပ်ရေးစက်ရုံနှင့် လူစီးတွဲ၊ ကုန်တွဲသစ် ဆောက်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်း၊ အိန္ဒိယချေးငွေဖြင့် ဒီဇယ်စက်ခေါင်းများ၊ လူစီးတွဲများနှင့် စက်ပစ္စည်းများဝယ်ယူခြင်း၊ ရန်ကုန် မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ Security Operation Center Project တို့တွင် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်ကျော်လွန် သုံးစွဲထားပြီး ဖြစ်ကြောင်း နှင့် လုပ်ငန်းလိုအပ်ချက်များအရ ဖြည့်စွက်ရန်ပုံငွေ ထပ်မံတောင်းခံ သုံးစွဲမှုကြောင့် ဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ အသုံးစရိတ် လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းကျော် သုံးစွဲပြီးစီမံကိန်း ၈ ခု၊ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီးစီမံကိန်း ၁၉ ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း ၄ ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သောစီမံကိန်း (၅) ခုရှိကြောင်း တွေ့ရှိရပါ သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်း(၆)ခေါင်း(သို့မဟုတ်) လူစီးတွဲ ၃၀ တွဲ ဝယ်ယူခြင်း Yuan (၈၀)သန်း ဖြင့် ခွင့်ပြုငွေ ကျပ် ၁၄၄.၀၀၀ သန်းမှ စက်ခေါင်း(၆)ခေါင်း ဝယ်ယူခြင်းမပြုတော့ဘဲ လေအိတ်ဘိုဂီလူစီးတွဲသစ် ၂၈ တွဲ ပြောင်းလဲဝယ်ယူရန်အတွက် ညှိနှိုင်း ကာလ ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အသုံးမပြုတော့သဖြင့် ပြန်ညအပ်နှံပြီး ဖြစ်ပါသည်။ ဂျပန်နိုင်ငံ ချေးငွေဖြင့်ဆောင်ရွက်မည့် Yangon CircularRailways Line Upgrading Project (Signal , PowerDistribution and Level Crossing) လုပ်ငန်းတွင် CMC နှင့်စာချုပ် ချုပ်ဆိုပြီး တင်ဒါ ခေါ်ယူထားဆဲဖြစ်၍ ယခုဘဏ္ဍာရေးနှစ်တွင်အသုံးမပြုနိုင်သဖြင့် ပြန်လည် အပ်နှံရခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည့် Yangon – Mandalay Railways Improvement Project Phase 1 (1) (Signal Communication ) Power Distribution and Level Crossing လုပ်ငန်းတွင် CMC စာချုပ်ချုပ်ဆိုပြီး တင်ဒါများအား နည်းပညာပိုင်း ဆိုင်ရာစစ်ဆေးခြင်း (Technical Evaluation) စီမံကိန်းဆိုင်ရာ ငွေကြေးစစ်ဆေးခြင်း (Financial Evaluation) တို့ကို ဆောင်ရွက်ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီကြေငြာခြင်း (Contract Award) အား၂၀၁၈ခုနှစ်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ယခုဘဏ္ဍာရေးနှစ်တွင် အသုံးမပြုနိုင်သဖြင့် ပြန်လည်အပ်နှံရခြင်း ဖြစ်ပါသည်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းပါအချက်ပြနှင့် ဆက်သွယ်ရေး အဆင့်မြှင့်တင်ခြင်း လုပ်ငန်း(ကိုးရီးယားနိုင်ငံချေးငွေ)တွင် ချေးငွေရရှိပြီးသော်လည်း Scope of work ပြောင်းလဲသွားသဖြင့် ယခု ဘဏ္ဍာရေးနှစ်တွင် အသုံးမပြုနိုင်သဖြင့်ပြန်လည်အပ်နှံရခြင်းဖြစ်ပါ သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် Telecom Sector Reform Project အတွက်လိုအပ်သည့် တိုင်းတာရေးဆိုင်ရာ စနစ်များအတွက် စက်ပစ္စည်းများဝယ်ယူရန်နှင့် Fundiry for Pilot program စက်ပစ္စည်းများဝယ်ယူရန် ဆောင်ရွက်နေဆဲကာလဖြစ်ပါသဖြင့် လျာထားချက်ထက် လျော့ နည်းရခြင်းဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းတွင် မြေပြင်ကွင်းဆင်းတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်စစ်ဆေးခြင်းအတွက် စက်ကရိယာတန်ဆာပလာပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းအတွက် တင်ဒါစိစစ်ဆဲဖြစ်သဖြင့် သုံးစွဲခြင်းမပြုနိုင်သောကြောင့် ပိုလျှံငွေအဖြစ် ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။

(ဂ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံး ငွေရင်းအသုံးစရိတ် ကျပ် ၁၃၉၇.၄၈၄ သန်းအပေါ် ကျပ် ၅,၀၂၀.၅၅၃ သန်း သုံးစွဲပြီးဖြစ်၍၊ ၃၅၉.၂၆ ရာခိုင်နှုန်းထိ ကျော်လွန်သုံးစွဲနိုင်ခဲ့ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ ကျပ် ၄,၉၅၈.၁၇၆ သန်း နှင့် ၃၇၀.၅၀ ရာခိုင်နှုန်း၊ မြန်မာ့သစ်လုပ်ငန်း မှ ကျပ် ၆၂.၃၇၇ သန်း နှင့် ၁၀၅.၂၈ ရာခိုင်နှုန်း ကို သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မတ်လကုန်အထိ သစ်တောဦးစီးဌာနမှ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းတွင် ၁၂၃.၈၇ ရာခိုင်နှုန်း၊ အာဆီယံ - ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့်ပညာပေးရေး သင်တန်း ကျောင်း (AFoCo RETC) တည်ထောင်ခြင်းစီမံကိန်းတွင် ၁၁၄၉.၄၁ ရာခိုင်နှုန်း၊ ရေသယံဇာတ အရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်း စီမံကိန်း (IWRM) တွင်

၃၇၆.၃၇ ရာခိုင်နှုန်း၊ ဟိမဝန္တာတောင်တန်း ဒေသအတွင်း သစ်တော ပြုန်းတီးမှုနှင့် သစ်တော အတန်းအစား ကျဆင်းမှုမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အတွေ့အကြုံများ အသုံးချတတ်စေခြင်းစီမံကိန်း (ICIMOD) တွင် ၁၀၁.၅၄ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံ၏ REDD + လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်စပ် ပတ်သက်သူများ စွမ်းဆောင်ရည် မြင့်မားရေး စီမံကိန်း (KFS) တွင် ၁၁၅.၃၀ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကာဗွန်တွက်ချက်ခြင်းနှင့် စောင့်ကြည့်လေ့လာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း (FFPRI) တွင် ၅၈.၁၂ ရာခိုင်နှုန်း၊ အပင်မျိုးစိတ်နှင့် သစ်တောမျိုးစေ့များ ထိန်းသိမ်းစောင့်ရှောက်ခြင်း (KNA) စီမံကိန်းတွင် ၉၇.၈၉ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ့ကမ်းရိုးတန်းနေ ဒေသခံ ပြည်သူများအတွက် ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေစွာ နေထိုင်နိုင်ရေးနှင့် ဒီရေတောများအား ပူးပေါင်းစီမံအုပ်ချုပ်မှုစနစ် မြင့်မားလာစေရေးစီမံကိန်းမှာ လုပ်ငန်းစတင်ခြင်း မရှိသေးကြောင်း တွေ့ရှိရသဖြင့် သစ်တောဦးစီးဌာနအနေဖြင့် လုပ်ငန်းစီမံကိန်း ၁၀ ခု အတွက် ခွင့်ပြု ငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၄,၉၅၈.၁၇၆ သန်း၊ ၃၇၀.၅၀ ရာခိုင်နှုန်း သုံးစွဲထားပြီး ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် Sheffeld University နှင့် ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဆင်သုတေသန လုပ်ငန်းစီမံကိန်း၏ အသုံးစရိတ် လျာထားချက်အပေါ် ငွေကျပ် ၆၂.၃၇၇ သန်း၊ ၁၀၅.၂၈ ရာခိုင်နှုန်း သုံးစွဲပြီးဖြစ်ကြောင်း သိရှိရပါသည်။ စီမံကိန်း အသုံးစရိတ်တွင် လျာထားချက်ထက်ကျော်လွန်နေခြင်းမှာ ဖြည့်စွက် တောင်းခံချိန်၌ ခွင့်ပြုချက်ရရှိသည့် စီမံကိန်းများ ၏ အသုံးစရိတ်များ ပါဝင်နေခြင်းကြောင့်ဖြစ်ပါသည်။

## (ဃ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၃၈၆,၁၉၃.၄၇၀ သန်း၊ ၉၅.၈ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကျပ် ၈၇,၂၃၆.၈၉၇ သန်း နှင့် ၁၀၀.၁ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ ကျပ် ၂၀၅,၇၄၇.၃၈၆ သန်း နှင့် ၈၄.၃ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းမှ ကျပ် ၉၃,၂၀၉.၁၈၇ သန်းနှင့် ၁၂၉.၄ ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ အသုံးစရိတ် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်သုံးစွဲပြီး လုပ်ငန်းစီမံကိန်းပေါင်း ၄၁ ခု၊ လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်း နှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး ၃၁ ခု၊ ၅၀ ရာခိုင်နှုန်း နှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီးစီမံကိန်း ၂ ခု၊ ၃၀ ရာခိုင်နှုန်းအောက် သုံးစွဲနိုင်သော စီမံကိန်း ၁၅ ခုတို့ရှိကြောင်း တွေ့ရှိရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်း မရှိသေးသည့် စီမံကိန်း ၉ ခု ရှိရာတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အထက်ဘီလူးချောင်း စီမံကိန်းသည် Exim Bank ချေးငွေ လျာထားချက်မှာ Loan Effective မဖြစ်သေးခြင်းကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ Power Transmission Improvement Project (ADB Loan) မှာ စက်ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် တင်ဒါခေါ်ဆိုနိုင်ခြင်း မရှိသေးပါကြောင်း တွေ့ရှိ ရပါသည်။

မူလ (BE) လျာထားငွေတွင် မပါဝင်သော်လည်း အောက်တိုဘာလမှ မတ်လ အသုံးစရိတ်ရှိနေခြင်း နှင့် လျာထားငွေထက် ကျော်လွန်သုံးစွဲထားခြင်းမှာ ရန်ပုံငွေပြောင်းလဲ သုံးစွဲထားခြင်းများနှင့် ဖြည့်စွက်ရန်ပုံငွေများ ရရှိသုံးစွဲထားခြင်းများ ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

(c) **စက်မှုဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၇၅,၃၇၂.၉၄၅ သန်း၊ ၁၂၁.၆၆ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းသည် လျာထားချက်၏ ၆၇,၁၈၄.၉၃၃ သန်း၊ ၁၂၄.၂၉ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် မူလခွင့်ပြုငွေ(BE) မရရှိခဲ့သော်လည်း ဖြည့်စွက်ရန်ပုံငွေ ကျပ် ၅၈.၆၀၀ သန်း ရရှိခဲ့ပြီး ကျပ် ၅၈.၅၈၄ သန်း သုံးစွဲခဲ့ပါသည်။ ကျန်ရှိသော ကျပ် ဝ.ဝ၁၆ သန်း ကို ပိုလျှံရန်ပုံငွေသို့ လွှဲအပ်ခဲ့ပါသည်။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုနယ်မြေ (သထုံ) (ယခင်ကော့စတစ်ဆိုဒါ)သည် လျာထားချက်၏ ကျပ် ၁,၅၄၉.၈၉၉ သန်း၊ ၈၉.၄၆ ရာခိုင်နှုန်းနှင့် သတင်းစာစက္ကူစက်ရုံ စီမံကိန်း (သာပေါင်း)သည် လျာထားချက်၏ ကျပ် ၆၆၃၈.၁၁၃ သန်း၊ ၁၀၇.၅၈ ရာခိုင်နှုန်း သုံးစွဲခဲ့ပါသည်။

(ဓ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၁၄၂.၇၀၂ သန်း၊ ၂.၀၇ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေး ဦးစီးဌာန၏ Financial Sector Development Project (FSDP) စီမံကိန်း အကောင်အထည်ဖော်မှုအတွက် လျာထားသည့် ငွေလုံးငွေရင်း အသုံးစရိတ်များအနက် Management Information System Software တပ်ဆင်အသုံးပြုရန် ဌာနတွင် လက်ရှိဆောင်ရွက် နေသည့် Data Centre တည်ဆောက်ပြီးစီးမှု အပေါ်မူတည်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အသုံးပြုရန် ရွှေ့ဆိုင်းထား ရခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဌာနအတွက် လိုအပ်လျက်ရှိသည့် Computer နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူရန် နိုင်ငံတကာ တင်ဒါနည်းစနစ် (International Competitive Bids) ကို အသုံးပြု၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဆ) **ဆောက်လုပ်ရေးဝန်ကြီးဌာန**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၁၂,၄၃၆.၃၈၂ သန်း၊ ၁၀၄.၄၆ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်း ၇ ခု အနက် ယုဇနတန်ဘိုးနည်း အိမ်ရာစီမံကိန်းအပိုင်း (၃)၊ မြရည်နန္ဒာ အိမ်ရာစီမံကိန်း၊ ရိုးမတန်ဘိုးနည်း အိမ်ရာစီမံကိန်းနှင့် ၆၆ ကေဗွီ၊ နှစ်ထပ် ဓါတ်အားလိုင်း (၂၃၀ ကေဗွီ ဒဂုံအရှေ့ ဓါတ်အားခွဲရုံမှ ဒဂုံအရှေ့ စက်မှုဇုန်အထိ) သွယ်တန်းခြင်းတို့တွင် ၁၀၀.၀ ရာခိုင်နှုန်း သုံးစွဲနိုင်ကြောင်း တွေ့ရှိရပါသည်။ ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းတွင် ၉၆.၇၇ ရာခိုင်နှုန်း၊ ယုဇနတန်ဘိုးနည်းအိမ်ရာ စီမံကိန်းအပိုင်း(၂)တွင် ၉၈.၈ ရာခိုင်နှုန်းသုံးစွဲခဲ့ပြီး ကျန်စစ်မင်း တန်ဘိုးနည်းအိမ်ရာ စီမံကိန်းတွင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိသဖြင့် ရာနှုန်းပြည့် ကျော်လွန် သုံးစွဲနိုင်ကြောင်း တွေ့ရပါသည်။

လုပ်ငန်းစီမံကိန်းသစ် (၂)ခုအနက် နေပြည်တော်ရွှေနံ့သာ အိမ်ရာစီမံကိန်းနှင့် ယုဇန ဥယျာဉ်မြို့တော်အိမ်ရာတွင် ၁၀၀.၀ ရာခိုင်နှုန်း သုံးစွဲထားကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် နေပြည်တော် လွှတ်တော်အိမ်တော် အထူးမွမ်းမံခြင်းလုပ်ငန်းအတွက် အထွေထွေ ပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုဝန်ကြီးဌာန ၆ ခု မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ၏ ဆောင်ရွက်နိုင်မှု အခြေအနေ အသေးစိတ်စာရင်းများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

# ဇယား (၄-၁)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ
## အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | ၁၅၂၉၁၅.၆၇၀ | ၈၅၅၁၉.၄၃၀ | ၅၅.၉၃ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၁၅၂,၉၁၅.၆၇၀ | ၈၅,၅၁၉.၄၃၀ | ၅၅.၉၃ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၃၆,၂၁၅.၂၇၀ | ၈၅,၁၄၈.၅၆၅ | ၆၂.၅၁ | |
| | | | ၁ | ဓောင်းတူ(စွန်ပိ)ရေသွယ်မြောင်းတိုးချဲ့တူးဖော်ခြင်းလုပ်ငန်း | ၄၀၀.၀၀၀ | ၄၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၃-၂၀၁၄ |
| | | | ၂ | ပေါင်းလောင်းတမံ+ရေလွှဲဆည် | ၁,၅၀၀.၀၀၀ | ၁,၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၀၅-၂၀၀၆ |
| | | | ၃ | မဒန်းရေလှောင်တမံ | ၃၀၀.၀၀၀ | ၀.၄၇၅ | ၀.၁၆ | ၂၀၀၃-၂၀၀၄ |
| | | | ၄ | ကျိုင်းခမ်းရေလှောင်တမံ** | ၅,၀၀၀.၀၀၀ | ၁၀,၀၀၀.၀၀၀ | ၂၀၀.၀၀ | ၂၀၀၅-၂၀၀၆ |
| | | | ၅ | ကညင်ရေလှောင်တမံ | ၈၀၀.၀၀၀ | ၈၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၀၂-၂၀၀၃ |
| | | | ၆ | ရွှေးမြစ်နှင့်ပြာမလော့မြစ်ကြားရေငန်တားဆောင်ရွက်ခြင်း | ၇၀၀.၀၀၀ | ၇၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၀၂-၂၀၀၃ |
| | | | ၇ | ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (နည်းပညာပူးပေါင်းဆောင်ရွက်မှု) | ၃၀၀.၀၀၀ | ၂၉၉.၉၉၇ | ၁၀၀.၀၀ | နှစ်စဉ် |
| | | | ၈ | ဆောင်ရွက်ရန်စီမံကိန်းသစ်များအတွက်စူးစမ်းလေ့လာခြင်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | | ၉ | အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | | ၁၀ | မကွေး/စစ်ကိုင်း/မန္တလေး/ပဲခူး/ရန်ကုန်/ဧရာဝတီတိုင်း ဒေသကြီးများနှင့်ရခိုင်ပြည်နယ်အတွင်းရှိတာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း | ၁,၀၀၀.၀၀၀ | ၁၀၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | | ၁၁ | ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေငန်တား တာတမံများအခိုင်အမာပြုပြင်ခြင်း | ၁,၀၀၀.၀၀၀ | ၁၀၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | | ၁၂ | ကြီးအုံကြီးဝရေလှောင်တမံ၏အကျယ်(၄၅၀)ပေရှိသော အကူရေပိုလွှဲ တိုးချဲ့တည်ဆောက်ခြင်း | ၂,၇၆၀.၀၀၀ | ၂၇၆၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | ၁၃ | မုန်းချောင်းရေလှောင်တမံ၏အကျယ်(၂၂၀)ပေရှိသော အကူရေပိုလွှဲဖြည့်စွက်တည်ဆောက်ခြင်း | ၁,၉၉၈.၄၀၀ | ၁၉၉၈.၄၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | ၁၄ | မန်းချောင်းရေလှောင်တမံ၏ အကူရေပိုလွှဲ အကြီးစားပြုပြင်ခြင်း | ၅၀၀.၀၀၀ | ၅၀၀.၀၀၀ | ၁၀၀.၀၀ | ၂၀၁၆-၂၀၁၇ |
| | | | ၁၅ | ဧရာဝတီနှင့် ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးများအတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးအတွက်ဆောင်ရွက်သော လုပ်ငန်းများ(နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်) | ၁,၀၀၀.၀၀၀ | ၁၀၀၀.၀၀၀ | ၁၀၀.၀၀ | နှစ်စဉ် |
| | | | ၁၆ | အိန္ဒိယချေးငွေဖြင့်ဆောင်ရွက်သည့်မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းများ | ၄၄,၄၃၂.၆၀၀ | | | |
| | | | | ဆောင်ရွက်ဆဲဆည်ရေသောက်စနစ်တည်ဆောက်ခြင်း | ၄၄,၄၃၂.၆၀၀ | | | |
| | | | | (၁) ရဲနွယ်ဆည်ရေသောက်တည်ဆောက်ခြင်း | ၁၈,၀၀၀.၀၀၀ | စာချုပ်ပြင်ဆင်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်ခြင်း မရှိပါ၍ ပြန်အပ်ခြင်း ဖြစ်ပါသည်။ | | ၂၀၁၅-၂၀၁၆ |
| | | | | (၂) ကွန်းချောင်းဆည်ရေသောက်တည်ဆောက်ခြင်း | ၁၇,၀၀၀.၀၀၀ | | | ၂၀၁၅-၂၀၁၆ |
| | | | | (၃) အတိုင်ပင်ခံကုန်ကျစရိတ် | ၉,၄၃၂.၆၀၀ | | | |

ဇယား (၄-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ
## အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|
| | | | လျာထားချက် (BE) | (ဧပြီလမှ မတ်လ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| | ၁၇ | ဂျပန်နိုင်ငံODAချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ | ၅၁,၀၃၈.၇၈၆ | ၅၀,၄၈၈.၂၃၈ | ၉၈.၉၂ | |
| | | (၁) တောင်နဝင်းရေသောက်စနစ်တူးမြောင်းများအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း | ၇,၀၁၉.၃၈၃ | ၁၀,၀၁၉.၃၈၃ | ၁၄၂.၇၄ | ၂၀၁၅-၂၀၁၆ |
| | | (၂) မြောက်နဝင်းရေသောက်စနစ်တူးမြောင်းများအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း | ၆,၄၅၉.၄၄၄ | ၆,၄၅၉.၄၄၄ | ၁၀၀.၀၀ | ၂၀၁၅-၂၀၁၆ |
| | | (၃)ဝဲကြီးတူးမြောင်းအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း | ၂၄,၇၃၆.၀၉၀ | ၂၀,၇၃၆.၀၉၀ | ၈၇.၈၇ | ၂၀၁၅-၂၀၁၆ |
| | | (၄) တောင်ညို ဆည်ရေသောက် စနစ်တူးမြောင်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း | ၁၀,၄၂၃.၈၆၉ | ၁၀,၄၂၃.၈၆၉ | ၁၀၀.၀၀ | ၂၀၁၅-၂၀၁၆ |
| | | (၅)အတိုင်ပင်ခံကုန်ကျစရိတ် | ၂,၄၀၀.၀၀၀ | ၁,၈၄၉.၄၅၂ | ၇၇.၀၆၁ | |
| | ၁၈ | IFAD ချေးငွေ/ထောက်ပံ့ငွေဖြင့်ကျေးလက်ဒေသဆင်းရဲသားများဝင်ငွေတိုးတက်မြင့်မားရေးအတွက် ဘက်စုံလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (ပထမအဆင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း) | ၅,၅၈၅.၁၂၄ | ၁,၅၈၆.၆၉၀ | ၂၈.၄၁ | |
| | | ချေးငွေ | ၅,၄၄၃.၇၇၄ | ၁,၅၈၆.၆၉၀ | ၂၉.၁၅ | |
| | | (၁)ပေါင်းလောင်းဆည်ရေသောက်စနစ်တွင်စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း | ၂,၇၂၁.၈၈၇ | ၁,၅၇၉.၂၈၄ | ၅၈.၀၂ | ၂၀၁၆-၂၀၁၇ |
| | | (၂)ချောင်းမငယ်ဆည်ရေသောက်စနစ်တွင်စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း | ၂,၇၂၁.၈၈၇ | ၇.၄၀၆ | ၀.၂၇ | ၂၀၁၆-၂၀၁၇ |
| | | ထောက်ပံ့ငွေ | ၁၄၁.၃၅၀ | ယခုနှစ်အတွင်း ဆောင်ရွက်ခြင်း မရှိပါ၍ | | |
| | | (၃) စီမံကိန်းအထောက်အကူပြုသင်တန်းများနှင့် ကျွမ်းကျင်သူများပံ့ပိုးခြင်း | ၁၄၁.၃၅၀ | | | |
| | ၁၉ | မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း(ADSP)World Bankချေးငွေ | ၁၃,၉၈၉.၃၆၀ | ၇,၃၄၈.၈၆၅ | | |
| | | (၁)ဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်ခြင်း | ၁၂,၈၀၄.၃၆၀ | ၆,၂၅၈.၈၀၈ | | |
| | | - မြောက်ရမားရေလှောင်တမံ(စစ်ကိုင်းတိုင်း) | ၆,၄၀၀.၀၀၀ | ၃,၁၉၄.၆၈၇ | ၄၉.၉၂ | ၂၀၁၆-၂၀၁၇ |
| | | - ဆင်သေရေလှောင်တမံ(နေပြည်တော်) | ၆,၄၀၄.၃၆၀ | ၃,၀၆၄.၁၂၁ | ၄၇.၈၄ | ၂၀၁၆-၂၀၁၇ |
| | | (၂)အတိုင်ပင်ခံကုန်ကျစရိတ် | ၁,၁၈၅.၀၀၀ | ၁,၀၉၀.၀၅၇ | ၉၁.၉၉ | |
| | | ရေအရင်းအမြစ် | ၂,၉၁၁.၀၀၀ | ၂,၇၆၅.၉၀၀ | ၉၅.၀၂ | |
| | ၂၀ | အရာတော် - ၂ မြစ်ရေတင်စီမံကိန်း | ၆၀၀.၀၀၀ | ၅၉၈.၇၇၅ | ၉၉.၈၀ | |
| | ၂၁ | အရာတော် - ၃ မြစ်ရေတင်စီမံကိန်း | ၁,၀၇၀.၉၀၄ | ၁,၀၇၀.၆၆၉ | ၉၉.၉၈ | |
| | ၂၂ | ဆိပ်ဖြူအောက်ဆိပ် မြစ်ရေတင်စီမံကိန်း | ၄၀၀.၀၀၀ | ၃၉၉.၉၇၆ | ၉၉.၉၉ | |
| | ၂၃ | ထီးတော်မိုး မြစ်ရေတင်စီမံကိန်း | ၆၅၉.၂၃၆ | ၆၅၉.၂၁၅ | ၁၀၀.၀၀ | |
| | ၂၄ | ဒါးက မြစ်ရေတင်စီမံကိန်း | ၁၄၃.၅၉၅ | | | |
| | ၂၅ | ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း | ၃၇.၂၆၅ | ၃၇.၂၆၅ | ၁၀၀.၀၀၀ | |
| ၂ | | လုပ်ငန်းစီမံကိန်းသစ်များ | ၁၆,၇၀၀.၄၀၀ | ၃၇၀.၈၆၅ | ၂.၂၂ | |
| | | ဆည်မြောင်း | ၁၆,၄၀၀.၄၀၀ | ၇၁.၃၇၅ | ၀.၄၄ | |
| | ၁ | ရေသွင်းစိုက်ပျိုးမှုဧရိယာအပါအဝင် လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၁၆,၄၀၀.၄၀၀ | ၇၁.၃၇၅ | ၀.၄၄ | |
| | | ADB ချေးငွေ | ၁၂,၃၁၂.၁၅၀ | | | |
| | | (၁) မကွေးတိုင်းဒေသကြီး ၊ နတ်မောက်မြို့နယ် ၊ နတ်မောက်ဆည်ရေသောက်စနစ်ပြုပြင်ခြင်း | ၆,၂၅၆.၈၀၀ | ဒီဇိုင်းပုံစံများတွက်ချက်ခြင်း ကြောင့်ပြန်အပ်ရခြင်း ဖြစ်ပါသည်။ | | ၂၀၁၇-၂၀၁၈ |
| | | (၂) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ ချောင်းမကြီးဆည်ရေသောက်စနစ်ပြုပြင်ခြင်း | ၆,၀၅၅.၃၅၀ | | | ၂၀၁၇-၂၀၁၈ |

ဇယား (၄-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ) လုပ်ငန်းစီမံကိန်းများ
## အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | AFD ချေးငွေ | ၄,၀၈၈.၂၅၀ | ၇၁.၃၇၅ | | |
| | | | | (၁) မကွေးတိုင်းဒေသကြီး ၊ နတ်မောက်မြို့နယ် ၊ နတ်မောက်ဆည်ရေသောက်စနစ်ပြုပြင်ခြင်း | ၄,၀၈၈.၂၅၀ | | | ၂၀၁၇-၂၀၁၈ |
| | | | | (၂) JIID ထောက်ပံ့ငွေဖြင့်မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိဇော်ဂျီဆည်ရေသောက်ဧရိယာ(၂၅)ကေတွင် လယ်ယာမြေဖော်ထုတ်ခြင်း၊ | | ၇၁.၃၇၅ | | |
| | | | | ရေအရင်းအမြစ် | ၃၀၀.၀၀၀ | ၂၉၉.၄၉၀ | ၉၉.၈၃ | |
| | | | ၂ | စိုက်ပျိုးရေစက်ရေတွင်းတိမ်တူးဖော်ခြင်း | ၃၀၀.၀၀၀ | ၂၉၉.၄၉၀ | ၉၉.၈၃ | |
| | | | | (၁)နေပြည်တော်ကောင်စီ၊တပ်ကုန်းမြို့နယ်တွင်ဆင်သေဆည် ရေသောက်ဧရိယာ၏ မြောင်းဖျားဒေသများတွင် Ø ၁၀" စိုက်ပျိုးရေ စက်ရေတွင်း(၅)တွင်းတူးဖော်ခြင်း | ၉၀.၀၀၀ | ၈၉.၅၉၉ | ၉၉.၅၅ | |
| | | | | (၂)နေပြည်တော်ကောင်စီ၊ ရေဆင်းဆည်ရေသောက်ဧရိယာ၏ မြောင်းဖျားဒေသများတွင် Ø ၁၀" စိုက်ပျိုးရေ စက်ရေတွင်း (၁၀)တွင်းတူးဖော်ခြင်း | ၂၁၀.၀၀၀ | ၂၀၉.၈၉၁ | ၉၉.၉၅ | |
| ၂ | | | | စက်မှုလယ်ယာဦးစီးဌာန ** | ၂,၉၉၂.၇၉၀ | ၄,၄၀၆.၂၉၁ | ၁၄၇.၂၃ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၂,၉၉၂.၇၉၀ | ၄,၄၀၆.၂၉၁ | ၁၄၇.၂၃ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၂,၉၉၂.၇၉၀ | ၄,၃၈၉.၅၈၃ | ၁၄၆.၆၇ | |
| | | | ၁ | လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက် ကူပြုစီမံကိန်း (Agriculture Development Support Project ADSP) World Bank Loan | ၂,၉၉၂.၇၉၀ | ၄,၃၈၉.၅၈၃ | ၁၄၆.၆၇ | |
| | | | | (၁) စက်ကိရိယာတန်ဆာပလာများဝယ်ယူ တပ်ဆင်ခြင်း | ၂,၉၁၀.၀၉၀ | ၂,၀၇၅.၅၅၄ | ၇၁.၃၂ | ၂၀၁၄-၂၀၁၅ |
| | | | | (၁) သရုပ်ပြပွဲ | ၆၄.၀၀၀ | ၆၀.၀၈၇ | ၉၃.၈၉ | ၂၀၁၄-၂၀၁၅ |
| | | | | (၂) သင်တန်းစရိတ် | ၁၈.၇၀၀ | ၁၅.၂၇၀ | ၈၁.၆၆ | ၂၀၁၄-၂၀၁၅ |
| | | | | (၃) ရေကြီးနစ်မြုပ်ဒေသစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (World Bank IRM) | | ၂,၁၃၈.၀၂၇ | | |
| | | | | (၄) ရေကြီးနစ်မြုပ်ဒေသစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ (World Bank IRM) | | | | |
| | | | | (၁) Service Fees | | ၁၀၀.၆၄၅ | | |
| | | ၂ | | လုပ်ငန်းစီမံကိန်းသစ်များ | | ၁၆.၇၀၈ | | |
| | | | ၁ | လယ်ယာသုံးစက်ကရိယာပူးတွဲပြုလုပ်ရေးစီမံကိန်း | | ၁၆.၇၀၈ | | |
| | | | | (၁) သုတေသနလုပ်ငန်းသုံးကုန်ကျစရိတ် | | | | |
| ၃ | | | | စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ၁,၁၅၄.၉၆၉ | ၁,၁၂၂.၂၀၄ | ၉၇.၁၆ | |
| | ၁ | | | လုပ်ငန်းစီမံကိန်းများ | ၁,၁၅၄.၉၆၉ | ၁,၁၂၂.၂၀၄ | ၉၇.၁၆ | |
| | | ၁ | | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၀.၉၄၄ | ၀.၉၄၃ | ၉၉.၈၉ | |
| | | | ၁ | ကိုရီးယားနိုင်ငံ Rural Development Admine Station (RDA)အောက်ရှိAFACI ဖြင့် ပူးပေါင်းဆောင်ရွက်မည့် သုတေသနလုပ်ငန်း(၈)ခု၏ စီမံကိန်း(AFACI-PI) | ၀.၉၄၄ | ၀.၉၄၃ | ၉၉.၈၉ | |
| | | | | (၁)Video Camera (Sony Handycam HRD-PJ260)1/3.91) | ၀.၉၄၄ | ၀.၉၄၃ | ၉၉.၈၉ | |

ဇယား (၄-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ) လုပ်ငန်းစီမံကိန်းများ
## အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | (ဧပြီလမှ မတ်လ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂ | လုပ်ငန်းစီမံကိန်းသစ် | ၁,၁၅၄.၀၂၅ | ၁,၁၂၁.၂၆၁ | ၉၇.၁၆ | |
| | ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း(ADSP) | ၁,၁၅၄.၀၂၅ | ၁,၁၂၁.၂၆၁ | ၉၇.၁၆ | |
| | (၁) Open Shelf တည်ဆောက်ခြင်း (၄)လုံး (60 x 36' x 24') | ၂၄.၀၀၀ | ၂၄.၀၀၀ | ၁၀၀.၀၀ | |
| | (၂) Land Development စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း | ၈၆.၄၀၀ | ၁၀၉.၂၇၁ | ၁၂၆.၄၇ | |
| | (၃) စက်ကိရိယာပစ္စည်းများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁,၀၄၃.၆၂၅ | ၉၈၇.၉၉၀ | ၉၄.၆၇ | |
| ၄ | စိုက်ပျိုးရေးဦးစီးဌာန ** | ၈,၀၉၁.၇၅၀ | ၁၇,၃၉၅.၂၉၉ | ၂၁၄.၉၈ | |
| ၁ | လုပ်ငန်းစီမံကိန်းများ | ၈,၀၉၁.၇၅၀ | ၁၇,၃၉၅.၂၉၉ | ၂၁၄.၉၈ | |
| ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၇,၉၉၅.၅၂၄ | ၁၆,၄၉၀.၄၂၀ | ၂၀၆.၂၅ | |
| (က) | စိုက်ပျိုးပညာပေးရေးဌာနခွဲ | ၆,၀၁၃.၁၈၅ | ၁၁,၅၉၃.၉၀၈ | ၁၉၂.၈၁ | |
| ၁ | မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအထောက် အပံ့ပေးရေးစီမံကိန်း(ADSP)World Bank ချေးငွေ | ၁,၃၃၃.၁၂၅ | ၂,၁၈၉.၄၇၆ | ၁၆၄.၂၄ | |
| | (၁)ရှေ့တန်းစခန်းပြုပြင်တည်ဆောက်ခြင်း(၃၀)လုံး | ၃၅၅.၅၀၀ | ၁၆၂.၁၃၅ | ၄၅.၆၁ | |
| | (၂)ကျေးရွာအဆင့်သိုလှောင်ရုံတည်ဆောက်ခြင်း(၁၆)လုံး | ၁၈၉.၆၀၀ | ၁၂၇.၀၇၀ | ၆၇.၀၂ | |
| | (၃)မြို့နယ်အဆင့်သိုလှောင်ရုံတည်ဆောက်ခြင်း(၈)လုံး | ၉၄.၈၀၀ | ၈၀.၉၆၀ | ၈၅.၄၀ | |
| | (၄)မျိုးများအတွက်စံပြကွက်ပြုလုပ်ဆောင်ရွက်ခြင်း | ၅၆.၈၈၀ | ၁၈.၄၂၀ | ၃၂.၃၈ | |
| | (၅)မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ပြုလုပ်ဆောင်ရွက်ခြင်း | ၂၂.၇၅၂ | ၃.၇၁၀ | ၁၆.၃၁ | |
| | (၆)တောင်သူလယ်သမားသင်တန်းကျောင်းများဖွင့်လှစ်ပို့ချခြင်း | ၈၇.၂၁၆ | | | |
| | (၇)နည်းပညာပြန့်ပွားရေးသင်တန်းများပြုလုပ်ခြင်း | ၅၆.၈၈၀ | ၇.၃၆၄ | ၁၂.၉၅ | |
| | (၈)သင်တန်းပေးမည့်သူအတွက် သင်တန်းပေးခြင်း | ၁၈.၉၆၀ | | | |
| | (၉)ကြော်ငြာကဏ္ဍအတွက် အသုံးပြုမည့် ပစ္စည်းများ | ၁၈.၉၆၀ | ၂.၈၂၅ | ၁၄.၉၀ | |
| | (၁၀)အခြေခံစစ်တမ်းများကောက်ယူခြင်း | ၃၅.၅၅၀ | ၁.၀၂၀ | ၂.၈၇ | |
| | (၁၁)စီမံကိန်းဒေသများသို့ သွားသည့်ခရီးစရိတ် | ၂၈.၄၄၀ | ၀.၅၈၀ | ၂.၀၄ | |
| | (၁၂)သီးနှံအလိုက် CS မျိုးစေ့များဝယ်ယူဖြန့်ဖြူးခြင်း | ၂၈၂.၂၆၇ | | | |
| | (၁၃)လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ် | ၈၅.၃၂၀ | ၅၉.၇၃၀ | ၇၀.၀၁ | |
| | (၁၄) UNOPS Costs 4 % | | ၇၆၆.၉၆၁ | | |
| | (၁၅) Contingency 5 % | | ၉၅၈.၇၀၁ | | |
| ၂ | IRM စီမံကိန်းနိုင်ငံတော်ထောက်ပံ့ငွေ | | ၇,၃၆၃.၅၈၄ | | |
| | သွင်းအားစုဓါတ်မြေဩဇာများဝယ်ယူခြင်း | | ၇,၃၆၃.၅၈၄ | | |
| ၃ | ACIAR (ထောက်ပံ့ငွေ) | | ၆၇.၄၀၁ | | |
| | (၁)သင်တန်းဆရာ/သင်တန်းသား၊လယ်သမားများနေ့တွက်စရိတ် | | ၁၄.၃၈၅ | | |
| | (၂) ပြည်တွင်းပြည်ပသင်တန်းဆရာ သင်တန်းသား၊ လယ်သမား များနေ့တွက်စရိတ် | | ၂၄.၀၀၀ | | |
| | (၃) စီမံခန့်ခွဲမှုလုပ်ငန်းများ | | ၉.၀၀၀ | | |
| | (၄) ဘာသာပြန်ခ | | ၁.၁၀၈ | | |
| | (၅) နိုင်ငံခြားသားနှင့်ပညာရှင်ခ | | ၃.၈၀၀ | | |
| | (၆) သင်တန်းပို့ချစဉ် သင်တန်းသားအတွက် နေ့တွက်စရိတ်နှင့် ခရီးသွားစဉ်စားစရိတ် | | ၁၅.၁၀၈ | | |

ဇယား (၄-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ
## အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၄ | မြန်မာ့စိုက်ပျိုးရေးကဏ္ဍာရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း(FARM Project) | ၄,၁၈၆.၀၆၀ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| | IFADချေးငွေ | ၄,၁၀၉.၀၃၅ | | | |
| | IFADထောက်ပံ့ငွေ | ၇၇.၀၂၅ | | | |
| ၅ | IFAD နှင့် ADSP စီမံကိန်းတို့အတွက်ကုန်သွယ်လုပ်ငန်းခွန် | ၆၄.၀၀၀ | GRF သို့ ပြန်လည်အပ်နှံပြီးဖြစ်ပါသည်။ | | |
| ၆ | ဆေးမားအူဒေါင်းစံပြကျေးရွာထူထောင်ခြင်း | ၄၃၀.၀၀၀ | ၄၉၈.၆၀၃ | ၁၁၅.၉၅ | |
| | (၁) အုတ်ခြံစည်းရိုး(၄၅၆၈)ပေ | ၁၄၂.၀၉၆ | ၁၃၆.၅၃၀ | ၉၆.၀၈ | |
| | (၂)မီးရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ၁၅၀.၃၀၀ | ၇၃.၅၂၅ | | |
| | (၃)ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်း | ၅၇.၅၆၆ | ၃၅.၁၄၀ | ၆၁.၀၄ | |
| | (၄)လူသွားလမ်းဖောက်လုပ်ခြင်း | ၃၉.၈၃၈ | ၃၆.၉၀၀ | ၉၂.၆၃ | |
| | (၅)ရေဆိုးမြောင်း၊ရေမြောင်းတူးခြင်း | ၄၀.၂၀၀ | ၃၆.၁၈၅ | ၉၀.၀၁ | |
| | (၆)ဆေးမားအူဒေါင်းအကယ်ဒမီသင်တန်းကျောင်း ဝဲရှေ့မျက်နှာစာတို့အားကျောက်စီမြေကာနံရံပြုလုပ်ခြင်း | | ၈၇.၀၂၃ | | |
| | (၇) လေးခန်းတွဲဝန်ထမ်းနေအိမ် (၁၀၀'x ၄၀' x ၁၂') RC (၁)ထပ် | | ၉၃.၃၀၀ | | |
| | IRM စီမံကိန်း | | ၁,၄၇၄.၈၄၄ | | |
| | (၁) စက်ရေတွင်းတူးရန်၊ ပစ္စည်းဝယ်ယူခြင်း (၂၄)တွင်း | | ၁၂၆.၄၅၁ | | |
| | (၂) ရေသွယ်ပိုက်များ (၆" ၊ ၄"၊ ၃"၊ ၂") ဝယ်ယူခြင်း | | ၂၆၆.၂၁၃ | | |
| | (၃) (၈' ၊ ၄'၊ ၄') အရွယ် (Fiber Tank) ၈၀ ကန် ဝယ်ယူခြင်း | | ၈၂.၅၂၇ | | |
| | (၄) ၆ မီတာ၊ ၃၀ မီတာ ပျိုးရုံ (၁၂၀)ဝယ်ယူခြင်း | | ၈၆၆.၅၂၅ | | |
| | (၅) UNOPS Costs 4 % | | ၈၄.၈၇၂ | | |
| | (၆) Contingency 5 % | | ၄၈.၂၅၆ | | |
| (ခ) | မျိုးစေ့ဌာနခွဲ | ၁၉၀.၆၈၀ | ၃,၃၉၈.၂၉၅ | ၁၇၈၂.၂၀ | |
| ၁ | မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အပံ့ပေးရေးစီမံကိန်း(ADSP)World Bank ချေးငွေ | ၁၉၀.၆၈၀ | ၃,၃၉၈.၂၉၅ | ၁၇၈၂.၂၀ | |
| | (၁) စက်ကိရိယာပစ္စည်းများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁၉၀.၆၈၀ | ၄၆၀.၇၈၀ | ၂၄၁.၆၅ | |
| | (၂) Operating Costs (Training and Workshop) | | ၂.၄၁၈ | | |
| | IRM စီမံကိန်းနိုင်ငံတော်ထောက်ပံ့ငွေ | | ၂,၉၃၅.၀၉၇ | | |
| | သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသများတွင် တောင်သူများအားထောက်ပံ့ပေးခြင်း၊ ပြန်လည် စိုက်ပျိုးသည့်မိုးစပါးများအတွက်သွင်းအားစုများပံ့ပိုးခြင်း | | ၂,၉၃၅.၀၉၇ | | |
| | (၁) မိုးစပါးသိုလှောင်ရုံ (၂၀၀' x၅၀'x ၃၀') သွပ်မိုးအုတ်ကာ၊ ကွန်ကရစ်ခင်း RC (၁)ထပ် ၂လုံး | | ၅၂၁.၇၇၉ | | |
| | (၂) အအေးခန်းသိုလှောင်ရုံ (၂၀၀' x၁၀၀'x ၂၀') သွပ်မိုး အုတ်ကာ၊ကွန်ကရစ်ခင်း RC (၁)ထပ် ၂လုံး | | ၂,၁၇၀.၉၇၁ | | |
| | (၃) UNOPS Costs 4 % | | ၁၀၇.၇၁၀ | | |
| | (၄) Contingency 5 % | | ၁၃၄.၆၃၇ | | |

ဇယား (၄-၁) အဆက်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ ( ဧပြီလ မှ မတ်လ ) လုပ်ငန်းစီမံကိန်းများ
## အကောင်အထည်ဖော်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လျာထားချက် ( B E ) | (ဧပြီလမှ မတ်လ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| (ဂ) | မြေအသုံးချမှုဌာနခွဲ | ၁,၀၇၀.၄၄၄ | ၆၄၈.၆၆၅ | ၆၀.၆၀ | |
| ၁ | မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးစီမံကိန်း(ADSP)(World Bank ချေးငွေ) | ၉၃၈.၃၈၈ | ၅၂၈.၉၇၄ | ၅၆.၃၇ | |
| | (၁) မြေဆီလွှာအမျိုးအစားခွဲခြား/တိုင်းတာခြင်းသင်တန်း(ဝန်ထမ်း) | ၅.၁၄၀ | ၄.၁၅၆ | | |
| | (၂) မြေဆီလွှာအမျိုးအစားခွဲခြား/တိုင်းတာခြင်း သင်တန်း(တောင်သူ) | ၃၀.၈၄၀ | ၇.၇၂၄ | ၂၅.၀၅ | |
| | (၃) မြေယာစီမံခန့်ခွဲခြင်းနှင့် မြေဆီအာဟာရမြှင့်တင်ရေးလုပ်ငန်း | ၃၀.၈၄၀ | ၂.၁၅၇ | ၆.၉၉ | |
| | (၄) မြေဆီအာဟာရမြှင့်တင်ရေး သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲ | ၁၀.၂၈၀ | ၁.၆၃၅ | ၁၅.၉၀ | |
| ဆက်စပ်ဒေသ | = အရှေ့- ရှမ်းပြည်နယ် ၊တရုတ်နိုင်ငံ အနောက် -အိန္ဒိယနိုင်ငံ၊စစ်ကိုင်းတိုင်းဒေသကြီး၊ တောင် - စစ်ကိုင်းတိုင်းဒေသကြီး ၊ မြောက် - တရုတ်နိုင်ငံ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းတွင် ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၅၃,၉၆၂.၇ သန်း ဖြစ်ပေါ်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကချင်ပြည်နယ်)

ကချင်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၇၁၁,၅၆၀.၀ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၁၀၃.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကချင်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ကချင်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စက်မှုလက်မှု ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ တို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။

လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းအနေဖြင့် ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ မိုးညှင်းမြို့နယ် ရွာသစ်ကြီးကျေးရွာအုပ်စုတွင် ဧက ၁၀၀၊ ဗန်းမော်မြို့နယ် ခိုကျင်ကျေးရွာအုပ်စု တွင် ဧက ၁၀၀၊ စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းအနေဖြင့် တနိုင်းမြို့နယ် တလုံ၊ တခတ် ကျေးရွာတွင် ဧက ၃၀၀၊ တရုံကျေးရွာတွင် ဧက ၃၀၀၊ ဆွမ်ပရာဘွမ်မြို့နယ်၊ အင်ဆိုင် ကျေးရွာတွင် ဧက ၂၀၀ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လုံးခင်း၊ ဖားကန့်နှင့် မိုးညှင်း ရတနာနယ်မြေများတွင် အကျိုးတူ လုပ်ကွက် ၂၁၃ ခုနှင့် ပုဂ္ဂလိကကုမ္ပဏီ လုပ်ကွက် ၆,၂၆၇ ခု၊ စုစုပေါင်း ပုဂ္ဂလိကပိုင် ကျောက်စိမ်း လုပ်ကွက် ၆,၄၈၀ ခု တို့မှ

တူးဖော်လုပ်ကိုင်ခွင့်ကို တိုင်းရင်းသားလုပ်ငန်းရှင်များကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ခွင့် ချထား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ CB ဘဏ်၊ ပုဂ္ဂလိကဘဏ်(၇)ခု နှင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းတို့ဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက် ပေးနိုင်ခဲ့ ပါသည်။

ခရီးသွားဝန်ဆောင်မှုတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် မြစ်ဆုံဒေသ၊ ပူတာအို၊ ဖားကန့်၊ တနိုင်းဒေသများသို့ ဝင်ထွက်သွားလာလျက်ရှိပါသည်။ ပြည်နယ်အတွင်း ဟိုတယ် ၃၀ ခု၊ တည်းခိုခန်း ၁၆၈ ခု၊ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ ၁၂ ခု တို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းခရီးသည် ၁၁၁,၃၉၉ ဦးနှင့် ပြည်ပခရီးသည် ၁၅,၀၅၃ ဦး ဝင်ရောက်ခဲ့ပါသည်။

ကချင်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်း ၂ ခု ဖြစ်သည့် လွယ်ဂျယ်စခန်းမှ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း ကျပ် ၆,၆၅၈,၁၀၇ ထောင်ပေါင်း၊ ဒေါ်လာ ၆,၁၂၉ ထောင်ပေါင်း တင်သွင်းမှု၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် သတ္တုတွင်းထွက်များ ကျပ် ၅,၃၁၉,၅၀၄ ထောင်ပေါင်း၊ ဒေါ်လာ ၂၀၀,၈၅၇ ထောင်ပေါင်း တင်ပို့မှု၊ ကံပိုက်တီးစခန်းမှ ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်း ကျပ် ၁၆,၆၅၀,၂၁၅.၂၂၇ ထောင်ပေါင်းနှင့် ဒေါ်လာ ၁၇,၈၇၀ ထောင်ပေါင်း တင်သွင်းမှု၊ လယ်ယာထွက် ပစ္စည်းဖြစ်သော ပြောင်း၊ အခြားလယ်ယာ ကိုင်းကျွန်းထွက်ပစ္စည်းများဖြစ်သော တစ်သျှူးငှက်ပျောနှင့် ဆန် ကျပ် ၆၃,၄၇၂,၅၉၇ ထောင်ပေါင်း နှင့် ဒေါ်လာ ၁၆,၂၁၇ ထောင်ပေါင်း တင်ပို့နိုင်ခဲ့ပါသည်။

## ကယားပြည်နယ်




| | | |
|---|---|---|
| **တည်နေရာ** | = | မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်၀၀ စက္ကန့်မှ ၁၉ ဒီဂရီ ၅၉ မိနစ် ၃၅ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၁၂ စက္ကန့်မှ ၉၇ ဒီဂရီ ၅၄ မိနစ်၁၀ စက္ကန့်အတွင်း |
| **အကျယ်အဝန်း** | = | ၄,၅၂၉.၅၆စတုရန်းမိုင်၊ ၁၁,၇၃၀.၇စတုရန်းကီလိုမီတာ၊ ၂,၈၉၈,၉၂၁ဧက |
| **လူဦးရေ** | = | ဦးရေ ၃၁၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| **မြို့တော်** | = | လွိုင်ကော်မြို့ |
| **ထူးခြားသည့် အမှတ်အသား** | = | တောင်ကွဲစေတီ |
| **ခရိုင်** | = | ၂ ခရိုင် |
| **မြို့နယ်** | = | ၇ မြို့နယ် |
| **အဓိကစီးပွားရေး ကဏ္ဍ** | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ |
| **ဆက်စပ် ဒေသများ** | = | မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် ကရင်ပြည်နယ် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၀၁,၉၉၁.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်စျေးနှုန်း)




ပုံ(၅-၅) တိုးတက်မှုနှုန်း
(ပုံမှန်စျေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကယားပြည်နယ်)

ကယားပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်စျေးနှုန်းများ**အရ ကျပ် ၃၁၉,၀၁၅.၃ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်စျေးနှုန်းများ**အရ ၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကယားပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ကယားပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများအရ** ၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ လျှပ်စစ်၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် တိုးတက် ခဲ့သော်လည်း အခြားကဏ္ဍများတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး လယ်ယာနှင့် သစ်တောကဏ္ဍတွင် လျော့နည်းခဲ့ပါသည်။

စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း မြေကြီးမြေပုံမှန်ကန်ရေး ကွင်းတိုင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် စိုက်ဧကနှင့် အထွက်များ လျော့နည်းခဲ့ရခြင်းဖြစ်ပါသည်။ ဘိန်းအစားထိုးဒေသများတွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် တိုင်းရင်းကြက် ၅၀၀ ကောင် ဖြန့်ဖြူးပေးခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများမှ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုထုတ်လုပ်မှုအနေဖြင့် တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် 66KV, 33KV, 11KV, 0.4KV ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံသစ်များ တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း

၃၅၇ ရွာ မီးပေးနိုင်ခဲ့ပြီး၊ ဆိုလာဖြင့် (၈၉)ရွာ၊ ဒီဇယ်ဖြင့်(၂)ရွာနှင့် အသေးစားရေအားဖြင့်(၁)ရွာ ဖြန့်ဖြူး ပေးလျက်ရှိပါသည်။ ဆောက်လုပ်မှုကဏ္ဍအနေဖြင့် လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် ကတ္တရာလမ်း၊ ကျောက်လမ်း၊ BOX CULVERT များ ဆောင်ရွက်ခဲ့ပါသည်။ အဝေးပြေး ယာဉ်လိုင်းနှင့် ပြည်နယ်အတွင်း ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲခဲ့ပါသည်။ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ကယားမျိုးနွယ်စုများ၏ ကျေးလက်လူနေမှု ဘဝကို လေ့လာနိုင်ရန် ထေခိုကျေးရွာ နှင့် ဒေါ်တမကြီးကျေးရွာတို့တွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မြဝတီနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းများကြောင့် ကုန်စည်စီးဆင်းမှုများ တိုးတက်ခဲ့ပါသည်။

## ကရင်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀မိနစ်မှ ၉၈ ဒီဂရီ ၅၅ မိနစ် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ်မှ ၁၉ ဒီဂရီ ၂၅ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၁,၇၃၀.၈၅(စတုရန်းမိုင်) ၇,၅၀၇,၇၃၃ (ဧက) |
| လူဦးရေ | = | ဦးရေ ၁,၅၉၃ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊နှစ်လယ် လူဦးရေ) |
| မြို့တော် | = | ဘားအံမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ဇွဲကပင်တောင်(ဘားအံမြို့နယ်) |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | | ၇ မြို့နယ် |
| အဓိကစီးပွားရေးကဏ္ဍ | = | လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ တောင်ဘက်တွင် မွန်ပြည်နယ်၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၆၅၅,၆၀၃.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၇) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၈) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး (ကရင်ပြည်နယ်)

ကရင်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၆၂၉,၁၆၄.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၉)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ကရင်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ကရင်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ သစ်တောကဏ္ဍနှင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ နုန်းသွင်းမြောင်းများ ပြင်ဆင်ခြင်း၊ ရေသွင်း/ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ သဘာဝ ချောင်း/ရိုးဟောင်း ပြန်လည်တူးဖော်ခြင်း၊ ရေထိန်းတံခါးတည်ဆောက်ခြင်း၊ ချောင်းပိတ်/ မြောင်းပိတ်လုပ်ငန်းများ၊ သဲအိတ်ချ ယာယီရေတားတမံများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ၇,၀၉၇ ဧက ရေဘေးကာကွယ်နိုင်ခဲ့ပြီး၊ စိုက်ပျိုးရေရရှိရေးအတွက် ၁၃,၂၂၂ ဧကအား အကျိုးပြုနိုင်မည် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာသည့် အဖွဲ့အစည်း ၁၃ ခုမှ အိမ်ထောင်စုများအား မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်နယ်ဘတ်ဂျက်ဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် JICA ချေးငွေဖြင့် ၆၆ ကေဗွီလိုင်း၊ ၃၃ ကေဗွီလိုင်း၊ ၁၁ ကေဗွီလိုင်းများ သွယ်တန်းခြင်း၊ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် ဘားအံမြို့တွင် အထပ်မြင့်အိမ်ခန်းများ၊ ကွန်ဒို အိမ်ခန်းများနှင့် လုံးချင်းအိမ်များပါဝင်သော ရွှေဖားစည် အဆင့်မြင့်အိမ်ရာ ၁၊ ၄ ခန်းတွဲ ၅ ထပ် ရွှေဖားစည်အဆင့်မြင့်အိမ်ရာ ၂ နှင့် အေးချမ်းသာယာလုပ်သားကျေးရွာတွင် တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော မြန်မာ့အရှေ့တိုင်းဘဏ်၊ မြဝတီဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်အတူ ဝန်ဆောင်မှုများ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။ နယ်မြေအေးချမ်းလာသည်နှင့်အမျှ ပြည်နယ်အတွင်း လာရောက်လည်ပတ်သည့် နိုင်ငံခြားသားဦးရေမှာ မတ်လကုန်အထိ ၂ သိန်းကျော် လာရောက်ခဲ့ပါသည်။

## ချင်းပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်-၂၀ ဒီဂရီ ၄၀ မိနစ် နှင့် ၂၄ ဒီဂရီ ၀၉ မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ်-၉၂ ဒီဂရီ ၃၆ မိနစ် နှင့် ၉၄ ဒီဂရီ ၀၈ မိနစ်အကြား |
| အကျယ်အဝန်း | = | ၁၃,၉၀၆.၉၇ - စတုရန်းမိုင်ပေါင်း ၈,၉၀၀,၄၅၉ - ဧက |
| လူဦးရေ | = | ဦးရေ - ၅၀၈ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ဟားခါးမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ရိဒ်ရေကန် |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | = | ၉ မြို့နယ် |
| အဓိကစီးပွားရေး | = | စိုက်ပျိုးမွေးမြူခြင်း |
| ဆက်စပ်ဒေသ | = | အရှေ့ဘက် - စစ်ကိုင်းတိုင်းဒေသကြီး ၈၀.၄မိုင်၊မကွေးတိုင်းဒေသကြီး ၁၆၅.၂ မိုင် |
| | | အနောက်ဘက် - အိန္ဒိယနိုင်ငံ ၁၇၃.၂ မိုင် ဘင်္ဂလားဒေ့ရှ် ၄၆.၀ မိုင် |
| | | တောင်ဘက် - ရခိုင်ပြည်နယ် ၁၂၄.၀ မိုင် |
| | | မြောက်ဘက် - အိန္ဒိယနိုင်ငံ ၁၀၄.၀ မိုင် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃၉၃၂၀၀.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ချင်းပြည်နယ်)

ချင်းပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃၇၄,၇၁၉.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၃.၅ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၁၂)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ချင်းပြည်နယ်)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ချင်းပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများ တွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် နွေစပါး၊ နံ့စားပြောင်း၊ ပဲပုတ်၊ ပဲလွမ်း၊ မြေပဲ၊ နေကြာနှင့် ကြံတို့၏ စိုက်ဧကနှင့်သီးနှံအထွက်မှာ ယခင်နှစ်ကထက် လျော့နည်းခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ ကုန်းမြင့်လယ်ယာ(လှေခါးထစ်လယ်) ဖော်ထုတ်ခြင်းလုပ်ငန်းအတွက် တီးတိန်မြို့နယ်၊ ကိမ်းလိုင်ရွာတွင် ဧက ၁၀၀၊ ထန်တလန်မြို့နယ်၊ တလန်ရွာတွင် ဧက ၅၀၊ ဟရီဖီးရွာတွင် ဧက ၅၀ နှင့် ကန်ထရိုက်စနစ်ဖြင့် ကုန်းမြင့်လယ်ယာများ ဧက ၃၀၀ ဖော်ထုတ်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ၄၃ ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့်သစ်မာထုတ်လုပ်မှုများ တိုးလာခဲ့ပါသည်။ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုမှပါဝင်စိုက်ပျိုးသည့် လူထုဖြန့် ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲ လုပ်ငန်းဖြစ်သော ရှန်းတောင်မြေယာ ထိန်းသိမ်းရေး ဧက ၅၀ (ရှန်းတောင်ရေဝေရေလဲ)ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ ခိုင်ကမ်း၊ မင်းတပ်၊ ကန်ပလက်မြို့များသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား တိုက်ရိုက်ရရှိနေပြီ ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင်လည်း ပြည်နယ်အစိုးရ သီးသန့်ရန်ပုံငွေ၊ NGO, INGO အဖွဲ့ အကူအညီများဖြင့် ကျေးလက် စွမ်းအင်ဖွံ့ဖြိုးရေး ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဒီဇယ်ဓာတ်အားပေးစက်၊ ဆိုလာမီး၊ ဇီဝလောင်စာသုံးဓာတ်အားပေးစက်များဖြင့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာအတွက် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် လမ်းတံတားလုပ်ငန်းများအတွက် လမ်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဟားခါး-ဂန့်ဂေါလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း အပါအဝင် လုပ်ငန်း ၇ ခု နှင့် တံတားလုပ်ငန်း ၃ ခု၊ ပြည်နယ်ရန်ပုံငွေဖြင့် ဟားခါးမြို့ပတ်လမ်း အပါအဝင် လုပ်ငန်းပေါင်း ၃၄ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍမှ ဘဏ်လုပ်ငန်းအနေဖြင့် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်၊ ဟားခါးမြို့ရှိ သမဝါယမဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် ဖလမ်းမြို့ရှိ ကမ္ဘောဇဘဏ်လီမိတက်တို့မှ ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်- ၂၁ ဒီဂရီ ၃၅ မိနစ် မှ ၂၇ ဒီဂရီ ၂၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၀၀ မိနစ် မှ ၉၇ ဒီဂရီ ၀၈ မိနစ်၊ |
| အကျယ်အဝန်း | = | ၃၆,၁၇၈.၇၂ စတုရန်းမိုင် ၂၃,၁၅၄,၃၈၂ ဧက |
| လူဦးရေ | = | ဦးရေ- ၅,၄၉၁(ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်ရှိ လူဦးရေ) |
| မြို့တော် | = | မုံရွာမြို့ |
| ထူးခြားသည့် အမှတ်အသား | = | ကောင်းမှုတော်စေတီ |
| ခရိုင် | = | ၁၀ ခရိုင် |
| မြို့နယ် | = | ၃၇ မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ | = | နာဂဒေသ ၁ ခု |
| အဓိကစီးပွားရေးကဏ္ဍ | = | လယ်ယာကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့တောင်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ်၊ တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ မြောက်ဘက် တွင် အိန္ဒိယနိုင်ငံ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၈၂၁,၂၁၁.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၃) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၄) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)

စစ်ကိုင်းတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၇၁၆,၃၅၁.၀ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ **ပုံမှန်ဈေးနှုန်းများအရ** ၈.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၁၅)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(စစ်ကိုင်းတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ စွမ်းအင်ကဏ္ဍသည် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာမြေဖော်ထုတ်ပြီးစီးမှုအနေဖြင့် တမူးမြို့နယ် ဝိတုတ်ကျေးရွာ နှင့် ခန္တီးမြို့နယ် နာတိုက်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ဆည်ရေရရှိမှုအတွက် ဆည်၊ ကန်၊ တာတမံ ၄၄ ခုရှိပြီး အကျိုးပြုဧကမှာ ၆၉၇,၅၈၇ ဧက ရှိပါသည်။ တာတမံတောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်း ၇၀ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

ကုမ္ပဏီ ၂၂ ခု ဖြင့် ပုဂ္ဂလိကပိုင်အခန်းမှ ကြေးနီသတ္တုစင်၊ ဖယ်ရိုနီကယ်၊ ကျောက်မီးသွေး၊ မီးခံရွှံ့စေး၊ ထုံးကျောက်(အာရှဖြိုး)နှင့် အခြားကျောက်များ တိုးတက် ထုတ်လုပ်ခဲ့ပါသည်။ မီးခံရွှံ့စေးထုတ်လုပ်မှုမှာ စဉ့်ထည်ပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုသည့် မြေစေးများ ဖြစ်ပါသည်။

စဥ့်ထည်ပစ္စည်းများကို ပြည်ပထိ တင်ပို့ပေးနေ ရပါသည်။ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို နှင့် ကလေးစက်မှုဇုန် တို့အပါအဝင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနတွင် မှတ်ပုံတင်ထားသော စုစုပေါင်းလုပ်ငန်း ဦးရေ ၄,၈၅၈ ခုရှိပြီး၊ ယခင်နှစ်ကထက် ၃၁၆ ခု တိုးတက်ခဲ့ ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၆,၁၁၀ ရွာ ရှိသည့်အနက် အစိုးရဓာတ်အားစနစ်ဖြင့် ကျေးရွာ ၁,၆၄၆ ရွာ၊ ပြင်ပ ဓာတ်အားစနစ်ဖြင့် ကျေးရွာ ၃,၃၁၀ ရွာ၊ စုစုပေါင်းကျေးရွာ ၄,၉၅၆ ရွာကို မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြို့နယ် ၃၇ မြို့နယ်၊ မြို့နယ်ခွဲ ၈ ခုတွင် အော်တိုအိတ်ချိန်း စခန်း ၄၂ ခု၊ Mc Will စခန်းပေါင်း ၉ ခု နှင့် မိုဘိုင်း စခန်းပေါင်း ၉၆၁ စခန်း တည်ဆောက် ပေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်ခွဲ ၈၁ ခုဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။ ဆောင်းရာသီ ချေးငွေအတွက် မြို့နယ် ၃၄ မြို့နယ်၊ ကျေးရွာအုပ်စု ၅၃၈ မှ တောင်သူ ၈၆,၅၀၆ဦးတို့အား ချေးငွေ ကျပ် ၃၄,၃၅၂.၅၅ သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ ကျေးလက်ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းနက် ၄၃ တွင်း၊ လက်တူးတွင်း ၆ တွင်း၊ ရေကန် ၁၂ တွင်း၊ စိမ့်စမ်း ၆ တွင်းနှင့် လုပ်ငန်းပေါင်း ၆၇ ခုအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ခရီးသွားဇုန် ၆ ဇုန် ခရီးစဉ်အား ရိုက်ကူးထုတ်လွှင့်ခြင်း၊ ခရီးစဉ်လမ်းညွှန်ပြ ဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ သွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုတံခါးပေါက်နှစ်ခု ဖြစ်သည့် တမူး၊ ရိဒ်နယ်စပ် ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ခဲ့သဖြင့် နယ်စပ်ကုန်သွယ်မှုလမ်း များမှလည်း ကုန်သွယ်မှုပြုနိုင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး




| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ်- ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၅ ဒီဂရီ ၆၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ်- ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ်အတွင်း |
| အကျယ်အဝန်း | = ၁၆,၇၃၅.၅၆ စတုရန်းမိုင် ၁၀,၇၁၀,၇၅၇ ဧက |
| လူဦးရေ | = ဦးရေ- ၁,၄၆၀ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ ) |
| မြို့တော် | = ထားဝယ်မြို့ |
| ထူးခြားသည့် အမှတ်အသား | = ထားဝယ်အထူးစီးပွားရေးဇုန်၊ မောင်းမကန်ကမ်းခြေ |
| ခရိုင် | = ၃ ခရိုင်၊ |
| မြို့နယ်/ မြို့ | = ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ |
| ဆက်စပ်ဒေသ | = အရှေ့ဘက်နှင့်တောင်ဘက်တွင်ထိုင်းနိုင်ငံ၊အနောက်ဘက်တွင်ကပ္ပလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၆၄၇,၂၄၉.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)

တနင်္သာရီတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၈၇၇,၅၂၇.၂ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၆.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဇယားဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၁၈)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(တနင်္သာရီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် တနင်္သာရီတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများအရ** ၇.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်းနှေးကွေးခဲ့ပြီး သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးဖြင့် ထွန်ယက်ကေလွာများ ဆောင်ရွက်ပေးခြင်း၊ လက်တွန်းထွန်စက်တို့ကို လက်ငင်း / အရစ်ကျ စနစ်ဖြင့် ရောင်းချပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တိရစ္ဆာန် ကာကွယ်ကုသခြင်းလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာများတွင် အခြေခံ မွေးမြူရေးသင်တန်းများ ပို့ချပေးခြင်း၊ ငါးထုတ်လုပ်မှုတွင် ငါးဖမ်းလှေများမှ ငါးအထိအမိ ပိုမို ရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင် ထုံးကျောက်ထုတ်လုပ်မှုသည် ယခင်နှစ်ထက်

တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး၊ လူနေအိမ်များ၊ ကွန်ဒိုများဆောက်လုပ်ခြင်း၊ ဘုရားစေတီ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများ၊ ရေတွင်းရေကန်များ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ကျောက်ချောလမ်းများ ပြုပြင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဒေသထွက် မုန့်မျိုးစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ မုန့်ဟင်းခါး၊ ငါးအအေးခန်းလုပ်ငန်းများ၊ အခြားသော ရေထွက်ကုန်များ တိုးမြှင့် ထုတ်လုပ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပုဂ္ဂလိကလေကြောင်းလိုင်း ဖြစ်သော New Gen Airway နှင့် FMI လေကြောင်းလိုင်း (၂)လိုင်း မတ်လအတွင်းတွင် စတင်ပြေးဆွဲလာခြင်း၊ ရှင်ကိုးရှင်ဘုရား နှင့် မောင်းမကန်ကမ်းခြေသို့ လာရောက်သည့် ခရီးသည် များပြားလာခြင်းကြောင့် တိုးတက်ခဲ့ပါသည်။ တယ်လီဖုန်းခေါ်ဆိုခ၊ တပ်ဆင်ခ(ဌားရမ်းခ)များ၊ Fax အမြန်ကြေးနန်းလုပ်ငန်း၊ စာပို့တံဆိပ်ခေါင်းရောင်းချခြင်း၊ အမြန်ချောပို့လုပ်ငန်း၊ ငွေပို့လွှာ လုပ်ငန်း(ရိုးရိုး/အမြန်ချော) တို့မှဝင်ငွေရရှိခြင်း၊ စာတိုက်လုပ်ငန်း၊ တယ်လီဖုန်းလုပ်ငန်း၊ ကြေးနန်းလုပ်ငန်းမှဝင်ငွေများ တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ထုတ်ချေးငွေများပြားလာ၍ အတိုးပိုမို ရရှိလာခြင်း၊ ပုဂ္ဂလိက ဘဏ်များအနေဖြင့် ချေးငွေတို့မှ အတိုးရငွေများပြားလာခြင်း၊ ငွေလွှဲခရငွေ တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ နယ်စပ်ဒေသများဖြစ်သော ထီးခီးနယ်စပ်၊ မော်တောင်နယ်စပ်နှင့် ကော့သောင်းနယ်စပ်တို့မှ ခရီးသွားများ လာရောက်ကြပါသည်။ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး မော်တောင်၊ ထီးခီး၊ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းများမှ ဝင်ငွေ တိုးတက်ရရှိနေခြင်း၊ လမ်းပန်းဆက်သွယ်ရေးကွန်ယက်များ ချောမွေ့လာခြင်းကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရခြင်း ဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် မှ ၁၈ ဒီဂရီ၂၀မိနစ်အတွင်း<br>အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁၅,၂၁၄.၁၃ စတုရန်းမိုင်<br>၉,၇၃၇,၀၄၃ ဧက |
| လူဦးရေ | = | ဦးရေ - ၄,၉၁၉(ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊<br>နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ပဲခူးမြို့ |
| ထူးခြားသည့် အမှတ် အသား | = | ကမ္ဘောဇသာဒီ နန်းတော်ရာ<br>မိုးယွန်းကြီးအင်း ဘောမဲ့တော<br>သရေခေတ္တရာပျူမြို့ဟောင်း |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာ၊ သားငါး၊ စက်မှုလက်မှု၊<br>ပို့ဆောင်ရေး ကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်-ကရင်ပြည်နယ်၊မွန်ပြည်နယ်<br>အနောက်ဘက်-ဧရာဝတီတိုင်းဒေသကြီး၊<br>မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်<br>တောင်ဘက်- ရန်ကုန်တိုင်းဒေသကြီး၊<br>ဧရာဝတီတိုင်းဒေသကြီး<br>မြောက်ဘက်-မကွေးတိုင်းဒေသကြီး၊<br>နေပြည်တော်ကောင်စီ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၅၁၅,၇၂၄.၅ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၁၉) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၀) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)

ပဲခူးတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၄၅၃,၄၁၄.၈ သန်းရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၉၉.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၂၁)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပဲခူးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ပဲခူးတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများအရ** ၆.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ဘောင်ပျိုးစနစ်စံပြကွက် ၇၄၈ ကေ၊ Drum Seeder စံပြကွက် ၁၃၀ ကေ၊ RS-CS မျိုးစေ့ထုတ် ၃၈၆ ကေ၊ စိုက်နည်းစနစ် စမ်းသပ်ကွက် ၅၁ ကေတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထည်ချုပ်စက်ရုံများမှ အထည်ထုတ်လုပ်မှုများ၊ Carlsberg ဘီယာစက်ရုံ၊ KM Health Care ခွဲစိတ်ခန်းတစ်ခါသုံးပစ္စည်း၊ HB ခဲတံစက်ရုံ၊ တိရစ္ဆာန်အစာစပ်ထုတ်လုပ်မှုလုပ်ငန်းနှင့် အင်းတကော် စက်မှုနယ်မြေ မော်တော်ယာဉ်တပ်ဆင် ထုတ်လုပ်မှုစက်ရုံမှ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

မြို့နယ်များရှိ ရပ်ကွက်များတွင် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ကျေးရွာများအထိ အိမ်သုံးမီတာများ တပ်ဆင်ပေးခြင်းတို့ကြောင့် ဓာတ်အားသုံးစွဲမှုများလာ၍ တိုးတက်ခဲ့ပါသည်။

သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တွင်းနက် ၄ တွင်း၊ တွင်းတိမ် ၅ တွင်း၊ မြေသားရေကန် ၄ ခု၊ စုစုပေါင်း ၁၃ ခု တို့အား ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ၏ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုများ တိုးတက်ခဲ့ပါသည်။ ဖုန်းခေါ်ဆိုခများလာခြင်းနှင့် အင်တာနက် သုံးစွဲမှု မြင့်မားလာပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဝင်ငွေများတိုးလာခြင်း၊ ငွေလွှဲလုပ်ငန်းမှ ဝင်ငွေများလာခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များမှ ချေးငွေရယူမှု များပြားလာပါသည်။ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဆွဲဆောင်မှုများနှင့် ရေမြေသဘာဝအနေအထား ကောင်းမွန်သော ဒေသတစ်ခုဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | အရှေ့လောင်ဂျီတွဒ် - ၉၃ဒီဂရီ၅၂မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ်အတွင်း<br>မြောက်လတ္တီတွဒ် - ၁၈ဒီဂရီ ၅၂မိနစ်နှင့် ၂၂ဒီဂရီ ၄၃ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ဧရိယာ ၁၇,၃၀၅.၃၂ (စတုရန်းမိုင်)<br>၁၁,၀၇၅,၄၀၅ (ဧက) |
| လူဦးရေ | = | ဦးရေ ၃,၉၄၂(ထောင်ပေါင်း)<br>(၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | မကွေးမြို့ |
| ထူးခြားသည့် အမှတ်အသား | = | မကွေးမြသလွန်မင်းဘူးရွှေစက်တော်ဘုရား |
| ခရိုင် | = | ၅ ခရိုင် |
| မြို့နယ် | = | ၂၅ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊<br>အနောက်ဘက်တွင်ချင်းပြည်နယ်၊<br>ရခိုင်ပြည်နယ်၊<br>မြောက်ဘက်တွင်စစ်ကိုင်းတိုင်းဒေသကြီး၊<br>တောင်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၈,၂၅၆,၄၈၂.၈ သန်း အကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၇.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၂) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၃) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

မကွေးတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၇,၄၄၇,၈၁၉.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၀.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၂၄)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် မကွေးတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများအရ** ၁.၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ သားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍနှင့် သစ်တောကဏ္ဍတို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍလျော့နည်းရခြင်းမှာ နှံစားသီးနှံများအနေဖြင့် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ အခြားနှံစားသီးနှံများ၊ ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၏ စိုက်ဧကများ လျော့နည်းခဲ့ပြီး ရိတ်သိမ်းဧကများလည်း လျော့နည်းခဲ့ပါသည်။ စိုက်ဧက လျော့နည်းရခြင်းမှာ မိုးဦးနောက်ကျသောကြောင့် မေလစတုတ္ထပတ်ရောက်မှသာ စတင်စိုက်ပျိုးနိုင်သဖြင့် မိုးလယ်သီးနှံများ မစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် စိုက်ဧရိယာလျော့နည်းခြင်း၊ သီးနှံများထိခိုက်ပျက်စီးခြင်းတို့ကြောင့် ဖြစ်ပါသည်။

သစ်တောကဏ္ဍ လျှော့နည်းရခြင်းမှာ ပုဂ္ဂလိကပိုင် သစ်ခေါက်၊ အင်တွဲ-ပွဲလျက်၊ သနပ်ခါး စသည့် သစ်တောထွက်ပစ္စည်းများ လျှော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ရေနံစိမ်းထွက်ရှိမှုများ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံပိုင်ဘဏ်များ၊ သမဝါယမဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ အနေဖြင့် အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများအား တိုးမြှင့် ထုတ်ချေးပေး နိုင်ခဲ့ပါသည်။

လမ်းဦးစီးဌာနမှ ကတ္တရာလမ်းသစ်ခင်းခြင်း ဝ/၄ မိုင်၊ ကတ္တရာလမ်းချဲ့ခြင်း ၁၉၈၂/၃.၅+ ၃၁ဝ မိုင်၊ ကျောက်ချောလမ်းခင်းခြင်း ၁၃၁/၃ မိုင်၊ အမာခံလမ်းခင်းခြင်း ၇၁/၅.၅ မိုင်၊ မြေသားတာဘောင် ချဲ့ခြင်းလုပ်ငန်း (၁/၇) မိုင် နှင့် ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်းလုပ်ငန်းများ ၂၄ စင်း၊ ၂ဝပေနှင့် ၅ဝ ပေ အထိ RCC တံတားတည်ဆောက်ခြင်း ၂၅ စင်း၊ ၅ဝ ပေ အထက် RCC တံတား တည်ဆောက်ခြင်း ၁၆ ‌စင်းနှင့် ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်း ၁ စင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် တိုင်းဒေသကြီး အတွင်း ကျေးလက်လမ်း ကွန်ကရစ်လမ်း ဝ/ဝ.၆ဝ မိုင်၊ ကတ္တရာလမ်း ၂/ဝ.၅၇ မိုင်၊ ကျောက်ချောလမ်း ၁၄/၆.၄ မိုင်၊ ဂဝဲလမ်း ၆၇/ဝ.၂၅ မိုင်နှင့် မြေလမ်း ၁၈၀/၂.ဝ စုစုပေါင်း ၂၆၄/၁.၂၂ မိုင်၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား ၂၃ စင်း၊ သစ်သား ၁ စင်း၊ ရေကျော် ၄ဝ စင်း၊ BOX Culvert ၇၄ စင်း၊ ဘေလီ ၁၉ စင်းနှင့် အခြား ၄ စင်း စုစုပေါင်း ၁၆၁ စင်း ဖြစ်ပြီး၊ တွင်းနက် ၅၄ တွင်း၊ တွင်းတိမ် ၁ တွင်း၊ လက်တူးတွင်း ၆ တွင်း၊ မြေသားရေကန် ၂၆ ကန်၊ စိမ့်စမ်း ၂ တွင်း၊ အခြား ၄၈ ခုတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ် ၃၈ လုံး၊ တည်းခိုရိပ်သာ ၁၁၉ လုံးဖြင့် ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ခြင်း၊ ပြည်ပခရီးသည် ဝင်ရောက်မှု လျှော့နည်းခဲ့သော်လည်း ပြည်တွင်းခရီးသွားများ ပိုမိုလာရောက်ခဲ့သည့်အပြင် ခရီးသည်များ သုံးစွဲသွား သည့် မြန်မာငွေ၊ နိုင်ငံခြားငွေ(ဒေါ်လာ)များ တိုးတက်ရရှိခဲ့ပြီး ဆက်စပ်နေသော အခြားဝန်ဆောင်မှု လုပ်ငန်းများ၏ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၉ ဒီဂရီ၃ဝမိနစ် နှင့် ၂၃ဒီဂရီ၄၅မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ်- ၉၄ ဒီဂရီ ၅ဝမိနစ် နှင့်၉၆ဒီဂရီ၅ဝမိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁၁၉၂၅.၉၅ - စတုရန်းမိုင် ၇၆၃,၂၆၁၂ - ဧက |
| လူဦးရေ | = | ၆,၁၈၉ထောင်ပေါင်း (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်လယ်လူဦးရေ) |
| မြို့တော် | = | မန္တလေး |
| ထူးခြားသည့် အမှတ်အသား | = | နန်းတော် ၊ ကျုံး |
| ခရိုင် | = | ၇ ခရိုင် |
| မြို့နယ် | = | ၂၈ မြို့နယ် |
| အဓိကစီးပွားရေး | = | လယ်ယာကဏ္ဍ၊စက်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်း |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်-ရှမ်းပြည်နယ်၊ တောင်ဘက်-နေပြည်တော်၊ အနောက်တောင်-မကွေးတိုင်းဒေသကြီး၊ အနောက်မြောက်နှင့်အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၇၅၉,၉၇၇.၇ သန်း အကောင်အထည်ဖော်ရန် နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၅) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၆) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

မန္တလေးတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉,၇၀၆,၆၁၄.၈ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၂၇)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် မန္တလေးတိုင်းဒေသကြီးသည် **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများတွင် တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး စွမ်းအင်ကဏ္ဍမှာ ယခင်နှစ်ထက် လျော့နည်း ခဲ့ပါသည်။

သစ်တောကဏ္ဍတွင် သစ်မာ ၈၇,၃၉၉ ကုဗတန် ထွက်ရှိခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့် သစ်မာတိုင်တို့တွင် ထုတ်လုပ်မှုမရှိသော်လည်း လေလံတင်ရောင်းချခြင်းနှင့် အခွန်တော်ငွေ ကောက်ခံ ရရှိခြင်းတို့ကြောင့် ယခင်နှစ်ထက် ပိုမိုတိုးတက်ရခြင်း ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်း၌ ဘိလပ်မြေနှင့် အခင်းကျောက်ပြား ထုတ်လုပ်မှု၊ သစ်မာထုတ်လုပ်မှု၊ မန္တလေးသဘောကျင်းဌာနခွဲမှ အသေးစား ပြင်ဆင်ခြင်းနှင့် အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများ၊ တပ်မတော်သားရေစက်ရုံမှ ကရုန်းသားရေနှင့် ဆိုးလ်သားရေထုတ်လုပ်မှု၊ တိုင်းရင်း

ဆေးဝါးလုပ်ငန်းမှ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုစသည်တို့ ပိုမိုထုတ်လုပ်လာနိုင်ခြင်းတို့ကြောင့် တိုးတက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် MPT မှ ကြိုးဖုန်းလိုင်းရေများ တိုးချဲ့ တပ်ဆင်ပေးနိုင်ခြင်း၊ Mobile Sim Card များ ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ MPT နှင့် ပုဂ္ဂလိကအော်ပရေတာများမှ တယ်လီဖုန်းခေါ်ဆိုသည့် ကြိမ်ရေ ပိုမိုများပြားလာခဲ့ခြင်း စသည်တို့ကြောင့် ပိုမို တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍတွင် နိုင်ငံပိုင်အခန်းအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝင်ငွေများတိုးတက်လာခြင်း၊ သမဝါယမပိုင်အခန်းအနေဖြင့် ငွေစုငွေချေးအသင်းနှင့် လယ်ယာချေးငွေတို့မှ ဝင်ငွေများ ပိုမို ရရှိလာခြင်း၊ ငွေလွှဲဝန်ဆောင်မှုမှ ဝင်ငွေ ပိုမိုရရှိခြင်း၊ ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကမ္ဘောဇဘဏ်ခွဲ ၁၁ ခု၊ ဧရာဝတီ ဘဏ်ခွဲ ၉ ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ၃ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ ၃ ခု၊ ရိုးမဘဏ်ခွဲ ၁ ခု၊ မြန်မာနိုင်ငံသားများဘဏ်ခွဲ ၁ ခု၊ ရတနာပုံဘဏ်ခွဲ ၁ ခု၊ အင်းဝဘဏ်ခွဲ ၁ ခု၊ ရွှေဖွံ့ဖြိုးမှုဘဏ် ၁ ခု၊ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၉ ခု၊ စုစုပေါင်း ဘဏ်ခွဲအသစ် ၄၀ ခု ထပ်မံဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ INGO ၃ ဖွဲ့၊ NGO ၃ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၁၃ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၃၃ ဖွဲ့၊ အစုစပ်လုပ်ငန်း ၁ ခုနှင့် အသေးစားငွေချေးလုပ်ငန်းများမှ PGMF၊ မြတ်ကျွန်းသာ၊ Alliance၊ ဖူလ်တန်မြန်မာတို့ အပါအဝင် ကုမ္ပဏီများမှ ငွေစုငွေချေးဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ပိုမိုတိုးတက်ခဲ့ပါသည်။

စွမ်းအင်ကဏ္ဍတွင် လျော့နည်းရခြင်းမှာ ရေနံစိမ်းထုတ်လုပ်မှု၌ ညောင်ဦးမြို့နယ် တက်မဒေသမှ ရေနံစိမ်း ပုံမှန်ထွက်ရှိလျက်ရှိသော်လည်း ကျောက်ပန်းတောင်းမြို့နယ် ငါးသျှန်တောင်ဒေသမှ ယခင်နှစ်ထက် ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

## မွန်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ်နှင့် ၁၇ဒီဂရီ၃၄မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ် |
| အကျယ်အဝန်း | = | ၄,၇၄၇.၇၆-စတုရန်းမိုင်ပေါင်း ၃,၀၃၈,၅၆၄- ဧက |
| လူဦးရေ | = | ဦးရေ - ၂,၀၁၂(ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မော်လမြိုင် |
| ထူးခြားသည့် အမှတ်အသား | = | ကျိုက်ထီးရိုး |
| ခရိုင် | = | ၂ ခရိုင် |
| မြို့နယ် | = | ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်တနင်္သာရီတိုင်း၊ မြောက်ဘက်တွင် ပဲခူးတိုင်း |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၅၉၃,၂၆၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ** အရ ၅.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၂၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

မွန်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၆၃၄,၅၄၇.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၅-၃၀)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် မွန်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၇.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။

သစ်တောကဏ္ဍတွင် ပုဂ္ဂလိကပိုင် ကျွန်းနှင့် သစ်မာထုတ်လုပ်မှုမှာ ယခင်ထက် ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ပုဂ္ဂလိကပိုင် လိပ်သည်းကျောက်၊ ကျိုက်မရော မြို့နယ်တွင် ထုံးကျောက်(စက်မှု)နှင့် ခနောက်စိမ်း၊ မုဒုံမြို့နယ်တွင် ရွှံ့စေးဖြူများ ထုတ်လုပ်ခြင်းနှင့် ပြည်နယ်အတွင်းရှိ သဲနှင့်ကျောက်စရစ်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင် လုပ်ငန်းများဖြစ်သော သောက်ရေသန့်လုပ်ငန်း၊ မော်လမြိုင် မြို့နယ်တွင် (JJY) မှိုခြောက်လုပ်ငန်း၊ အောင်မြင်သူ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လက်ရွေးစဉ်မုန့်လုပ်ငန်း၊ ရေးမြို့နယ်တွင် ရှိုင်းငါးခြောက်ကင်လုပ်ငန်းနှင့် ရတ်ဆာနစ်စတီးလ် အလှဆင်

လုပ်ငန်း၊ သထုံမြို့နယ်တွင် ထက်အောင်စတီးလ်အလှဆင်လုပ်ငန်း၊ မုဒုံ မြို့နယ်တွင် ရွှေမြင့်မိုလ်ထူး ကွန်ကရစ်တိုင်အကြီးစားလုပ်ငန်း၊ သံဖြူဇရပ်မြို့နယ်တွင် BaoHeng မြန်မာ Funiture အကြီးစား ရာဘာသစ်ခွဲသားလုပ်ငန်းတို့ တိုးတက်လာပါသည်။ မော်လမြိုင် စက်မှုဇုန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း အုပ်စု ၇ မျိုး၊ လုပ်ငန်းအရေအတွက် ၅၁ ခုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ငွေကြေးဝန်ဆောင်မှုတွင် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲ ၄၄ ခု တို့၏ အတိုးရငွေများ၊ ငွေလွှဲခရငွေများ ပိုမိုခဲ့ခြင်းနှင့် Micro Finance ၁၈ ခုတို့မှ အဖွဲ့ခွဲများမှ နယ်မြေတိုးချဲ့၍ အသင်းအသစ်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ အသင်းသားများ တိုးလာခြင်းတို့ကြောင့် အသင်းဝင်ကြေး ပိုမိုရရှိလာခြင်း၊ အသင်းမှ ပို၍ ငွေထုတ်ချေးပေးနိုင်ခြင်းတို့ကြောင့် ယခင်နှစ်ထက် တိုးတက်မှု ရှိကြောင်း တွေ့ရှိရပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍတွင် စားသောက်ဆိုင်လုပ်ငန်း၊ အလှပြင်လုပ်ငန်း၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတို့အပြင် ဟိုတယ် ၅၆ လုံး ၊ တည်းခိုခန်း ၁၃၅ ခု တို့ဖြင့် ခရီးသွားများအား ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍတွင် မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင်တစ်ခု၊ ရတနာထွန်းပွဲရုံနယ်မြေတွင် ပွဲရုံ ၇၆ ခုတို့ဖြင့် မြို့နယ်အသီးသီးမှ ထွက်ရှိသော ကုန်ပစ္စည်းများကို ရောင်းဝယ်ဖြန့်ဖြူးခြင်း လုပ်ငန်းများ၊ သစ်သီးဝလံ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ခရမ့်ရာဘာနှင့် ရေထွက်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ပြီး နိုင်ငံခြားသို့တင်ပို့ ရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက် လျက် ရှိပါသည်။

# ရခိုင်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀မိနစ် မှ ၁၂ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၁၀မိနစ်မှ ၉၃ ဒီဂရီ ၅၀ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁၄,၂၀၀.၀၈ စတုရန်း မိုင် ဧက ၉,၀၈၈,၀၅၃ |
| လူဦးရေ | = | ဦးရေ ၃,၃၀၀(ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | စစ်တွေ |
| ထူးခြားသည့် အမှတ်အသား | = | View Point စစ်တွေ၊ ပေလီ(ကမ်းခြေ)သံတွဲ |
| ခရိုင် | = | ၅ ခရိုင် |
| မြို့နယ် | = | ၁၇ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍာ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊တောင်ဘက်တွင်ဧရာဝတီတိုင်းဒေသကြီးနှင့်ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချင်းပြည်နယ် |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၉၈၇,၃၇၀.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်း**များအရ ကျပ် ၃,၉၃၅,၅၉၂.၈သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း**များအရ ၃.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၅-၃၃)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ရခိုင်ပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၃.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ လယ်ယာကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ တို့တွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် မိုးရာမှန်တိုင်း တိုက်ခတ်မှုကြောင့် သီးနှံရိတ်ဧကများအပေါ် အထွက်နှုန်း လျော့နည်းခဲ့ပါသည်။ လက်ယက်တွင်းများမှ ရေနံစိမ်း အမေရိကန်စည်ပေါင်း ၈၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ကမ်းလွန်သဘာဝဓာတ်ငွေ့ပို့သည့် ပိုက်လိုင်း ပြတ်တောက်ခဲ့သဖြင့် ပြုပြင်နေရခြင်းနှင့် ပြည်တွင်းပြည်ပမှ ဝယ်ယူမှုအပေါ်မူတည်၍ ထုတ်လုပ်ခြင်းကြောင့် စွမ်းအင်ကဏ္ဍ လျော့နည်းရခြင်း ဖြစ်ပါသည်။

ထင်း၊ မီးသွေး၊ ဝါးနှင့်ခနိသက္ကယ်ထုတ်လုပ်မှုများ လျော့နည်းခဲ့သော်လည်း သစ်မာထုတ်လုပ်မှု ပိုလာခြင်းကြောင့် သစ်တောကဏ္ဍတိုးတက်ခဲ့ပြီး သစ်တောထွက်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုမှာ

ကျပ် ၂၈၅.၆ သန်း ရရှိခဲ့ပါသည်။ ကျောက်စရစ်၊ သဲ၊ လမ်းခင်းကျောက်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် အကြီးစားနှင့် အသေးစားရေယာဉ် ပြင်ဆင်ခြင်းလုပ်ငန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ လျှပ်စစ်ကဏ္ဍတွင် ၁၁/၀.၄ KV ထရန်စဖော်မာ လုံးရေ ၁၉၀ ကျော် တည်ဆောက်ပေးနိုင်ခဲ့ပြီး မြို့ ၂ မြို့နှင့် ကျေးရွာ ၁၀၀ ခန့် မီးထပ်မံရရှိလာသဖြင့် သုံးစွဲမှု ပိုမိုခဲ့ပါသည်။ မတ်လကုန်အထိ မြို့ ၂၆ မြို့နှင့် ကျေးရွာ ၁,၈၄၄ ရွာ မီးရရှိပြီး ဖြစ်ပါသည်။

မောင်တောဒေသတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသည့် မေယုတောင်ကျော်လမ်းများနှင့် စစ်တွေ-ရေချမ်းပြင်-အငူမော်-မောင်တော လမ်း၊ အိမ်ရာသစ်စီမံကိန်းများ၊ ကညင်ချောင်းစီးပွားရေးဇုန်၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘာသာရေး အဆောက်အဦများကိုလည်း တည်ဆောက်ပေးလျက် ရှိပါသည်။ ပုဂ္ဂလိကအနေဖြင့်လည်း စစ်တွေမြို့တွင် အိန္ဒိယအစိုးရအကူအညီဖြင့် ရေနက်ဆိပ်ကမ်းတည်ဆောက်နေခြင်း၊ ဟိုတယ်လုပ်ငန်းများ တိုးချဲ့ ပြုပြင်ခြင်း၊ သာသနာရေးအဆောက်အဦများ၊ လူနေအိမ်များတည်ဆောက်ပြုပြင်ခြင်း၊ ဒုက္ခသည်စခန်း များတွင် လိုအပ်သော အဆောက်အဦများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဘဏ်လုပ်ငန်းများ၊ ချေးငွေလုပ်ငန်းများ၊ ပုဂ္ဂလိက အသေးစားငွေချေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဝင်ငွေပိုမို တိုးတက်လာခဲ့ပါသည်။ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံတွဲမြို့နယ်နှင့် မြောက်ဦးမြို့နယ်တွင် ဟိုတယ်များ အဆင့်မြှင့်တင်ခြင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ၊ ဧည့်လမ်းညွှန်သင်တန်းများ၊ ခရီးသွား ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ စစ်တွေနှင့် မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်း အနေဖြင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန်အဖြစ် ဇီးသီးခြောက်၊ ဇီးဖတ်၊ မန်ကျီးစေ့၊ ငါးကုန်းညှိ ခြောက်၊ မွေးမြူရေးငါး၊ ဇီးယိုထုတ်နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့နိုင်ခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၆ဒီဂရီ၁၅ မိနစ်မှ ၁၇ ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၄၂ မိနစ်မှ ၉၆ဒီဂရီ၄၆ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၃,၉၆၇.၈၆(စတုရန်းမိုင်) |
| လူဦးရေ | = | ဦးရေ၇,၉၃၆ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ရန်ကုန်မြို့ |
| ထူးခြားသည့် အမှတ်အသား | = | ရွှေတိဂုံဘုရား |
| ခရိုင် | = | ၄ ခရိုင် |
| မြို့နယ် | = | ၄၅ မြို့နယ်၊ |
| အဓိကစီးပွားရေးကဏ္ဍ | = | စက်မှုလက်မှုကဏ္ဍ၊ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်နှင့်မြောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၂,၄၀၀,၉၆၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂၂,၃၂၄,၁၂၈.၇သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၉.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

## ပုံ (၅-၃၆)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ရန်ကုန်တိုင်းဒေသကြီးသည် ပုံမှန်**ဈေးနှုန်းများအရ ၉.၃ ရာခိုင်နှုန်း** တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ် ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မား ခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် မိုးစပါးချေးငွေကျပ် ၁၃၀,၃၃၀.၂ သန်းနှင့် ဆောင်းသီးနှံ ချေးငွေကျပ် ၃၃,၉၈၃.၄၅ သန်းထုတ်ချေးနိုင်ခဲ့ပါသည်။ စက်မှုကဏ္ဍတွင် အကြီးစား ၃,၀၃၀ ခု၊ အလတ်စား ၂,၁၈၄ ခု၊ အသေးစား ၁,၆၇၈ ခု နှင့် လုပ်ငန်း စုစုပေါင်း ၆,၈၉၂ ခု မှတ်ပုံတင် နိုင်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် စက်ရုံ ၃၆ ရုံမှ အလုပ်သမားဦးရေ ၅,၀၀၀ ကျော် ခန့်ထားပြီး ထုတ်လုပ်မှုများ စတင်နေပြီဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီ ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါတွင် နေထိုင်ရေး စိတ်အေးစေရန်အတွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ၁၈၃.၅၃ ဧကပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ၃နှစ်အတွင်း

အကောင်အထည်ဖော် ဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာကို ပန္နက်တင် အခမ်းအနားပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းတွင် အခန်းပေါင်း ၄,၀၀၀ နီးပါး ပါဝင်သည့် ၁၂ ခန်းတွဲ ၆ ထပ်၊ ၈ ခန်းတွဲ ၆ ထပ်၊ ၄ ခန်းတွဲ ၆ ထပ် အဆောက်အအုံများနှင့် ဈေးဆိုင်ခန်းများ၊ ရုံးခန်းများ၊ ကျောင်းများ ပါဝင်မည် ဖြစ်ပါသည်။ ပို့ဆောင်ရေးကဏ္ဍတွင် ယာဉ်လိုင်းပေါင်း ၉၀ ကျော်၊ ယာဉ်စီးရေ ၅,၀၀၀ ကျော်တို့ဖြင့် ပို့ဆောင်ပေးလျက် ရှိပါသည်။

ခရီးသွားလုပ်ငန်းအနေဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၁.၄ သန်းကျော် ဝင်ရောက်ခဲ့ပါသည်။ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက် ရောင်းဝယ်မှု တိုးတက်လာရေးအတွက် လက်ကားကုန်စည်ဒိုင်များ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။ မြို့နယ် ၁၂ မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သန်း ၃၀ နှုန်းဖြင့် ကျေးရွာ ၂၇၂ ရွာအနက် ၂၆၅ ရွာအတွက် ကျပ် ၇,၉၅၀ သန်း နှင့် မြို့နယ် ၇ မြို့နယ်ရှိ ကျေးရွာပေါင်း ၈၀ တွင် တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

## ရှမ်းပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် မှ ၂၄ ဒီဂရီ ၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်မှ ၁၀၁ ဒီဂရီ ၁၃ မိနစ် |
| အကျယ်အဝန်း | = | ၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက |
| လူဦးရေ | = | ဦးရေ ၆,၁၈၉ ထောင်ပေါင်း (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | တောင်ကြီးမြို့ |
| ထူးခြားသည့် အမှတ်အသား | = | အင်းလေးကန် |
| ခရိုင် | = | ၁၃ ခရိုင် |
| မြို့နယ် | = | ၅၅ မြို့နယ် |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | = | ‘ဝ’ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | = | ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊ |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင်ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ **စီမံကိန်းတွင်** ရှမ်းပြည်နယ်၏ **စုစုပေါင်းထုတ်လုပ်မှုနှင့်** ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၅,၄၂၂,၁၁၀.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၃၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၃၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

ရှမ်းပြည်နယ်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၃၁၉,၉၄၃.၈သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၅-၃၉)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

### သုံးသပ်ချက်

၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ရှမ်းပြည်နယ်သည် **ပုံမှန်ဈေးနှုန်းများ** အရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ဆောက်လုပ်မှုကဏ္ဍမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပါသည်။

မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ ရာသီအလိုက်သီးနှံထုတ်လုပ်မှုဈေးငွေ ထုတ်ချေးခြင်းတို့ကို ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်တွင် မွေးမြူရေးဇုံ(၁) တည်ထောင်ထားနိုင်ပြီး တစ်ရက်လျှင် ကြက်ဥ ၂ သိန်းခန့် ထွက်ရှိကာ ရန်ကုန်မြို့၊ ကျောက်ပန်းတောင်းမြို့၊ ကျိုင်းတုံမြို့များသို့ အများဆုံး တင်ပို့နိုင်ခဲ့ပါသည်။ နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်တို့တွင် နို့စားနွားများတိုးချဲ့မွေးမြူနိုင်ခြင်း၊ အေဝမ်း(မေထုန်မဲ့) သားစပ်လုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ သစ်တောပြုစုပျိုးထောင်ရေး ဆောင်ရွက်ရန်အတွက်

သစ်တောစိုက်ခင်းတည်ထောင်ခြင်း ၇၉၅ ဧက၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်း ၁,၁၆၀ ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ၁,၇၆၀ ဧက၊ စီးပွားရေးစိုက်ခင်း ၄၇၅ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၃,၆၂၁ ဧကနှင့် မီးကာကွယ်ခြင်း ၂,၇၆၅ ဧက တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဓာတ်အားစနစ်ဖြင့် မီးလင်းပြီး ကျေးရွာ ၁,၅၁၇ ရွာ ၊ အခြားနည်းလမ်းဖြင့် ၂,၄၈၆ ရွာ ၊ စုစုပေါင်း ၄,၀၀၃ ရွာကို မီးရရှိခဲ့ပြီး ဖြစ်ပါသည်။ ပုဂ္ဂလိကလေကြောင်းလိုင်းများအနေဖြင့် အဲပုဂံ၊ အဲကမ္ဘောဇ၊ အဲမန္တလေး၊ ရန်ကုန်အဲဝေး၊ အေးရှားဝင်း၊ မန်းရတနာပုံလေကြောင်းအသီးသီးမှ ဝန်ဆောင်မှုပေးနိုင်ခြင်းနှင့် ကျိုင်းလပ်မြို့နယ်ခွဲတွင် မဲခေါင်မြစ်ကူး မြန်မာ-လာအိုချစ်ကြည်ရေးတံတားတည်ဆောက်ပြီး၍ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ခရီးသည်နှင့် ကုန်တန်ချိန်များ တိုးတက်ခဲ့ပါသည်။ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကုမ္ပဏီများမှ အပြိုင်အဆိုင် အားကောင်းလာခြင်းတို့ကြောင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ကမ္ဘောဇဘဏ်ခွဲအသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော Mobile Banking စနစ်များ၊ Credit Card အသုံးပြုသောစနစ်များ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံပိုင်ဟိုတယ် ၄ ခု၊ ပုဂ္ဂလိကဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၂၁ ခု အထိရှိပြီး ပြည်တွင်းခရီးသွား ၄၆၅,၉၆၀ ဦး၊ ပြည်ပခရီးသွား ၃၃၉,၃၈၇ ဦးဝင်ရောက်ခဲ့ပါသည်။ ကုန်သွယ်ရေးကဏ္ဍတွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၄,၁၁၂.၂၉၅ သန်း၊ သွင်းကုန်ပမာဏအမေရိကန်ဒေါ်လာ ၁,၆၁၁.၅၈၅ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅,၇၂၃.၈၈၀ သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၃.၉၈၆ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၆၆.၂၂၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၀.၂၁၂ သန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၅.၂၁၀ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၆.၇၀၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁.၉၁၇ သန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

## ဧရာဝတီတိုင်းဒေသကြီး




| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ်မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = ၁၃,၅၂၅.၈၈ စတုရန်းမိုင် ၈,၆၅၆,၅၆၄ ဧက |
| လူဦးရေ | = ဦးရေ - ၆,၂၇၁ (ထောင်ပေါင်း) (၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = ပုသိမ် |
| ထူးခြားသည့် အမှတ်အသား | = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာ ကမ်းခြေ |
| ခရိုင် | = ၆ ခရိုင် |
| မြို့နယ် | = ၂၆ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း |
| ဆက်စပ်ဒေသများ | = အရှေ့- ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး<br>အနောက် - ဘင်္ဂလားပင်လယ်အော်<br>တောင် - ကပ္ပလီပင်လယ်<br>အနောက်မြောက် - ရခိုင်ပြည်နယ်<br>မြောက် - ပဲခူးတိုင်းဒေသကြီး |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၀,၀၃၀,၂၆၃.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

ဧရာဝတီတိုင်းဒေသကြီး၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၁၀၃,၁၅၆.၀ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၆.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၅-၄၂)

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ဧရာဝတီတိုင်းဒေသကြီးသည် ပုံမှန်ဈေးနှုန်းများအရ ၆.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများမှာ တိုးတက်မှုနှုန်း နှေးကွေးခဲ့ပြီး သစ်တောကဏ္ဍတွင် ယခင်နှစ်ထက် လျော့နည်းခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် မြစ်ရေကြီးမှု၊ ရေလွှမ်းမှုအန္တရာယ်များမှ ကာကွယ်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ တာတမံ ၂၁ ခု၊ ရေတံခါး ၁၅ ခု၊ ရေနုတ်မြောင်း ၁၄၆ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ မျိုးကောင်း၊ မျိုးသန့် စိုက်ပျိုး ထုတ်လုပ်မှုတွင် တောင်သူအစုအဖွဲ့ SGA မှ လျာထား ၂,၉၁၇ ဧကတွင် ၂,၈၈၅ ဧက၊ ဧရာပုသိမ်ကုမ္ပဏီမှ လျာထားဧက ၁၀၄.၅ တွင် စိုက်ပြီး ၁၀၄.၅ ဧကနှင့် အကျိုးတူ Contract Farming မှ လျာထား ၁,၁၄၃ ဧကတွင် စိုက်ပြီး ၁,၂၁၉.၅ ဧက ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

သားငါးကဏ္ဍတွင် တိရိစ္ဆာန်နှင့်တိရိစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုသည် ရာသီဥတုပြောင်းလဲမှု၊ ဒေသတွင်းသမရိုးကျ မွေးမြူရေးစနစ်များ ဆက်လက်လုပ်ကိုင်နေမှု၊ ရောဂါကာကွယ်

နှိမ်နှင်းမှု အသိပညာနည်းပါးမှု၊ အလုပ်အကိုင်ပြောင်းလဲ လုပ်ကိုင်လာမှုတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် ပုဂ္ဂလိကပို့ဆောင်မှုအနေဖြင့် မြန်အောင်-မကွေးလိုင်း၊ ဟင်္သာတ-နေပြည်တော်လိုင်းများ၊ ပုသိမ်-မော်လမြိုင်၊ မြန်အောင်-မြဝတီ၊ အိမ်မဲ-ရန်ကုန်လိုင်းများ တိုးချဲ့ပြေးဆွဲခြင်း၊ ပုသိမ်မြို့နယ်ရှိ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေနှင့် ငပုတောမြို့နယ်ရှိ ဂေါ်ရန်ဂျီကျွန်းများသို့ ခရီးသွား သယ်ယူပို့ဆောင်မှုများရှိသဖြင့် တိုးတက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် ပုဂ္ဂလိကပိုင်အနေဖြင့် ကုမ္ပဏီများမှ ဆက်သွယ်ရေးလိုင်းများ တိုးတက်ဆောက်လုပ်ပြီး ဆက်သွယ်ရေးကွန်ယက်ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သဖြင့် ပုဂ္ဂလိကပိုင်အခန်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်နှုန်းမြင့် အင်တာနက် အသုံးပြုနိုင်ရန်အတွက် 4G LTE စနစ်အား ပုသိမ်၊ ဟင်္သာတ၊ ငွေဆောင်၊ ချောင်းသာ မြို့များတွင် တပ်ဆင်ပြီးစီး၍အသုံးပြုနိုင်ပြီဖြစ်ပြီး 4G LTE စနစ်များကို ဆက်လက်တိုးချဲ့ တပ်ဆင်လျက် ရှိပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍတွင် ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းခရီးသည် ၃၅၅,၇၃၇ ဦး၊ ပြည်ပခရီးသည် ၆၇,၇၅၂ ဦး လာရောက်လည်ပတ်ပြီး ပြည်တွင်းခရီးသွားများသုံးစွဲသည့် ကျပ် ၆,၀၀၀.၉ သန်း ပြည်ပခရီးသွားများ သုံးစွဲသည့် ဒေါ်လာ ၃,၂၃၈,၅၈၀ ဖြစ်ပါသည်။ အပန်းဖြေ ဟိုတယ်ဇုန် ၂ ခု သတ်မှတ်ဆောင်ရွက်ထားရှိရာ အဆိုပါကမ်းခြေဒေသများကို အမှီပြု၍ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်



| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ်မှ ၂၀ ဒီဂရီ ၂၅ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၉၆ မိနစ်မှ ၉၆ ဒီဂရီ ၄၅ မိနစ်အတွင်း |
| အကျယ်အဝန်း | = | ၁,၇၄၃,၈၄၄ဧက၊ ၂,၇၂၄.၇၆ စတုရန်းမိုင် |
| လူဦးရေ | = | ဦးရေ - ၁,၂၃၈ (ထောင်ပေါင်း) (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နှစ်လယ်ရှိ လူဦးရေ) |
| မြို့တော် | = | နေပြည်တော် |
| ထူးခြားသည့် အမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ရေပန်းဥယျာဉ် |
| ခရိုင် | = | ၂ ခရိုင် |
| မြို့နယ် | = | ၈ မြို့နယ် |
| အဓိကစီးပွား | = | လယ်ယာ၊စက်မှုလက်မှု၊ ဝန်ဆောင်မှု |
| ဆက်စပ်သည့် ဒေသများ | = | မြောက်ဘက်တွင် –မန္တလေးတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် –ရှမ်းပြည်နယ်၊ တောင်ဘက်တွင် –ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အနောက်ဘက်တွင်–မကွေးတိုင်းဒေသကြီး |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၈၈၀,၀၅၀.၀ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၅-၄၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၅-၄၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ မတ်လကုန်အထိ(ယာယီ)တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၉၀၇,၃၉၃.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၁၀၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၅-၄၅)

### ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် မတ်လကုန်အထိ(ယာယီ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေ၊နေပြည်တော်)

**သုံးသပ်ချက်**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်လကုန်အထိ(ယာယီ)တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သည် **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တိုးတက်မှုနှုန်း မြင့်မားခဲ့ပါသည်။ ကျန်ကဏ္ဍများ၏ တိုးတက်မှုနှုန်းမှာ ပုံမှန်ဖြစ်ခဲ့ပါသည်။

လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရောင်းချမှုတွင် ၄၂ စီးရောင်းချနိုင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းတွင် ၇,၂၇၈ ဧက ဆောင်ရွက်နိုင်ခဲ့ပါသည်။ JICA (Japan International Cooperation Agency) Two Step Loan (TSL) ချေးငွေအစီအစဉ်ဖြင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများ ထုတ်ချေးခြင်းတွင် ကျပ် ၄၅၀.၉ သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။

သားငါးကဏ္ဍအနေဖြင့် အမှတ်(၁)ကံကြီးမွေးမြူရေးဇုန်၊ အမှတ်(၂)ရွှေမြို့မွေးမြူရေးဇုန်၊ အမှတ်(၃)ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်များ တည်ထောင်ထားရှိပြီး ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးလျက်ရှိရာ မြန်မာ့စီးပွားရေးဘဏ်မှ လုပ်ငန်းရှင် ၆ ဦးသို့ ကျပ်သိန်း ၈၈၀ ထုတ်ချေးခဲ့ပြီး ဖြစ်ပါသည်။

ကျေးရွာစုစုပေါင်း ၇၉၆ ရွာ ရှိသည့်အနက် မဟာဓာတ်အားလိုင်းနှင့် ကိုယ့်အားကိုယ်ကိုးစနစ်တို့ဖြင့် ကျေးရွာ စုစုပေါင်း၏ ၅၁.၃ ရာခိုင်နှုန်း မီးလင်းနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မီးလင်းရန်အတွက် ကျေးရွာ စုစုပေါင်း၏ ၄၈.၇ ရာခိုင်နှုန်း မီးလင်းရန် ကျန်ရှိနေပါသေးသည်။

ပို့ဆောင်ရေးကဏ္ဍတွင် မြို့တွင်းယာဉ်လိုင်း ၅ လိုင်းနှင့် နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)သည် နေပြည်တော်အခြေပြု အသင်း ၂၅ သင်းမှ ယာဉ်လိုင်း ၇၅ လိုင်း ယာဉ်လိုင်းစုစုပေါင်း ၈၀ လိုင်းမှ မော်တော်ယာဉ်များ ပြေးဆွဲခြင်းကြောင့် ခရီးသည် ဝင်ငွေ နှင့် ကုန်စည်များ ပို့ဆောင်ခြင်းမှ ဝင်ငွေများ ရရှိခဲ့ပါသည်။

နေပြည်တော်သံတမန်ဇုန်တွင် နိုင်ငံတော် ဧည့်ဂေဟာဟိုတယ် ၁၀ လုံး၊ ဟိုတယ်ဇုန်(၁)တွင် အဆင့်မြင့် ဟိုတယ် ၃၄ လုံး၊ ဟိုတယ်ဇုန် (၂) တွင် အဆင့်မြင့်ဟိုတယ် ၁၇ လုံး၊ ဟိုတယ်ဇုန် (၃)တွင် အဆင့်မြင့်ဟိုတယ် ၃ လုံး၊ ပျဉ်းမနားတွင် ဟိုတယ် ၁ လုံး စုစုပေါင်း ဟိုတယ် ၆၅ လုံး အခန်းပေါင်း ၅,၄၄၄ ခန်း ဖြင့် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။ နေပြည်တော်စည်ပင် သာယာရေးကော်မတီပိုင် ဧည့်ရိပ်သာတွင် အခန်းပေါင်း ၁,၃၁၂ ခန်းနှင့် ပုဂ္ဂလိကပိုင် တည်းခိုခန်း ၄၄ ခု အခန်းပေါင်း ၅၈၀ ခန်း ဖြင့် ဝန်ဆောင်မှု ပေးလျက် ရှိပါသည်။

ပျဉ်းမနားမြို့နယ်တွင် နေပြည်တော်စည်ပင်သာယာရေးဘဏ်နှင့် ကမ္ဘောဇဘဏ်၊ တပ်ကုန်းမြို့နယ်တွင် ရောဝတီဘဏ်နှင့် ယူနိုက်တက် အမရဘဏ်တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အဆိုပါ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများလည်း ဖွင့်လှစ်ပြီး ဖြစ်ပါသည်။ ဈေးဝယ်စင်တာများနှင့် အဓိကနေရာများတွင် အလိုအလျောက် ငွေထုတ်စက်များ တပ်ဆင်ခဲ့ပြီး ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်လျက် ရှိပါသည်။

## အခန်း(၆)

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများ

### ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍသည် အဓိကဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ အစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် "ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"ကို ဒုတိယသမ္မတ(၁)မှ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မှ ဒုတိယဥက္ကဋ္ဌ အပါအဝင် ပြည်ထောင်စုဝန်ကြီး ၁၁ ဦး၊ အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် တွဲဘက်အတွင်းရေးမှူးများအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ကို မဏ္ဍိုင်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဘောင်ပါအစီအစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မဏ္ဍိုင်အလိုက် အကောင်အထည်ဖော်မည့် လုပ်ငန်းကော်မတီ (၅)ရပ်ကိုလည်း ဖွဲ့စည်းခဲ့ပါသည် -

(က) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်း ကော်မတီ၊

(ခ) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊

(ဂ) ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊

(ဃ) စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည် ရေးဆွဲရေးလုပ်ငန်းကော်မတီ၊

(င) အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒုတိယ သမ္မတ(၁) ဦးဆောင်၍ ၂ လလျှင် (၁) ကြိမ် တွေ့ဆုံပြီး ကုန်သည်လုပ်ငန်းရှင်များမှ တင်ပြသည့် ကိစ္စရပ်များအား သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ Ease of Doing Business အဆင့်တက်လာရေး ဆက်လက် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များအား လုပ်ငန်းကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) အတွင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့ပြင် မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံ ဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ပြီး ကဏ္ဍအလိုက် ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ

၏ အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ) အတွင်း တွေ့ဆုံပွဲ (၁၁) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် စီးပွားရေးလုပ်ငန်းရှင်များမှ အကြံပြု တင်ပြချက်များအပေါ် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်မှ ကဏ္ဍအလိုက် စုစည်း၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ တာဝန်ခံဝန်ကြီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ပါသည်။ ပေးပို့လာသည့် အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ် / တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများနှင့် လုပ်ငန်းကော်မတီများသို့ ပေးပို့ခဲ့ပြီး အကြံပြုချက် (၁၆၅) ချက်အပေါ်တွင် ပြန်ကြားချက် (၁၆၅) ချက်ရရှိ၍ UMFCCI မှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍ၊ အသင်းအဖွဲ့များသို့ ပြန်ကြားခဲ့ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်း ကော်မတီနှင့် သက်ဆိုင်သည့် တင်ပြချက် စုစုပေါင်း ၁၀၈ ချက်အားလည်း ဖြေရှင်းဆောင်ရွက် ပေးခဲ့ပြီး ဖြစ်ပါသည်။

**ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့**

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် UMFCCI ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များမှ ပါဝင်ပြီး အတွင်းရေးမှူးအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် တွဲဘက်အတွင်းရေးမှူးများ အဖြစ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် နှင့် UMFCCI အထွေထွေ အတွင်းရေးမှူး တို့ ဖြစ်ပါသည်။

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်း တာဝန်များမှာ ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက်မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာ လုပ်ထုံး လုပ်နည်းများအတိုင်း လိုက်လျောညီထွေပြီး နိုင်ငံတော်ဖွံ့ဖြိုး တိုးတက် ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား တိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးတို့ကို အခြေခံလျက် ဆွေးနွေးညှိနှိုင်း ပြုစု တင်ပြရန်၊ ကုန်သွယ်ရေးမူဝါဒများကို ခေတ်နှင့်အညီ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အခက်အခဲ အတားအဆီးရှိနေသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့နိုင်ရေး တင်ပြ ဆောင်ရွက်ရန်၊ စီးပွားရေးလုပ်ငန်းများအား လုပ်သာကိုင်သာရှိသည့် ဝန်းကျင်ကောင်းဖြစ်ပေါ် စေရေးနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကဏ္ဍအလိုက် ချက်ချင်းဖြေရှင်း ဆောင်ရွက်နိုင်သည် များကို အထူးလုပ်ငန်းအဖွဲ့ အစီအစဉ်ဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်၊ အထူးလုပ်ငန်းအဖွဲ့ အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များကို စီးပွားရေးရာကော်မတီသို့ တင်ပြ၍

အခြားဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး (သို့) ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းရန်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှုလျင်မြန် ချောမွေ့စေ၍ စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်မည့် အခွင့်အရေးများ ဖြစ်ပေါ်စေရန်၊ WTO ၏ Trade Facilitation Agreement ကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့အနေဖြင့် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် အတွင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂) ကြိမ် ကျင်းပ၍ လုပ်ငန်းများ ညှိနှိုင်း ဆောင်ရွက်မှု ပြုလုပ်ခဲ့ပါသည်။

အထူးလုပ်ငန်းအဖွဲ့သည် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍမှ ကဏ္ဍအလိုက် ဖွဲ့စည်းထားသောအဖွဲ့များ Public Private Dialogue ကို အနည်းဆုံး (၂)ပတ် တစ်ကြိမ် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း၊ ချမှတ်သင့်သည့် မူဝါဒများချမှတ်ခြင်း၊ လွယ်ကူထိရောက်စွာ အကောင်အထည်ဖော်မည့် အစီအစဉ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားရန်ဖြစ်သဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့သည် Myanmar Pou Chen Co., Ltd. မှ Issue of KG Clearance Percentage ကိစ္စနှင့်ပတ်သက်၍ အခက်အခဲများအားလည်းကောင်း၊ Plastic Industry Company (Thailand)၏ ကုန်ပစ္စည်းအမှတ်တံဆိပ် ချိုးဖောက်ခံရခြင်းအတွက် အကူအညီတောင်းခံလာခြင်း ကိစ္စအားလည်းကောင်း Task Force အစည်းအဝေးတွင် တင်ပြ ဆောင်ရွက်ခဲ့ပါသည်။

**Doing Business Report အပေါ် ဆောင်ရွက်မှုအခြေအနေများ**

ကမ္ဘာ့ဘဏ်မှ နိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့် အခြေအနေအစီရင်ခံစာ (Doing Business Report) ပါမှတ်ကျောက်များတွင် မြန်မာနိုင်ငံအနေဖြင့် တိုးတက်မှုများရရှိစေပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း လွယ်ကူချောမွေ့ အဆင်ပြေစေရန် (Doing Business Report) အား ၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာ ပါ လုပ်ငန်းစဉ်များမှာ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေမှု အခြေအနေကို တိုင်းတာ၍ အဆင့်သတ်မှတ်ဖော်ပြခြင်းဖြစ်ရာ မြန်မာနိုင်ငံသည် စစ်တမ်းကောက်ယူခဲ့သည့် ၁၉၀ နိုင်ငံအနက် ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၇၀ ၌ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၇၁ သို့ ရောက်ရှိလာခဲ့ပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ Indicator များအရ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် Ease of Doing Business Ranking အဆင့်ပြောင်းလဲတိုးတက်မှုနှင့် ညွှန်းကိန်း တစ်ခုချင်းအလိုက် ပြောင်းလဲမှုရမှတ်များအား ဇယားဖြင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -

## ဇယား (၆-၁)

## ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ အကဲဖြတ်ချက်များအပေါ် မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများ

| စဉ် | အကြောင်းအရာ | DB 2017 | DB 2018 | Change in Rank | DB 2017 | DB 2018 | Change in DTF (% points) |
|---|---|---|---|---|---|---|---|
| | | Rank | Rank | | DTF(%) | DTF(%) | |
| | **ရုရပေါင်းအဆင့် Rank** | **170** | **171** | ↓ 1 | **43.91** | **44.21** | ↑ 0.30 |
| ၁ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း ( Starting a Business ) | 146 | 155 | ↓ 9 | 75.29 | 75.42 | ↑ 0.13 |
| ၂ | ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Constuction Permits) | 66 | 73 | ↓ 7 | 69.98 | 70.33 | ↑ 0.35 |
| ၃ | လျှပ်စစ်ဓါတ်အားရရှိနိုင်မှု (Getting Electricity) | 149 | 151 | ↓ 2 | 52.17 | 52.52 | ↑ 0.35 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ( Registering Property ) | 143 | 134 | ↑ 9 | 50.62 | 52.3 | ↑ 1.68 |
| ၅ | ချေးငွေရရှိနိုင်မှု ( Getting Credit) | 175 | 177 | ↓ 2 | 10.00 | 10.00 | — |
| ၆ | အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors ) | 179 | 183 | ↓ 4 | 25.00 | 25.00 | — |
| ၇ | အခွန်ပေးဆောင်မှု ( Paying Tax ) | 119 | 125 | ↓ 6 | 63.68 | 63.94 | ↑ 0.26 |
| ၈ | ပြည်ပကုန်သွယ်မှု ( Trading across Borders ) | 159 | 163 | ↓ 4 | 47.40 | 47.67 | ↑ 0.27 |
| ၉ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း ( Enforcing Contracts) | 188 | 188 | — | 24.53 | 24.53 | — |
| ၁၀ | လူမွဲခံယူခြင်းလုပ်ငန်းစဉ်ဖြေရှင်းဆောင်ရွက်ပေးနိုင်မှု (Resolving Insolvency) | 164 | 164 | — | 20.39 | 20.39 | — |

**source ; Doing Business 2018**

ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ)အတွင်း East of Doing Business Ranking တိုးတက်ရေးဆိုင်ရာ အစည်းအဝေးများ (၁၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မှ Doing Business ကျွမ်းကျင်ပညာရှင် Ms. Sagita Muco ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ သက်ဆိုင်ရာ ညွှန်းကိန်းများအလိုက် အထောက်

အကူပြုအဖွဲ့များနှင့် တွေ့ဆုံသည့် အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

**အမျိုးသားပို့ကုန် မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ**

အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ဆောင်ရွက်ခဲ့ပါသည်။ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်-

(က) ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ် အခြေပြု အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း စီမံချက်၏ စီမံကိန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး၊

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီ၏ အစည်းအဝေး၊

(ဂ) အမျိုးသားပို့ကုန် မဟာဗျူဟာရှိ ဦးစားပေးကဏ္ဍတွင် ထပ်မံထည့်သွင်း ဆောင်ရွက်သွားမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍဆိုင်ရာ ညှိနှိုင်း အစည်းအဝေး၊

(ဃ) ဆန်စပါးလုပ်ငန်းကဏ္ဍလုပ်ငန်းအဖွဲ့ အစည်းအဝေး၊

(င) အမျိုးသား ပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍများဖြစ်သော ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရေထွက်ကုန်ပစ္စည်းလုပ်ငန်းကဏ္ဍ၊ သစ်တောထွက် ပစ္စည်းကဏ္ဍများမှ လုပ်ငန်းအဖွဲ့ဝင်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ညှိနှိုင်းအစည်းအဝေး၊

(စ) ရော်ဘာလုပ်ငန်းကဏ္ဍ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော် ဘတ်ဂျက်ရရှိမှု အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက် သွားမည့် လုပ်ငန်းအစီအစဉ်များ နှင့် ပတ်သက်သည့်လုပ်ငန်းအဖွဲ့ အစည်းအဝေး၊

(ဆ) အမျိုးသားပို့ကုန်မဟာဗျူဟာတွင် အသစ်ထည့်သွင်းဆောင်ရွက်သွားမည့် လက်မှုအနုပညာ ပစ္စည်းကဏ္ဍ ပို့ကုန်မဟာဗျူဟာ ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေး၊

(ဇ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းအတွက် TcC များနှင့် အသေးစိတ်ညှိနှိုင်းအစည်းအဝေး၊

(ဈ) ဆီထွက်သီးနှံကဏ္ဍ Collector များအတွက် လက်စွဲစာအုပ် ပြုစုထုတ်ဝေရေးဆိုင်ရာ ပညာရှင်အဖွဲ့ တတိယအကြိမ်အစည်းအဝေး၊

(ည) ခရီးသွားလုပ်ငန်းကဏ္ဍ Netherland Trust Fund IV (NTF IV) စီမံကိန်းသစ် စီမံကိန်း ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းရေး အစည်းအဝေး၊

(ဋ) သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ရန် အကြို ညှိနှိုင်း အစည်းအဝေး၊

(ဌ) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းကြီးကြပ်မှု ကော်မတီ (PSC)၏ စတုတ္ထအကြိမ်အစည်းအဝေး၊

ကဏ္ဍအလိုက် လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို အောက်ပါအတိုင်း ကျင်းပ ပြုလုပ်ခဲ့ပါသည်-

(က) အစားအစာဘေးကင်းရေးအတွက် ဆောင်ရွက်ရန် လိုအပ်မည့်ကိစ္စရပ်များ အတွက် ဆွေးနွေးပွဲ၊

(ခ) သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြည်ပ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ Multi-Stakeholders အလုပ်ရုံ ဆွေးနွေးပွဲ၊

(ဂ) မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပို့ကုန် မဟာဗျူဟာ ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲ၊

(ဃ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်းရှိ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Hazard Analysis and Critical Control Points-HACCP) လက်မှတ်ရရှိရေး ဆိုင်ရာ ဆွေးနွေးပွဲ၊

(င) ဧယျာ ကုန်သွယ်မှုဇဟိုဌာန၊ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ၊

(စ) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုန်သွယ်မှုလျင်မြန် ချောမွေ့စေရေးသဘောတူညီချက် (WTO-TFA) အရ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆွေးနွေးပွဲ၊

(ဆ) သိုး၊ ဆိတ် ထုတ်လုပ်တင်ပို့မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊

(ဇ) Non-Equity Mode (NEMs) အလုပ်ရုံဆွေးနွေးပွဲ၊

(ဈ) မနောမြေ ကုန်သွယ်မှုဇဟိုဌာန၊ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲ၊

သင်တန်းများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည် -

(က) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ တန်ဘိုးကွင်းဆက် တစ်လျှောက် ပို့ကုန်ဝင်ငွေ တိုးမြင့် လာစေရန် အစားအစာ လုံခြုံစိတ်ချမှုရှိရေးနှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေး GAP၊ SPS၊ MRLs ဒုတိယအဆင့်သင်တန်းများ၊

(ခ) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရေး စီမံကိန်းရှိ အစားအစာ ဘေးကင်းရေး လက်မှတ် (HACCP) လက်မှတ်ရရှိရေးဆိုင်ရာ သင်တန်း၊

(ဂ) အွန်လိုင်းအသုံးပြု စီမံဆောင်ရွက်သည့်စနစ်ကို ရေရှည်တွင် စနစ်တကျ ဆောင်ရွက်နိုင်ရန် Strategic Implementation Management Tool (SIMT) သင်တန်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ e-Commerce စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း၊

(င) ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအတွင်း ထုပ်ပိုးခြင်း နည်းစနစ်များဆိုင်ရာသင်တန်း၊

(စ) တရုတ်နိုင်ငံဈေးကွက်သို့ လယ်ယာထွက်ကုန် (ဆန်၊သကြား) နှင့် ရေထွက်ကုန် ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေးအတွက် ပို့ကုန်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊

(ဆ) ဥရောပသမဂ္ဂနိုင်ငံများသို့ ပို့ကုန်ပိုမိုတင်ပို့နိုင်ရေးအတွက် Myanmar-EU Trade Help desk ၏ အဓိကဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာပံ့ပိုး ပေးနိုင်ရန် How to Export to EU လုပ်ငန်းစီမံချက်ရေးဆွဲခြင်း သင်တန်း၊

(ဇ) နိုင်ငံတကာကုန်စည်ပြပွဲများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်စေရေး သင်တန်း၊

(ဈ) ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းအရ တောင်သူ များအတွက် (SPS, GAP, MRLs) ရိတ်သိမ်းချိန်လွန်အပိုင်းဆိုင်ရာ စတုတ္ထ အကြိမ်သင်တန်း၊

ငါးလုပ်ငန်းကဏ္ဍ ပို့ကုန်မြှင့်တင်ရေး ပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် ဘယ်လ်ဂျီယန်နိုင်ငံ၊ Brussels မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် Seafood Expo Global တွင် မြန်မာ့ရေထွက်ကုန် ပစ္စည်းထုတ်ကုန်များ အကောင်းဆုံး ဈေးကွက်ရရှိနိုင်အောင် ကူညီဆောင်ရွက်ပေးသွားနိုင်ရန် ရည်ရွယ်၍ မြန်မာ့ရေထွက်ကုန်ပစ္စည်းကဏ္ဍရှိ EU Approved ဖြစ်သည့်ကုမ္ပဏီများ၏ profiles ကို booklet အဖြစ် ထုတ်ဝေ၍ ပြပွဲလာရောက်သူများအား ဖြန့်ဝေခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသထွက်ကုန်များဈေးကွက် ရရှိနိုင်ရန် ဧရာဝတီကုန်သွယ်မှုဗဟိုဌာနနှင့် မနောမြေ ကုန်သွယ်မှု ဗဟိုဌာန ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲများကို ဗြိတိန်နိုင်ငံ UK-DFID လက်အောက်ရှိ Dana Facility ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးရရှိခဲ့သည့် ကဏ္ဍ အလိုက် ဆွေးနွေး ဖော်ထုတ်ချက်များ၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် Action Plan များကို ပြုစုလျက်ရှိပါသည်။

## အခန်း ( ၇ )

## ပြည်ပချေးငွေ၊ အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

### ပြည်ပချေးငွေ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ တာဝန်ယူ၍ နိုင်ငံတော်၏ လူမှု စီးပွား ဖွံ့ဖြိုးမှုအတွက် ပြည်ပချေးငွေများရရှိရေး ဖွံ့ဖြိုးမှုမိတ်ဖက်များ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီမံချက်အရေအတွက် ၁၅ ခု ဖြင့် အမေရိကန်ဒေါ်လာ(USD) ၇၃.၃၀၀ သန်း၊ ယူရို (EUR) ၁၀၃.၈၈၃ သန်း၊ စင်ကာပူဒေါ်လာ(SDR) ၃၄၆.၃၀၀ သန်း၊ ဂျပန်ယန်း(J¥) ၁၂၇၈၂၇.၀၀၀ သန်း ရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ချေးငွေနိုင်ငံများ၊ အဖွဲ့အစည်းများ နှင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆို နိုင်ခဲ့ပါသည်။

**ဇယား(၇-၁)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း**

**ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့်**

**ပြည်ပချေးငွေရရှိရန် စာချုပ်ချုပ်ဆိုဆောင်ရွက်မှုအခြေအနေ**

သန်းပေါင်း

| စဉ် | | စီမံကိန်း/ဝန်ကြီးဌာန | နိုင်ငံ/ အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေ စာချုပ်ပမာဏ |
|---|---|---|---|---|---|---|
| ၁ | | **ပြည်ထဲရေးဝန်ကြီးဌာန** | | | | |
| | ၁ | ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေး နှင့်ရှာဖွေ ကယ်ဆယ်ရေး ယာဉ်များ၊ မီးသတ်အထောက်အကူပြုယာဉ်များ စက်ကိရိယာများနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူရန် | Poland | EUR | ၁၁.၄.၂၀၁၇ | ၅၀.၀၀၀ |
| ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန** | | | | |
| | ၂ | ရေသွင်းစိုက်ပျိုးမှုဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း | AFD | EUR | ၂၅.၉.၂၀၁၇ | ၂၅.၀၀၀ |
| | ၃ | အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | IFAD | SDR | ၂၆.၃.၂၀၁၈ | ၄၀.၄၀၀ |

ဇယား(၇-၁) အဆက်

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့် ပြည်ပချေးငွေရရှိရန်စာချုပ်ချုပ်ဆိုဆောင်ရွက်မှုအခြေအနေ

သန်းပေါင်း

| စဉ် | | စီမံကိန်း/ဝန်ကြီးဌာန | နိုင်ငံ/ အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေ စာချုပ်ပမာဏ |
|---|---|---|---|---|---|---|
| ၃ | | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန** | | | | |
| | ၄ | စိုက်ပျိုးရေးဝင်ငွေကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း | JICA | J¥ | ၂၉.၃.၂၀၁၈ | ၁၀,၄၆၉.၀၀၀ |
| ၄ | | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန** | | | | |
| | ၅ | မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)တိုးတက်ကောင်းမွန်ရေး စီမံကိန်း | KfW | EUR | ၁၄.၆.၂၀၁၇ | ၅.၀၀၀ |
| | ၆ | တွံ့တေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း | KEDCF | USD | ၁၁.၉.၂၀၁၇ | ၆၁.၃၀၀ |
| | ၇ | ရန်ကုန်၊မန္တလေးရထားလမ်းအဆင့်မြှင့် တင်ရေး စီမံကိန်းအဆင့်-၂(အပိုင်း-၁) | JICA | J¥ | ၂၉.၃.၂၀၁၈ | ၅၆,၆၂၂.၀၀၀ |
| ၅ | | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | | | | |
| | ၈ | ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်း (MY-P22) | JICA | J¥ | ၂၅.၄.၂၀၁၇ | ၁၀,၇၈၇.၀၀၀ |
| | ၉ | ကျေးလက်ဒေသလျှပ်စစ်ဓာတ်အား ရရှိရေး အစီအစဉ်-၂ (ဓာတ်အားစနစ်တိုးချဲ့ခြင်း) | KfW | EUR | ၂၁.၉.၂၀၁၇ | ၂၃.၈၈၃ |
| ၆ | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | | | | |
| | ၁၀ | မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေး လုံခြုံမှုဆိုင်ရာစီမံချက် | ADB | USD | ၁၁.၄.၂၀၁၇ | ၁၂.၀၀၀ |
| ၇ | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** | | | | |
| | ၁၁ | Development Policy Operation (DPO) | IDA | SDR | ၁၈.၈.၂၀၁၇ | ၁၄၈.၇၀၀ |
| | ၁၂ | အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (အဆင့်-၂) | JICA | J¥ | ၂၉.၃.၂၀၁၈ | ၁၄,၉၆၉.၀၀၀ |
| | ၁၃ | အိမ်ယာဖွံ့ဖြိုးရေးစီမံကိန်း | JICA | J¥ | ၂၉.၃.၂၀၁၈ | ၁၅,၀၀၀.၀၀၀ |

ဇယား(၇-၁) အဆုံး

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း
## ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများနှင့်
## ပြည်ပချေးငွေရရှိရန်စာချုပ်ချုပ်ဆိုဆောင်ရွက်မှုအခြေအနေ

သန်းပေါင်း

| စဉ် | | စီမံကိန်း/ဝန်ကြီးဌာန | နိုင်ငံ/ အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေ စာချုပ်ပမာဏ |
|---|---|---|---|---|---|---|
| ၈ | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | | | | |
| | ၁၄ | မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း | IDA | SDR | ၁၁.၄.၂၀၁၇ | ၇၁.၇၀၀ |
| ၉ | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ** | | | | |
| | ၁၅ | အရှေ့တောင်အာရှ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာစီမံကိန်း | IDA | SDR | ၃.၁၀.၂၀၁၇ | ၈၅.၅၀၀ |
| | | **စုစုပေါင်း** | | USD<br>EUR<br>SDR<br>J¥ | | ၇၃.၃၀၀<br>၁၀၃.၈၈၃<br>၃၄၆.၃၀၀<br>၁၂၇,၈၂၇.၀၀၀ |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

## ပြည်ပအကူအညီ အထောက်အပံ့

နိုင်ငံတကာမှပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာ အကျိုးရှိစေရေးအတွက် မြန်မာနိုင်ငံနှင့်မိတ်ဖက်အဖွဲ့အစည်းများ အချင်းချင်းညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူ အညီရယူခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း၊ ထိရောက်စွာ အသုံးပြု ခြင်းနှင့် တာဝန်ခံခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ကို ၆-၁၀-၂၀၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုအကူ အညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit-DACU) ၏ အတွင်းရေးမှူးရုံးအဖြစ် တာဝန်ယူ၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပြည်ပငွေကြေးနှင့် နည်းပညာအကူအညီ၊ အထောက်အပံ့များရရှိရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အကူအညီ အထောက်အပံ့များအတွက် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ညှိနှိုင်းမှုများပြုလုပ်နိုင်ရန်နှင့် နိုင်ငံအချင်းချင်း (Bilateral)၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ (Multilateral) ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများအကြား ညှိနှိုင်းမှုများပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေးအစီအစဉ်များ၊ မဟာဗျူဟာများ နှင့် အကူအညီအရင်းအမြစ်များ သဟဇာတဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့နှင့် နည်းပညာစီမံချက်များရရှိရန် သဘောတူညီချက်မူဘောင် စာချုပ်များ၊ နားလည်မှုစာလွှာများ လက်မှတ်ရေးထိုးနိုင်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများမှ အဆိုပြုလိုသောစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလှူရှင် နိုင်ငံအဖွဲ့အစည်းများသို့ အဆိုပြုလွှာများ ပေးပို့နိုင်ခဲ့ပါသည်။

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာစီမံချက်များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စီမံချက်အရေအတွက် ၅၂ ခုဖြင့် အမေရိကန် ဒေါ်လာ ၈၀၄.၈၉ သန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်ဆောင်ရွက်ပေးခဲ့ပါ သည်။

**ဇယား(၇-၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း**

**ပြည်ပအကူအညီ အထောက်အပံ့ရရှိရန် ဆောင်ရွက်မှုအခြေအနေ**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ USD သန်း |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀ | ၅၃.၈၄ |
| ၂ | သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၃ | ၁၄.၃၃ |
| ၃ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၂ | နည်းပညာ |
| ၄ | စက်မှုဝန်ကြီးဌာန | ၂ | ၇.၉၉ |
| ၅ | ပညာရေးဝန်ကြီးဌာန | ၇ | ၄၀၄.၁၅ |
| ၆ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၄ | ၂၃.၁၂ |
| ၇ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၁၅ | ၂၀၂.၁၆ |
| ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၃ | ၁၁.၄၆ |
| ၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁ | ၂၅.၀၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁ | ၃၂.၈၀ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | ၄ | ၃၀.၀၄ |
| **စုစုပေါင်း** | | **၅၂** | **၈၀၄.၈၉** |

ပုံ(၇-၁)

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း

ပြည်ပအကူအညီအထောက်အပံ့ရရှိရန် ဆောင်ရွက်မှုအခြေအနေ




**နိုင်ငံ/ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့နှင့် နည်းပညာ အကူအညီရရှိမှု**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အပါအဝင်နိုင်ငံနှင့် အဖွဲ့အစည်းများအလိုက် ပြည်ပအကူအညီ အထောက်အပံ့ နှင့် နည်းပညာအကူအညီ ရရှိမှုများကိုဖော်ပြအပ်ပါသည်။

## ဇယား(၇-၃)
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း
## နိုင်ငံ နှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီအထောက်အပံ့

| စဉ် | နိုင်ငံ/အဖွဲ့အစည်း | စီမံချက် အရေအတွက် | ငွေပမာဏ (USD)သန်း |
|---|---|---|---|
| ၁ | ဂျပန် | ၁၆ | ၂၄၇.၁၉ |
| ၂ | အိန္ဒိယ | ၃ | ၃၅.၀၅ |
| ၃ | နယ်သာလန် | ၁ | ၃၂.၈၀ |
| ၄ | ဂျာမဏီ | ၄ | ၃၀.၇၃ |
| ၅ | သြစတြေးလျ | ၁ | ၂၀.၀၀ |
| ၆ | တရုတ် | ၄ | ၂၀.၀၇ |
| ၇ | ဒိန်းမတ် | ၂ | ၈.၆၈ |
| ၈ | ကိုရီးယား | ၅ | ၄.၃၈ |
| ၉ | နော်ဝေ | ၁ | ၃.၅၀ |
| ၁၀ | အီတလီ | ၂ | ၂.၅၀ |
| ၁၁ | ပြင်သစ် | ၁ | ၁.၄၀ |
| | | | |
| နိုင်ငံအချင်းချင်းစုစုပေါင်း | | ၄၀ | ၄၀၃.၃၀ |
| ၁၂ | (က) ကမ္ဘာ့ဘဏ် | ၃ | ၆၇.၅ |
| | (ခ) အပြည်ပြည်ဆိုင်ရာစိုက်ပျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေး ရန်ပုံငွေအဖွဲ့ | ၁ | ၁၁.၉၀ |
| | (ဂ) အာရှဖွံ့ဖြိုးရေးဘဏ် | ၅ | ၇.၁၈ |
| အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများစုစုပေါင်း | | ၉ | ၈၆.၅၈ |
| ၁၃ | UNODC | ၁ | နည်းပညာ |
| ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း(UN ) | | ၁ | နည်းပညာ |
| ၁၄ | (က) POSCO Daewoo | ၁ | နည်းပညာ |
| | (ခ) The Global Foundation | ၁ | ၃၁၅.၀၀ |
| အခြားစုစုပေါင်း | | ၂ | ၃၁၅.၀၀ |
| စုစုပေါင်း | | ၅၂ | ၈၀၄.၈၉ |

**ပုံ(၇-၂)**

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း**

**နိုင်ငံ နှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီအထောက်အပံ့**




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အပါအဝင် နိုင်ငံခြားအကူအညီ အထောက်အပံ့ ရရှိမှုများကို ကဏ္ဍအလိုက် ဖော်ပြအပ်ပါသည်-

**ပုံ(၇-၃)**

**ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှု**




ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ အထောက် အပံ့ရရှိမှုတွင် လူမှုစီးပွားကဏ္ဍမှ (ပညာရေး၊ လူမှုရေး၊ မီဒီယာ၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး) ၆၆ ရာခိုင်နှုန်း၊ အခြေခံအဆောက်အအုံကဏ္ဍမှ (ဆောက်လုပ်ရေး)၁၉ ရာခိုင်နှုန်း၊ သဘာဝသယံဇာတကဏ္ဍ မှ ၅ ရာခိုင်နှုန်း၊ သဘာဝဘေးအန္တရာယ်ကဏ္ဍ မှ ၄ ရာခိုင်နှုန်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍမှ ၄ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍမှ ၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေး မူဝါဒများနှင့်အညီ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှလည်း နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ နှင့်အညီ မိမိတို့၏မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ပညာရေးကဏ္ဍတွင် အခြေခံပညာသင် ဆရာ၊ ဆရာမများ ဖြည့်စွက်ခန့်ထားခြင်း၊ သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် ကျောင်းများ အဆင့်တိုးမြှင့်ခြင်း တို့ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးကဏ္ဍတွင်လည်း ရောဂါကာကွယ်နှိမ်နင်းခြင်း၊ ကျေးလက် ကျန်းမာရေးဌာနခွဲများ၊ တိုက်နယ်ဆေးရုံများ၊ တိုင်ရင်းဆေးရုံများ တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်များအပြင် ပါ ရဂူများ၊ သူနာပြုများ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပြည်တွင်း ပြည်ပရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ပိုမိုစိတ်ချယုံကြည်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အား ကြိုးပမ်းဆောင်ရွက်ခဲ့ ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပေါင်း ၂၈ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၀ ခုတွင် ရင်းနှီးမြှုပ်နှံ လုပ်ငန်းပေါင်း ၂၂၂ ခု အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၅,၇၁၈.၀၈၆ ကို ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့် ထုတ်ပေး ခဲ့ပါသည်။

နိုင်ငံတကာမှပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ပြည်သူများ ထိရောက်စွာ အကျိုးရှိစေရေးအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) အနေဖြင့် ကဏ္ဍဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့များကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက် ရှိသည့်အပြင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု အကူအညီများ ထိရောက်မှုရှိစေရေးအတွက် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ပြီးပြည့်စုံသော မူဝါဒ လမ်းညွှန် ချက်များနှင့် လုပ်ထုံး လုပ်နည်းများ ပါဝင်သည့် ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒ (DAP) ထုတ်ပြန်ပြီး စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြန်မာပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (မူကြမ်း) နှင့် Myanmar Sustainable Development Plan (မူကြမ်း) တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။

ပြည်တွင်းလိုအပ်ချက်အား ပြည်တွင်းမှာပင် ထုတ်လုပ်ခြင်းဖြင့် သွင်းကုန်ပမာဏ လျှော့ချနိုင်ရေး နှင့် ပြည်ပသို့ ပြည်တွင်းထွက်ကုန် တိုးမြှင့် တင်ပို့နိုင်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကုန်သွယ်ဖက် နိုင်ငံများ၏ ကုန်သွယ်ရေး မူဝါဒ အပြောင်းအလဲ များကြောင့် ပို့ကုန်အပေါ် သက်ရောက်

နိုင်မည့် အခြေအနေများကို လေ့လာ၍ ကုန်ကြမ်းသာမက တန်ဖိုးမြှင့်ထုတ်ကုန်များပါ ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄.၆၇၅ ဘီလီယံ တင်ပို့ခဲ့ပြီး၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈.၆၄၈ ဘီလီယံ တင်သွင်းခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃.၃၂၃ ဘီလီယံ ကုန်သွယ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ ပိုမိုဖြည့်ဆည်း ဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအား ထိရောက် အကျိုးရှိစွာ သုံးစွဲနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကာလ ကို ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ပါသည်။ ဘဏ္ဍာရေးနှစ် နှစ်ခုအကြား ကြားကာလဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လကို ပေါင်းကူးအဖြစ် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

စီးပွားရေးတိုးတက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပဝယ်လိုအား ပြောင်းလဲမှုကြောင့် သီးနှံအချို့ တင်ပို့မှု လျော့နည်းခဲ့သော်လည်း ပြည်ပသို့ ဆန်ပိုမို တင်ပို့ နိုင်ခဲ့၍ ပြည်ပကုန်သွယ်မှုပမာဏ မြင့်တက်ခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်း၊ အသေးစားနှင့်အလတ်စား ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိရေး ပံ့ပိုးကူညီမှုပေးခဲ့ခြင်း၊ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှု မြင့်တက်ခြင်းနှင့်အတူ ပြည်တွင်း ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာခြင်းတို့ကြောင့် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ၆.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို အလေးထား ဆောင်ရွက်ရင်း ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်းမှတစ်ဆင့် ဝင်ငွေတိုးမြင့်ရရှိစေရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။